
www.burmeseclassic.com



www.burmeseclassic.com






## အိပ်မက်ကုန်သည်၏ ထုတ်ဝေပြီးစာအုပ်များ

| | | |
|---|---|---|
| ၁။ | နေနော် | သင်နှင့်တကွအပေါင်းပါများသိသာရန် |
| ၂။ | နေနော် | ဖြောင့်ချက် (ကဗျာ) |
| ၃။ | နေရောင်ဝါ | နှုတ်မဆက်ကြေး |
| ၄။ | နေနော် | နာကျင်မိနစ် |
| ယခု | နေနော် | ချစ်သူကောက်ကြောင်း |

အထက်ပါစာအုပ်များကိုမှာကြားလိုပါက . . .
(DreamDealer) "အိပ်မက်ကုန်သည်"
ဖုန်း ၀၉ ၅၀၀၂၃၆၈ သို့ဖြစ်စေ. . .
(AMK) ဖုန်း ၀၉ ၅၀ ၉၈၀၃၆ သို့ဖြစ်စေမှာကြားနိုင်သည်။
စာရေးဆရာလက်မှတ်နှင့်အမှတ်တရဝယ်သိမ်းလိုသူများ*(စာရေး၍)*
မှာကြားပါရန်။



www.burmeseclassic.com

www.burmeseclassic.com



''အချစ်ဆိုတာ
လူတစ်ယောက်ရဲ့ လိုအပ်ချက်ကို
အနုပညာဆန်ဆန်
လှပစွာ
ဖြည့်ဆည်းပေးခြင်းဖြစ်တယ်''



BURMESE CLASSIC .com

# CHAPTER 1

## ကျွန်တော်နဲ့သူယောင်မယ်''

''မလှုပ်နဲ့နော်၊နည်းနည်းလေးလှုပ်လိုက်တာနဲ့ ယောဒီသေနတ်ထဲကကျည်ဆံတွေဟာမင်းဆီကိုအတားအဆီးမရှိ ပျံသန်းလာကြလိမ့်မယ်၊လက်နှစ်ဖက်ကို ဖြည်းဖြည်း ချင်း မြှောက်ပြီး ခေါင်းပေါ်တင်ထားစမ်း''

ခေါင်းစွပ်နဲ့မိုးကာအင်္ကျီပွပွကြီးဝတ်ဆင်ထားတဲ့ခြံထဲ ကျူးကျော်ဝင်ရောက်လာသူကကျွန်တော့်စကား အတိုင်း လက်နှစ်ဖက်မြှောက်ပြီး ခေါင်းပေါ်တင်လိုက်တယ်။

သူ့နီး(ဒါမှမဟုတ်)အလစ်သုတ်မယ့်ငနဲဟာ သေးသေး ညှက်ညှက်လေးမို့သေနတ်နဲ့မချိန်ဘဲဖမ်းရင်တောင်ရလောက် တယ် လို့ကျွန်တော်တွေးမိ သွားတယ်။

ဒါပေမယ့် သတိဆိုတာပိုတယ်မရှိဘူးမဟုတ်လား။ ပြီးတော့ ကျွန်တော်ဖတ်ရှုလေ့လာခဲ့တဲ့ စပိုင်ဝတ္ထုတွေရဲ့ အဆိုအရ တကယ်အလုပ်ဖြစ်တဲ့ အေးကျွံ့ငနဲတွေဟာ မလောက် လေးမလောက်စားအရွယ်လေးတွေ ဖြစ်နေတတ် ပါသတဲ့။

ဒီ့အပြင် သူ့ကိုယ်ပေါ်မှာ လက်နက်တစ်စုံတစ်ရာ မပါဘူးလို့လည်း မပြောနိုင်ဘူးလေ။

''ဟုတ်ပြီ၊ အခု တစ်ကနေ သုံးအထိ ရေမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ငါရောက်နေတုန်း မင်း ငါ့ဘက်ကို ဖြည်းဖြည်းချင်းလှည့်၊ စိတ်လိုက်မာန်ပါ လှုပ်ရှားဖို့တော့ စိတ်မကူးနဲ့နော်၊ ငါ့လက်ထဲမှာ သေနတ်ရှိတယ်၊ အဲဒီသေနတ်နဲ့ အသတ်ပေါင်း များစွာကို ခြွေခဲ့ပစ်ခဲ့ပြီးပြီ"

နောက်ဆုံးစကားကိုတော့ တစ်ဖက်သားကြောက်အောင် တမင်ပို ပြောလိုက်တာပါ။

"ကဲ...စရေမယ်၊ တစ်"

"နှစ်"

"သုံး"

ငနဲက ဖြည်းဖြည်းချင်းလှည့်လာတယ်။

လက်ကိုခေါင်းပေါ်တင်ပြီး မျက်နှာကို ခပ်ငိုက်ငိုက်လုပ်ထားတယ်။ ကျွန်တော့်ကို မျက်နှာချင်းမဆိုင်ရဲသလို ပုံမျိုးနဲ့ပါ။သိပ်ပြီးပါးနပ်သူမဟုတ်ရင်တော့ အမှန်တကယ် ကြောက်ရွံ့နေသူ ဖြစ်မှာပဲ။

ကျွန်တော့်ဘယ်လက်ထဲက ဓာတ်မီးကို ဖွင့်မလို့လုပ်ရတုန်းမှာပဲ ကြောင်လိုက်လို့ အသက်လုပြီးပြေးလာပုံရတဲ့ ကြွက်တစ်ကောင်ဟာ ကျွန်တော်တို့နှစ်ယောက်ကြားကဖြတ်ပြီး ငနဲရဲ့ခြေထောက်တွေကို တိုးတိုက်သွားတယ်။

**"အမယ်လေးတော့"**

သူခိုးငနဲဟာ ကြောက်အားလန့်အား ပစ်လဲကျသွားတယ်။လက်ထဲက ဓာတ်မီးနဲ့ ဖျတ်ခနဲလှမ်းထိုးလိုက်တော့ မိုးကာခေါင်းစွပ် အောက်မှာ တွေ့မြင်လိုက်ရတဲ့မျက်နှာက မိန်းမပျိုလေးတစ်ယောက်ရဲ့ ဖြူနုလှပတဲ့ မျက်နှာကလေးဖြစ်လေရဲ့။

"ဟင်...မိန်းကလေးပါလား"

"ဟုတ်ကဲ့"

"ဩော်...လက်စသတ်တော့ ဒီမြို့သူခိုးတွေက အမျိုးသမီးတွေ ကိုး"

ကျွန်တော်ဟာ လက်ထဲက သေနတ်မောင်းခလုတ်ကို ညှစ်ဆွဲလိုက်ရမလား။လဲပြိုရာကနေ ကုန်းရုန်းထနေတဲ့သူမဆီကိုလက်လှမ်းလိုက်ရမလား ဝေခွဲမရအောင်ဖြစ်နေမိတယ်။ဝိုင်းစက်တဲ့မျက်လုံးအစုံနဲ့ကျွန်တော့် ကို အထိတ်တလန့် မော့ကြည့်နေတဲ့ သူမက ခပ်တိုးတိုးပြောလာတယ်။

"ကျွန်တော်သူခိုးမဟုတ်ပါဘူး၊ မိကောင်းဖခင်သားသမီးပါ၊ တဆိတ်ထူပါဦးရှင်"





ကျွန်တော် လက်တစ်ဘက်ကမ်းပေးရင်း သူမကိုမေးလိုက်တယ်။

"အဲဆို မင်းဘာဖြစ်လို့ ခြံထဲကို ခိုးကြောင်ခိုးဝှက်ဝင်လာတာလဲ"

"ဒီခြံက အန်ကယ်ဦးမင်းညိုတို့ခြံမဟုတ်လား"

"ဟုတ်တယ်လေ အဲဒါ ငါ့ဘကြီးပဲ၊ ငါက ဘကြီးမရှိလို့ ခြံကို ခဏလာ စောင့်ပေးနေတာ။ ပြောပါဦး မင်းဘာလို့ဝင်လာတာလဲ"

"ကျွန်တော် အန်ကယ်ဦးမင်းညိုဆီမှာအိပ်မလို့"

"ဟင်"

တွဲထူနေတဲ့ သူမရဲ့လက်ကို ယောင်ပြီး ကျွန်တော်ပြန်လွှတ်ချလိုက်မိတယ်။

"အမေ့"

သူမ နောက်တစ်ကြိမ် ပြန်လဲကျသွားပါတယ်။

ကျွန်တော်သူခိုးမဟုတ်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com

## ၂

BURMESE CLASSIC .com

''ကျွန်တော်နဲ့ သူယောင်မယ်''လို့ ကြိုတင်အမည်ပေးထားတဲ့ ဒီဇာတ်ဝင်ခန်းရဲ့ တကယ့်နိဒါန်း အစစ်အမှန်ကတော့ ကျွန်တော့်ဘကြီးရဲ့ တယ်လီဖုန်းခေါ်သံနဲ့ စတင်လာတာပါ။

ရန်ကုန်မှာ အေးရာအေးကြောင်း စာတိုပေစလေးတွေ ရေးနေသူ ကျွန်တော့်ကိုကြည့်မရတဲ့ ဘကြီးက တမင်အလုပ်မရှုပ်ရှုပ်အောင် သူရှိရာ သံလျင်ကို လှမ်းခေါ်ပါတယ်။

''ငါ စနေ တနင်္ဂနွေ မြစ်ဝကျွန်းပေါ်ဘက် ငါးကန်တွေ သွားကြည့်ရ မယ်၊ မင်း သံလျင်ကိုလာပြီး အိမ်စောင့်ပေးစမ်းကွာ''

''အိမ်များ သော့ပိတ်ထားခဲ့ရင် ရသားပဲမဟုတ်လား ဘကြီးရဲ့''

''မင်းကြီးအေ''

''ဗျာ...ကြီးအေကြီးဆုံးတာ ကြာပြီမဟုတ်လား''

''ခက်တော့တာပဲ၊ ကြီးအေဆိုတာ ငါ မင်းကို ဆဲမလို့အစပျိုး တာကွ၊ အိမ်ကိုသော့ခတ်ပြီးထားလို့ရပေမယ့် ခွေးနှစ်ကောင်နဲ့ ကြောင်သုံး ကောင်ကို အစာကျွေးဖို့လိုတယ်၊ ငါ့ကိုလာကူပေးနေတဲ့ လှအေးကလည်း တောပြန်သွားတယ်၊ အဲဒီတော့ မင်း ဒီညပဲလာခဲ့၊ ငါ မနက်ပြန်သွားမယ်''

ပြောပြီးတာနဲ့ ဘကြီးက ဆောင့်ကြီးအောင့်ကြီးနဲ့ ဖုန်းချသွား ပါတယ်။

ကျွန်တော်လည်း လိုင်းပြတ်သွားတဲ့ တယ်လီဖုန်းထဲကို စောဒက တက်နေလည်း ထူးမှာမဟုတ်လို့ ဘကြီးရှိရာ သံလျင်ကို ထွက်လာခဲ့ရတယ်။

နှစ်ချို့သစ်ပင်ကြီးတွေ စိမ်းညိုနေတဲ့ ဘကြီးရဲ့ခြံကျယ်ကြီးထဲ





ကျွန်တော်ရောက်ပြီး နောက်တစ်နေ့မှာပဲ ကျွန်တော့်ဘကြီး ခရီးထွက်သွား တယ်။

နှစ်ထပ်တိုက်ကြီးတစ်လုံး ဂိုထောင်ထဲမှာရပ်ထားတဲ့ ရှေးတောင်း မာစီးဒီးကားတစ်စီးနဲ့ မီးခံသေတ္တာသော့ ကျွန်တော့် လက်ထဲအပ်သွားတာတော နည်းနည်းနောနော ယုံကြည်မှုမဟုတ်ဘူးလို့ပြောရမယ်။

ဇနီးဆုံးသွားပြီဖြစ်သလို သားထောက်သမီးခံလည်းမရှိတဲ့ ဘကြီးဟာ တောက်ရုံတန်ရုံလူကို ယုံကြည်တတ်သူမဟုတ်ပါဘူး။

အားကိုးစရာဆိုလို့ တူအရင်းဖြစ်သူ ကျွန်တော် တစ်ယောက်တည်း သာရှိပေမယ့် ကျွန်တော့်လည်း ယုံလှတာတော့ မဟုတ်ပေဘူး။

အခု အသက်ကြီးလာမှသာ ယုံကြည်ဖော်ရလာတာပါ။

မနက်စောစော ဘကြီးခရီးထွက်သွားတာနဲ့ ကျွန်တော် ဝတ္ထုတို တစ်ပုဒ်ကို စိမ်ပြေနပြေ ထိုင်ရေးနေလိုက်တယ်။

ကြောင်တွေက တညောင်ညောင် အစာလာတောင်းတော့ ပေါင်မုန့် အနည်းအကျဉ်း ချကျွေးလိုက်တယ်။ ကျွန်တော်ကိုယ်တိုင်လည်း (ထမင်းချက် ရမှာပျင်းလို့) အဲ့ဒီပေါင်မုန့်ပဲ ထိုင်စားပါတယ်။

ညမှောင်လာတော့မှ စာရေးရပ်ပြီး ဝရန်တာမှာ စိတ်အေးလက်အေး ထွက်ထိုင်ရင်း မှေးခနဲအိပ်ပျော်သွားတယ်။

ကျွန်တော်က အိပ်ပြီဆိုရင် တော်ရုံတန်ရုံ ခြင်ကိုက်လည်း မနိုးဘူး။ ဒါပေမယ့် ညဉ့်နက်လာချိန်မှာတော့ ကျွန်တော့်ကို လန့်နိုးစေတဲ့ ငိုသံတစ်ခုက ထွက်ပေါ်လာတယ်။

''အီး...ဟီး''

အသံဟာ သိပ်မဝေးလှတဲ့ နေရာတစ်နေရာကနေ ထွက်ပေါ် လာတယ်။

ကလေးငယ်တစ်ယောက်ရဲ့ ငိုသံမဟုတ်သလို လူကြီးသူမတွေရဲ့ ငိုသံမျိုးလည်းမဟုတ်ဘူး။ဒါဟာ အမျိုးသမီးတစ်ယောက်ရဲ့ ဆွဲဆွဲငင်ငင် ငိုနေသံပါ။

ငိုသံဟာ ခြံရဲ့ ဘယ်အရပ်ဆီလောက်က လွင့်မျောလာတယ် ဆိုတာ ကျွန်တော်မခန့်မှန်းနိုင်ခဲ့ဘူး။

တအောင့်ကြာတော့ ငိုသံတွေဟာ ပိုမိုကျယ်လောင်လာပြီး ရှုပ်ထွေးတဲ့ အခြေအနေတစ်ခုဆီ ဦးတည်တော့မယ့် အော်တစ်သံတွေကိုပါ ကြားလာရ တယ်။

''အီး...ဟီး၊ အမေရေကယ်ပါဦးတော့၊ ကျွန်မကိုသတ်တော့မယ်''

''ယောက်ျား ရှင်လွှန်မယ်နော်၊ လက်ထဲကတုတ်ကိုချလိုက်''



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာရဲ့ အရေးတကြီး အခြေအနေကိုရောက်နေမှန်း သိပေမယ့် ကျွန်တော့်အရပ်မဟုတ်တာမို့ ဘာလုပ်သင့်သလဲ အလွယ်တကူ မစဉ်းစား နိုင်ခဲ့ဘူး။

ခဏကြာတော့ အသံတွေဟာ မှိန်ဖျော့ပျောက်ကွယ်သွားတယ်။အေးချမ်းသွားပြီလို့ ယူဆနိုင်သလို ဆိုးဆိုးဝါးဝါး ဖြစ်ပျက်သွားခဲ့ပြီ လို့လည်း ထင်မြင်နိုင်ပါတယ်။

ကျွန်တော်ဟာ အသံတစ်ခုခု ထွက်ပေါ်လာနိုးနဲ့ နားစွင့်နေရင်း တအောင့်အကြာမှာ မြို့တိုးသံတစ်ခုကို သတိပြုမိလာတယ်။ တစ်စုံ တစ်ယောက်ဟာ ခြံစည်းရိုးကို တိုးဝင်နေပုံပါ။

အသံထွက်ရာကို သတိထားကြည့်လိုက်တော့ ခေါင်းစွပ်မိုးကာနဲ့ လူရိပ်သဏ္ဍာန်တစ်ခုဟာ ခြံထဲတိုးဝင်လာတာကို တွေ့ရတော့တာပဲ။

ဘကြီးက ယုံကြည်မှုအပြည့်နဲ့ ရှားရှားပါးပါး ခြံအပ်သွားတဲ့ ညမှာမှ သူခိုးအခိုးခံရတာမျိုးတော့ ကျွန်တော် အဖြစ်မခံနိုင်ဘူး။

ဒါနဲ့ သူခိုးဆင်းပမ်းဖို့ လက်နက်တစ်ခုခုကို ရှာလိုက်တော့ ကော်ကျည်ဆံထည့်ပစ်ရတဲ့ တရုတ်ပြည်ဖြစ် ကစားစရာသေနတ်ကို သွားတွေ့တယ်။

"ဘကြီးဟာ အတင့်ရဲလှတဲ့ ကြွက်တွေကို ဒီသေနတ်နဲ့ လှမ်းလှမ်း ပစ်တတ်တာ ကျွန်တော် မကြာခဏ တွေ့မြင်ဘူးပါရဲ့"

သေနတ်အစစ်မဟုတ်ပေမယ့် မျက်လုံးကိုမှန်အောင်ပစ်နိုင်ရင် တစ်ဘက်က ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားနိုင်တယ်မဟုတ်လား။ဒါနဲ့ပဲ လေးခွအစား ကော်သေနတ်ဆွဲပြီး ကျွန်တော် အိမ်ပေါ် ကဆင်းလာတာပါ။

ဒါပေမယ့် တော့တော့ဆိုင်ဆိုင် ဖမ်းဆီးမိချိန်မှာ သူခိုးက အမျိုးသမီး လေးဖြစ်နေတဲ့အပြင် ဘကြီးဆီလာအိပ်တာပါဆိုလို့ ကျွန်တော် ကြောင်သွားရတယ်။

"မင်း...ဘာပြောတာလဲ၊ ဦးဘကြီးက အသက်ခုနစ်ဆယ်ကျော်နေပြီ"

"အဲဒါဘာဖြစ်လဲ"

"ဘကြီးဆီလာအိပ်တယ်ဆိုတာ ဦးဘကြီးကို တမင်သိက္ခာ ချတာလား"

"အို...ဘာတွေလဲရှင့်၊ ကျွန်တော်က အိမ်နဲ့ပြဿနာဖြစ်တဲ့အခါ ဒီမှာလာပြီး ပုန်းအိပ်ရတာကိုပြောတာ 'ကျွန်တော့်ပထွေးက အရက်မူးရင် တမင်အပြစ်ရှာပြီး လိုက်ရိုက်တတ်လို့"

"ဟင်...ဒါဖြင့်"

"စောစောက ရိုက်မယ်ပုတ်မယ်လုပ်နေတာ ရှင်မကြားလိုက် မိဘူးလား"





ကျွန်တော် နည်းနည်းတော့ သဘောပေါက်စပြုလာတယ်။

ဒါပေမယ့် မယုံသေးလို့။

"မင်း သူခိုးမဟုတ်ဘူးဆိုတာ ငါဘယ်လိုသိနိုင်မှာလဲ"

"သူခိုးဆိုရင် အန်ကယ်ကြီးရဲ့ခွေးတွေက ကိုက်ပြီပေါ့၊ ရန်လုံ့တို့ တိုးပွားတို့က ကျွန်တော်နဲ့ ဘော်ဒါတွေဖြစ်နေတာ မတွေ့ဘူးလား"

သူမက ခွေးနာမည်တွေကို မှန်အောင်ပြောနိုင်တဲ့အပြင် ခွေး နှစ်ကောင်က သူမအနားမှာ အမြီးနန့်ပြနေကြတာမို့ ကျွန်တော် စိတ်အေးသွားတယ်။

"ကဲ ဒါဖြင့်လည်းလာ၊ ဘယ်နေရာမှာ မင်းအိပ်သင့်သလဲ ဆိုတာ တော့ အိမ်ထဲရောက်မှ ဆုံးဖြတ်ကြတာပေါ့"

"မလိုပါဘူး အပေါ်ထပ်လှေကားတောင့်ကအခန်းက ကျွန်တော် အိပ်နေကျအခန်းပဲ၊ ဒါနဲ့ ဗိုက်ဆာလိုက်တာ ဘာစားစရာရှိလဲဟင်"

"ပေါင်မုန့်ပဲရှိတယ်ကွ၊မင်းဘာသာဖျော်မယ်ဆိုရင်တော့ ကော်ဖီမစ် ထုပ်တွေလည်းရှိတယ်"

ငဲ့မက ကျေနပ်သွားပုံနဲ့ 'ရှီခနဲ' လေတစ်ချက်ချွန်ပါတယ်။

သူမကြည့်ရတာ ဒီအိမ်ဟာ သူမရဲ့ တအိမ်သောက်အိမ် ဖြစ်သလို မကြာခဏ 'ဝတေး' လာရှောင်နေကျနေရာလည်း ဖြစ်ပုံရတယ်။အိမ်ထဲရောက်တော့ သူမဘာသာ ကော်ဖီမစ်ဖျော်၊ ပေါင်မုန့်နဲ့ ပလုပ်ပလောင်းတို့စားရင်း သူမအကြောင်း ကျွန်တော့်ကိုပြောပြတယ်။

"ကျွန်တော့်နာမည်က ဗိုင်းယုယ၊ ဒါပေမယ့် ယုယဖို့နေနေသာသာ နိုင်သမတာဘဲခံနေရတယ်၊ အမေ့ယောကျ်ားကြီးက မူးလာရင် ပြဿနာရှာ ချင်တယ်၊ အချေမငံပြန်ပြောရင် ဟိုဟာဒီဟာနဲ့ ကောက်ပေါက်တယ်၊ ခုလည်း ကုတ်နဲ့လိုက်လို့ ထွက်ပြေးလာရတာလေ"

ကလေးဆန်ပြီး ပွင့်လင်းတဲ့ သူငယ်မလေးနဲ့ အချိန်တိုအတွင်းမှာပဲ ရင်းနှီး သွားတယ်။ပထွေးရဲ့တူဖြစ်သူတစ်တော့ အိမ်ကိုအလည်လာတိုင်း ရိသဲ့သဲ့ လုပ်တတ်တယ် လို့ သူမကဆိုပါတယ်။

"မင်း ကျောင်းမနေဘူးလား"

"အဝေးသင် ဒုတိယနှစ်လေ၊ အသက်နှစ်ဆယ့်တစ်ပြည့်ပြီးပြီ"

"ဒါနဲ့တောင် ရည်းစားမရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



''တစ်ခါကတော့ ကောင်လေးတစ်ယောက် စာလိုက်ပေးဖူးပါ တယ်၊ ဒီလောက် တချို့ချင်ကြော်ငြာကမ်းတာအောက်မေ့လို့ ဆွဲယူပြီး လွှင့်ပစ် တာ၊ အဲ့ဒီကောင်လေးလည်း တစ်ချီတည်း နောက်ဆုတ်သွားတော့တာပဲ၊ ဒါနဲ့ ဘာလို့မေးတာလဲဟင်''

''ဩော်...အိမ်မှာနေရတာ စိတ်ညစ်ရတဲ့အတူတူ ရည်းစားနောက် လိုက်ပြေးပါလားလို့ အကြံပေးမလို့ပါ''

''မရှိသေးလို့ပေါ့ဗျာ၊ နို့မို့ဆို ဘယ်ရလိမ့်မလဲ''

တကယ်တော့ သူငယ်မလေးက လှတပတနဲ့ ချစ်စရာလေးပါ။ ထိုက်တန်တဲ့ဖူးစာရှင် မတွေ့သေးတာလို့ ယူဆရပါတယ်။

ခဏနေတော့ ဝိုင်းယုယက အိပ်ချင်ပြီဆိုပြီး သူမအိပ်နေကျ အခန်းထဲဝင် တံခါးပိတ်သွားတယ်။ ကျွန်တော်ကတော့ ဝတ္ထုပြီးအောင်ဆက်ရေးရင်း မိုးလင်းခါနီးကျမှ မှေးခနဲအိပ်ပျော်သွားတယ်။



''ဒါနဲ့ ဗိုက်ဆာလိုက်တာ ဘာစားစရာရှိလဲဟင်''

# ၂

ကျွန်တော်အိပ်ရာကနိုးတော့ နေရောင်ဟာ ကြေးရတက် အပျိုမကြီး တစ်ယောက်လို ကွာန္တြေရနေပါပြီ။

ကျွန်တော် ညက စာထိုင်ရေးခဲ့တဲ့စားပွဲပေါ်မှာ ဆီနဲ့လှိမ့်ထားတဲ့ ထမင်းကြော်တစ်ပန်းကန်နဲ့ ကော်ဖီမစ်တစ်ခွက် တင်ထားတာ တွေ့ရတယ်။

ငနဲမလေးကိုတော့ အရိပ်အယောင်တောင် မမြင်ရတော့ပါဘူး။

သူမဟာ ထမင်းကြော်ပေးသွားတဲ့အပြင် ထမင်းအိုးတစ်လုံးလည်း ချက်ပေးသွားတာမို့ ကျွန်တော် ကျေးဇူးတင်ရပါသေးတယ်။

အဲ့ဒီညထပ်ရောက်လာဦးမလား မျှော်လင့်နေပေမယ့် သူယောင်မယ် မလေးကတော့ ရောက်မလာတော့ဘူး။ ငိုသံတွေ မကြားရတဲ့အပြင် တိုက်ပွဲ ခေါ်သံတွေလည်း တိတ်ဆိတ်နေတာမို့ သူမအိမ်နဲ့ ပြေလည်သွားပြီလို့ ယူဆ ရပါတယ်။

ဒီလိုနဲ့ နှစ်ရက်သုံးရက်ကြာတော့ ကျွန်တော့်ဘကြီး ပြန်ရောက် လာတယ်။

ဘကြီးက ရင်းနှီးမြုပ်နှံထားတဲ့ ငါးကန်တွေ အခြေအနေကောင်း ကြောင်းပြောရင်း သူ တကူးတကသယ်လာတဲ့ မြစ်ဝကျွန်းပေါ် ချက်အရက်နဲ့ ညနေခင်းကို အရသာခံပါတယ်။

''ဒါနဲ့...ဘကြီးဆီလာလာအိပ်နေတဲ့ ကောင်မလေးတစ်ယောက် ရှိတယ်မဟုတ်လား''

''ဟော့ကောင်...မင်းကိုများ ငါ့များ စွပ်စွပ်စွဲစွဲ၊ ဟော့...ဒီမယ် မင်းညီဆိုတဲ့ ကောင်ဟာ ..''

စိတ်တိုတတ်တဲ့ ဘကြီးမပေါက်ကွဲခင် ကျွန်တော် အမြန်ဝင်ပြော လိုက်တယ်။

''မဟုတ်ဘူးလေ ဘကြီးရဲ့၊ ကျွန်တော်က ဟို ဝိုင်းယုယ ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆောင်မလေးကိုပြောတာ"

ဒီတော့မှ ဘကြီး မျက်နှာပြောင်းသွားပြီး ကျွန်တော့်ကို စူးစမ်းသလိုကြည့်တယ်။

"ဘာလဲ...ဝိုင်း လာသွားသေးလို့လား"

"လာတယ်၊ ကျွန်တော်က သူ့ိုးမှတ်ပြီး ဆော်မိတော့မလို့ ဘကြီးရဲ့ကံသိပေလို့ပေါ့"

"အင်း...ကောင်မလေးခမျာ သနားစရာပါကွာ၊ ပထွေးက တယ်နှိပ်စက်တာကိုး၊ ဟိုက ရိုက်မယ်ပုတ်မယ်လုပ်တိုင်း ငါ့အိမ်မှာ လာလာပုန်းရ ရှာတယ်"

ကျွန်တော် ရုတ်တရက် အကြံရသွားပြီး ဘကြီးကို ပြောလိုက်တယ်။

"ဒါဖြင့် ဘကြီးမွေးစားထားလိုက်ပါလား၊ ဘကြီးလည်း ကူဖော်လောင်ဘက်ရတာပေါ့"

"မဖြစ်ဘူးကွ၊ သူ့ပထွေး အမူးသမားက တစ်ခါတစ်လေ ဒီမှာလာပုန်းတဲ့ကောင် ငါ့ကို ပြဿနာရှာချင်နေတာ၊ မွေးစားသမီးအဖြစ်သာ ခေါ်ထား ရင် နေ့တိုင်းလာရမ်းနေမှာသေချာတယ်"

ဘကြီးက ကျွန်တော့်အကြံကို ပယ်ချလိုက်ပေမယ့် အဲ့ဒီအကြံက တစ်ဆင့်အတွေးကွန့်မြူးပြီး တစ်စုံတစ်ရာ စဉ်းစားမိသွားဟန် တူပါတယ်။

လက်ကျန်သေရည်ခွက်ကို ဂွပ်ခနဲမော့ချလိုက်ပြီး ဝမ်းသာအားရ အသံနဲ့ လှမ်းပြောတယ်။

"ဟေ့ကောင်...နေနိုင်သူ၊ ဒီလိုလုပ်ပါလား၊ မင်းလည်း တစ်ယောက်တည်းသမားပဲ၊ ကောင်မလေးကို မင်းယူလိုက်၊ ငါ လက်ထပ်ပွဲလုပ်ပေးမယ် ဘယ်လိုလဲ"

ကျွန်တော် မျက်လုံးပြူးသွားတယ်။

မယ်သီလရင်အမူက ရွာမပတ်ဘဲ ကျွန်တော့်ဆီ တည့်တည့်ရောက်လာတာပါ။

"မဖြစ်ပါဘူး ဘကြီးရယ်၊ ကျွန်တော့်ဘာသာ အေးအေးနေပါရစေ၊ ပြည်ကအမေတို့ မိန်းမပေးစားတာတောင် ကျွန်တော် ဇွတ်ငြင်းလာခဲ့တာ"

ပြည်က ကျွန်တော့်မိဘတွေဟာ ဆီစက်ပိုင်ရှင် သူဌေးသမီး တစ်ယောက်အတင်းပေးစားတာကြောင့် ကျွန်တော် ရန်ကုန်ကို ထွက်လာ ခဲ့တာပါ။

ကျောက်မြောင်းက ဘကြီးပိုင်တဲ့ တိုက်ခန်းလေးမှာတက်နေပြီး





စာတိုပေစလေးတွေရေးရင်း ကျွန်တော် မွေ့ပျော်လာခဲ့တာ ကြာပါပြီ။

"အင်းလေ...မင်းက ဘုန်းကြီးဇာတာပါတဲ့ကောင်ဆိုတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ၊ ဟော့... ဒါပေမယ့် ကောင်မလေးက လှတပတလေးကွ နော်၊ မင်းစဉ်းစားဦး"

"နေပါစေ ဘကြီးရယ်၊ မစဉ်းစားတော့ပါဘူး"

"တောက်...ခက်တဲ့ကောင်ကွာ၊ ဟော့ ဒီမှာ နေနိုင်သူရဲ့ လူဆိုတာမျိုး ဟာ အဖော်နဲ့နေရတဲ့သတ္တဝါကွ၊ ရှေးတုန်းကဆိုရင်"

ထုံးစံအတိုင်း ဘကြီးက ကျမ်းကိုးကျမ်းကားတွေနဲ့ မိန့်ခွန်းခြွေပါတော့တယ်။ အရှိန်ကလေးနဲ့ဆိုတော့ ဘကြီးရဲ့မိန့်ခွန်းက တော်တော်နဲ့မပြီးတော့ဘူး။

ကျွန်တော့်မှာ မိုက်ထဲက တင့်ကင့်မြည်အောင် ဆာလှပြီဖြစ်ပေမယ့် ကိုယ့်ဘကြီးဆိုတော့လည်း သည်းခံပြီး နားထောင်ရတာပါပဲ။

ဒီလိုနဲ့ ကျွန်တော်တို့တူဝရီးနှစ်ယောက်ဟာ ညနေစာကို သန်းခေါင် နီးမှပဲ စားဖြစ်ပါတော့တယ်။

ဒါတောင် ဘကြီးက ညစာအစားနောက်ကျရတာဟာ သတိပေးမယ့် အိမ်ရှင်မ မရှိလို့ ဖြစ်ရတာဆိုပြီး တစ်ပြစ်တောက်တောက် ပြောနေသေးရဲ့။

ဘကြီးကြည့်ရတာ သူ့မှာ အိမ်ရှင်မမရှိတော့တာထက် ကျွန်တော့်မှာ မိန်းမမရှိသေးတာကို ပိုပြီး မချင့်မရဲဖြစ်နေပုံပါ။

ကျွန်တော်ဟာ ကလေးဆန်လှတဲ့ သူယောင်မယ်မလေးရဲ့ မျက်နှာကိုမြင်ယောင်ရင်း ပြုံးလိုက်မိပါသေးတယ်။

ဘယ်နှယ့် ကျွန်တော်သာ သူမနဲ့လက်ထပ်ရရင် မိန်းမရတာနဲ့မတူဘဲ သူ့များကလေး အငှားထိန်းပေးသလို ဖြစ်နေတော့မှာပါ။

"ကျွန်တော်နဲ့ သူမရဲ့အသက်က ဒါဇင်ဝက်မက ကွာခြားတာမဟုတ်လား"

ဒါပေမယ့်လည်း ဖူးစာဆိုတာမျိုးက နားလည်ရခက်ခဲလှပါတယ်။ ဘကြီးကတော့ ဘောလုံးသမားတွေရဲ့အသက်ရယ်၊ ဖူးစာရယ်ကို ဘယ်တော့မှ မခန့်မှန်းလေနဲ့လို့ တစ်ခါပြောဖူးတယ်။

တုတ်မှာပါ။ ဘာကြောင့်ဆိုတော့...

■



www.burmeseclassic.com

www.burmeseclassic.com





CHAPTER

2

## ဘကြီးပေးတဲ့လက်ဆောင်

''ဟာ''ခနဲရေရွတ်ရင်း ကျွန်တော့်တစ်ကိုယ်လုံး ထူပူသွားတယ်။ရှိုစုမဲ့စုလေးတွေတော့ ကုန်ပါပြီလို့တွေးရင်း စိတ်ပျက်လက် ပျက်လည်း ဖြစ်သွားတယ်။

မနက်က ကျွန်တော် သေသေချာချာသော့ခတ်ပြီး ပိတ်ထားခဲ့တဲ့အိမ်တံခါးဟာ ညနေ ကျွန်တော်ပြန်ရောက်ချိန်မှာ သော့ပွင့်နေတာကြောင့်ပါ။

လက်လေးလုံးလောက်ဟနေတဲ့ အိမ်တံခါးကို မရဲတရဲတွန်းဖွင့်ရင်းအိမ်ထဲဝင်လိုက်တော့ မီးဖိုချောင်ဘက်ဆီက မြိုးမြိုးချွတ်ချွတ်အသံတွေ ကြားလိုက်ရတယ်။

ကြည့်ရတာဖြင့်သူခိုးဟာခုချိန်ထိ ကျွန်တော့် တိုက်ခန်းထဲမှာရှိနေပုံပါ။ကျွန်တော်ဟာ ခြေထောက်ကိုပွနင်းပြီး မီးဖိုချောင်ဘက်ကို တိတ်တဆိတ်ဝင်လာခဲ့တယ်။

အိပ်ခန်းဝမှာထောင်ထားတဲ့တုတ်တစ်ချောင်းကို လည်းလိုရမယ်ရ ယူဆောင်လာခဲ့တယ်။

အကြမ်းဖက်ရမှာ ဝါသနာမပါပေမယ့် လိုအပ်ရင်တော့ အင်အားသုံးဖို့ ကျွန်တော်ဝန်မလေးဘူး။ လူတစ်ယောက်ဟာ မိမိပိုင် ပစ္စည်းစိမ်ဥစ္စာကို ကာကွယ်ပိုင်ခွင့် ရှိတယ်ဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



တုတ်ကို ခေါင်းပေါ်မြှောက်ကိုင်ပြီး မီးဖိုခန်းထဲကို ခုန်ဝင်လိုက်တယ်။

**''အမေ့''**

''ဟင်''

လုံချည်တိုတိုဝတ်ပြီး မီးဖိုခန်းတစ်ခုလုံးကို စိတ်တိုင်းကျ ရှင်းလင်း နေသူက သိပ်မကြာခင်က ဆိုခဲ့ဖူးတဲ့ သူယောင်မယ်လေး ဖြစ်နေပါတယ်။

သူမက တုတ်ကိုင်ထားတဲ့ ကျွန်တော့်ကို မျက်လုံးပြူးကြည့်တယ်။

''ဘာလဲဟင်...သူခိုးလို့ထင်ပြန်ပြီလား''

''အစစ်ပေါ့၊ နေပါဦး မင်း ဘယ်လိုကဘယ်လို တို့မီးဖိုထဲအထိ ကိုယ်ယောင်လာပြရပြန်တာလဲ''

''ဟယ်...လူကိုများ တစ္ဆေသူရဲကျနေတာပဲ''

''ကိုယ်မေးတာဖြေပါဦး၊ မင်း ဘယ်လိုရောက်လာတာလဲ''

''အဟဲ...အန်ကယ်ကြီးခေါ်လာတာ၊ သူ့ဘကြီးလေ''

ဒီတော့မှ မီးဖိုဝက ခရီးဆောင်အိတ်တွေကိုတွေ့ပြီး ကျွန်တော် သဘောပေါက်သွားတယ်။

''ဒါနဲ့ ဘကြီးကော''

''ငါးနာရီထိုးကတည်းက ထွက်သွားတာပဲ၊ ထိုင်နေကျဆိုင်က စောင့်နေမယ်၊ လိုက်ခဲ့ပါတဲ့''

ဘကြီးက မကြာခဏ ကျွန်တော့်ဆီကို ညအိပ်ညနေ လာလေ့ရှိပြီး နေညီရင် စည်တိုတီးဖို့ကျားကွက်သစ်လမ်းကဆိုင်တစ်ဆိုင်ကိုလည်း ဖောက်သည် လုပ်ထားပါသေးတယ်။

ဘကြီးရောက်လာတာကို မအံ့ဩပေမယ့် နဲမလေးပါလာတာ ကိုသာ နားမလည်နိုင်အောင် ဖြစ်နေမိတယ်။

ဒါကြောင့် ရေတောင်မချိုးတော့ဘဲ ဘကြီးရှိမယ့် စည်ဘီယာဆိုင်ကို ကျွန်တော်လိုက်လာခဲ့တယ်။

ဘီယာတစ်ကျားနဲ့ ငြိမ့်နေတဲ့ဘကြီးက ကျွန်တော့်ကိုတွေ့တော့ အအေး တစ်လုံးမှာပေးတယ်။ ကျွန်တော် မောမောနဲ့မို့ အအေးကို အရင်သောက်ပြီးမှ ဘကြီးကိုမေးလိုက်တယ်။

''ဟိုတေိမလေးကို ဘကြီး ဘာကြောင့်ခေါ်လာတာလဲ''





''သူက မင်းအကြောင်းမေးမေးနေတယ်ကွ''

''ဘာဆိုင်လို့လဲ ဘကြီးရဲ့''

ကျွန်တော် မျက်မှောင်ကျုံ့ပြီးမေးလိုက်တော့မှ ဘကြီးမျက်နှာ တည်သွားတယ်။

''ဖြစ်ပုံက ဒီလိုဟေ့၊ ထုံးစံအတိုင်း သူ့ပထွေးနဲ့ နောင်ကျိန်ချကြတယ်၊ ဒီတစ်ခါတော့ ပြဿနာက နည်းနည်းကြီးပုံရတယ်ကွ၊ သူ အိမ်ကထွက်ပြေး မယ်လုပ်လာတယ်၊ သူ့အမေကိုယ်တိုင်ကလည်း ငါ့ဆီလာပြီး သူ့သမီးကို တစ်ပတ်ဆယ်ရက်လောက် ရှောင်နေခိုင်းချင်တယ်လို့ ပြောလာတယ်၊ ငါ့အိမ်မှာ ထားဖို့ကလည်း မဖြစ်ဘူး၊ ငါ့အလုပ်သမား လှအေးတို့ရွာ ပို့ဖို့ကျပြန်တော့လည်း အဆင်မပြေဘူး။ ဒါနဲ့ပဲ ဒီကိုခေါ်လာရတာ''

မယ်သီလရင်အမှုဟာ ကျောက်မြောင်းက ငါးလွှာတိုက်ခန်းကျဉ်း လေးထဲ ရောက်လာရတဲ့သဘောပါ။

ကျွန်တော် စိတ်ပျက်သွားပေမယ့် အခန်းပိုင်ရှင်ဘကြီးကို ကလန် ကဆန်လုပ်ဖို့ကလည်း ခက်နေတယ်။

''ဒါဆို ဘကြီးတို့နှစ်ယောက် တစ်ပတ်ဆယ်ရက်နေကြမှာပေါ့''

''ဟ...ငါက ဘာကြောင့်နေရမှာလဲ''

''ဟင်...ဒါဆို''

''သူ့ကိုထားခဲ့ပြီး ငါပြန်မှာပေါ့ ဟကောင်ရဲ့၊ ငါ့မြေးကြီး ဒီတိုင်း ဖြစ်ထားရမှာလား''

''ဟာ...ဒါတော့မဖြစ်ဘူးနဲ့တူတယ် ဘကြီး''

ကျွန်တော် ပြာပြာသလဲငြင်းလိုက်တော့ ဘကြီးက ဘာကြောင့်လဲလို့ နားမလည်သလိုပြန်မေးတယ်။

ကျွန်တော်က သွေးမတော်သားမစပ် ယောကျ်ားလေးနဲ့ မိန်းကလေး နှစ်ယောက်ထဲ အခန်းတစ်ခန်းမှာနေဖို့ မသင့်ကြောင်း ပတ်ဝန်းကျင်က ယုံထင် ကြောင်ထင် ထင်နိုင်ကြောင်း သူမရော ကျွန်တော်ပါ သိက္ခာကျနိုင်ကြောင်း...

စသဖြင့်ပေါ့လေ...ဘကြီးကို အကြောင်းပြငြင်းဆန်ရပါတယ်။

အဲဒီတော့ လွတ်လပ်ရေးမရခင် လူဖြစ်လာတဲ့ဘကြီးက ခုလို ပြန်ပြော တယ်။

''တော်ပါ နေနိုင်သူရယ်၊ သွားပုတ်လေလွင့်ပြောတဲ့ ခေတ်တွေက ကျန်ခဲ့ပါပြီ၊ မင်းတို့ ဘေးကမေးလာရင် ညီမဝမ်းကွဲလို့ပြော၊ ညဘက်အိပ်ရင် မင်းအခန်းတံခါးကို



www.burmeseclassic.com

www.burmeseclassic.com



လုံလုံခြုံခြုံသော့ခတ်အိပ်၊ မနက်မိုးလင်းတာနဲ့ မြို့ထဲထွက် ညဉ့်နက်မှအိမ်ပြန်၊ ဒါလည်း ကြောခကြောလာမှာပါ။ လမ်းလူကြီးကိုလည်း သေချာမှာပြီးအပ်ခဲ့မယ်၊ ဟုတ်ပြီလား"

"ဒါပေမယ့်...ဘကြီးရယ်၊ ကျွန်တော်နဲ့သူက တကယ့်မောင်နှမ ဝမ်းကွဲမှမဟုတ်တဲ့ဟာ"

"အဲဒါဆိုလည်း မင်းစိတ်ရှင်းချင်ရင် နောက်တစ်နည်းစီစဉ်ပေးခဲ့မယ်"

"ဘာလဲဘကြီး"

"တော်ကြာ ရပ်ကွက်ရုံးဖွင့်ရင် မင်းတို့နှစ်ယောက်ကို **တစ်ခါတည်း လက်ထပ်ပေးခဲ့မယ်လေ"**

"ဟင်"

အရပ်ရှည်သလောက် စိတ်တိုသူဘကြီးက ဘုဂလန့်ကြီးမို့ ပြောတဲ့ အတိုင်း ဖွတ်ရွတ်လုပ်ချင်လုပ်နေမှာမို့...

"အဲဒါဆိုလည်း ဘကြီးပြောသလို ဝမ်းကွဲမောင်နှမပေါ့လေ"

"အေး...အဲဒါကောင်းပါတယ်ကွ"

ဒီလိုနဲ့ ကျွန်တော့်မှာ နေရင်းထိုင်ရင်း ညီမတစ်ယောက် ကောက်ရ မယ့်ကိန်း ဆိုက်ပါတော့တယ်။

ဘကြီးပေးတဲ့ သက်ရှိလက်ဆောင်ဟာ ခွေးလေး၊ ကြောင်လေးတွေ ဆိုလည်း အကောင်းသားလို့ ကျွန်တော်တွေးမိတယ်။ အခုတော့ လုတာပတာ လူမလေးမို့ ကျွန်တော့်မှာ အနေအထိုင် ခက်လှပါတယ်။

တစ်ပတ်ဆယ်ရက်ကြာအောင် တစ်အိမ်ထဲနေရမှာပါလားလို့ တွေးမိ တိုင်း ကျွန်တော့်မှာ အာခေါင်တွေခြောက်ကပ်လာတယ်။ ဒီကြားထဲ အလိုက် ကန်းဆိုးမသိသူ ငနဲမလေးက(ဘကြီးနဲ့ကျွန်တော် အိမ်ပြန်ရောက်တော့) ရေမိုး ချိုးပြီး အလှတွေ ပြင်ထားပါသေးတယ်။

သနပ်ခါးတွေကလည်း လိမ်းထားလိုက်တာများ မွှေးလို့ကြိုင်လို့၊ ကျွန်တော်ဖြင့် အသက်တောင် ပြင်းပြင်းမရှူရဲအောင်ပါပဲ။

"ကဲ...ဒီညတော့ သမီးက အခန်းထဲမှာအိပ်၊ တို့တူဝရီးနှစ်ယောက် က ဧည့်ခန်းမှာအိပ်ကြမယ်၊ အဲ...နေဦးကွ၊ ဒီညတင်မဟုတ်ဘူး နောက်ည တွေပါ သူ့ကို အခန်းထဲပေးသိပ်မှဖြစ်မယ်၊ သူက မိန်းကလေးဆိုတော့ အဝတ်လဲဖို့တို့ သနပ်ခါးလိမ်းဖို့တို့ လိုတယ်မဟုတ်လား"





"ဟုတ်ကဲ့...နောက်နေ့ ကျွန်တော့်ပစ္စည်းတွေ အပြင်ရွှေ့လိုက်ပါ့ မယ်"

ငြင်းနေလည်း အကျိုးထူးမှာမဟုတ်လို့ ကျွန်တော် ခပ်သွက်သွက် သဘောတူလိုက်ရတယ်။

အဲဒီအချိန်မှာ ဘကြီးဘေးနား မျက်နှာငယ်နဲ့ထိုင်နေတဲ့ ဗိုင်းယုယ တဝင်ပြောတယ်။

"အားနာစရာပဲနော်"

"ဘာကိုအားနာတာလဲ၊ ပစ္စည်းတွေရွှေ့ရမှာကိုလား"

"ဟုတ်ဘူး၊ ကျွန်တော့်ကြောင့် အဲဒီလူကြီး အနေကျံ့မှာစိုးလို့"

"အဲ"

ကျွန်တော် ဘာပြန်ပြောရမှာလဲ စဉ်းစားနေတုန်းမှာပဲ ဘကြီးက ထမင်းစားကြမယ်ဆိုတာကြောင့် စကားပြတ်သွားတယ်။

ထမင်းနဲ့ဟင်းက သူ့မရဲ့လက်ရာပါ။

ထွေထွေထူးထူးမဟုတ်ဘဲ ဘဲဥချဉ်ရေဟင်းသာဖြစ်ပေမယ့် ကျွန်တော် စားဖူးသမျှ ဘဲဥဟင်းတွေထဲမှာတော့ အနိုပ်ဆုံးလို့ပြောရမယ်။

အင်း ဒီလိုဆိုတော့လည်း...

သူငယ်မလေးက ဟင်းချက်တော်သားပဲလို့ ကျွန်တော်တွေး လိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ၂

''ဟောတော့ ဟိုလူကြီးရေ လာပါဦးဗျို့ ခပ်မြန်မြန်လေး''

ဝရံတာကနေ လှမ်းအော်လိုက်တဲ့ သူမအသံကြောင့် အိမ်သာတက်ရင်ကောင်းမလား၊ ရေအရင်ချိုးရင်ကောင်းမလား စဉ်းစားနေတဲ့ ကျွန်တော့် အတွေးတွေ ပျာယာခတ်သွားတယ်။

သူမရဲ့အသံက မထိတ်သာမလန့်သာနဲ့ပါ။

မြွေတို့ကင်းတို့ တွေ့သလားထင်ရအောင်ကလည်း ကျောက်မြောင်းတိုက်ခန်းရဲ့ဝရန်တာမှာ အဲလိုသတ္တဝါတွေ မရှိနိုင်ပါဘူး။

ပြီးတော့ အချိန်က မနက်ခြောက်နာရီသာသာပဲ ရှိသေးတာပါ။

ပုံမှန်ဆိုရင် ဒီလောက်စောစော ကျွန်တော် မနိုးတတ်ပေမယ့် မနက်ငါးနာရီမှာ အိပ်ရာနိုးပြီး လမ်းလျှောက်လေ့ရှိတဲ့ ဘကြီးက လမ်းလျှောက်ရင်း သံလျင်ကိုကားစီးပြန်မယ်ဆိုတာကြောင့် ကျွန်တော် အစောကြီးထပြီး လိုက်ပို့ လိုက်ရတယ်။ ခုမှအိမ်ပြန်ရောက်ကာစ အိမ်သာတက်သင့်မတက်သင့် စဉ်းစား နေချိန်မှာ သူမက အသံပြကြီးနဲ့ အော်ခေါ်လိုက်တာပါ။

''ဘာဖြစ်တာလဲ ဗိုဒ်ယုယ၊ ဘာတွေ့လို့လဲ''

''ဟိုမှာ...ဟိုမှာ''

တိုက်အောက်ဖက် လမ်းတစ်နေရာဆီ လက်ညှိုးလှမ်းထိုးရင်း တစေ္ဆရဲ့တွေ့သလို သူမ ပြူးပြူးပြာပြာဖြစ်နေတယ်။

ကျွန်တော် သူမနား အမြန်ပြေးသွားပြီး သူမ လက်ညှိုးညွှန်ရာ





ကြည့်လိုက်တော့ တိုက်နံပါတ်တွေကို ဟိုဟိုဒီဒီကြည့်ရင်း လမ်းလျှောက်လာသူတစ်ယောက်ကို တွေ့မြင်လိုက်ရတယ်။

''အိမ်ရှာနေတာထင်တယ် ဘာဖြစ်လို့လဲ''

''အိမ်ရှာတာဟုတ်လား၊ ဘုရားရေ အဲဒါမှဒုက္ခပဲ''

''သူ့ဘာသာအိမ်ရှာတာ ဘာလို့ဒုက္ခဖြစ်ရမှာလဲ သူငယ်မရဲ့''

''မဟုတ်ဘူးဗျ၊ အဲဒါ ကျွန်တော့်ပထွေးရဲ့တူ ကျွန်တော့်ကို လိုက်ရှာနေတာဖြစ်မယ်''

''ဟင်''

သူမက မော့ကြည့်လိုက်ရင် တွေ့မြင်သွားမှာစိုးပုံနဲ့ ကိုယ်ကို ခပ်ရှိုရှိုလုပ်ပြီး နောက်ကိုဆုတ်လိုက်တယ်။

''မင်း ဒီလာတာ သူတို့သိနိုင်လို့လား၊ ပြီးတော့ ကိုယ့်လိပ်စာကိုရော သိနိုင်လား''

မျက်နှာတစ်ခုလုံး သွေးဆုပ်သလို ဖြူဖျော့ပြီး ကြောက်ရွံ့နေတဲ့ သူမက စဉ်းစားမရသလို ခေါင်းယမ်းတယ်။

''မပြောတတ်ဘူး၊ အန်ကယ်ဦးမင်းညိုတူတစ်ယောက် ရန်ကုန်မှာရှိတာကိုတော့ အမေတို့သိတယ်''

''ဒီလောက်နဲ့တော့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်မလာနိုင်ပါဘူး''

''ဒါပေမယ့် ဘကြီးရဲ့လူယုံ ဦးလှအေးက စိတ်ချရတာမှ မဟုတ်တာ၊ နှုတ်ဖွာပြီး လျှောက်ပြောလိုက်ရင် ဘယ်လိုလုပ်မလဲ''

အင်း...ဒါလည်းဖြစ်နိုင်တာပဲလို့ ကျွန်တော်တွေးလိုက်မိတယ်။ ဆိုပါ စို့ မနေ့က ဘကြီးဒီရောက်နေတုန်း ဦးလှအေးကို 'ဘကြီးဘယ်သွားလဲ' လို့ အစ်မေးရင်း လိပ်စာရသွားနိုင်တယ်။

ဘာလုပ်သင့်သလဲ ကျွန်တော်တွေးနေတုန်းမှာပဲ အိမ်ရှာသူက ကျွန်တော်တို့တိုက်နားကိုရောက်လာတယ်။ တိုက်နံပါတ်ကို လှမ်းကြည့်ပြီး သူရှာတဲ့လိပ်စာမှန်သွားပုံမျိုးနဲ့ ခေါင်းတစ်ချက်ဆတ်လိုက်တယ်။

အဲ့ဒီနောက် တိုက်အပေါ်ဘက်ကိုမော့ကြည့်လာလို့ ကျွန်တော်တို့ နှစ်ယောက် နောက်ကိုအမြန်ဆုတ်လိုက်ရတယ်။

''ဘယ်လိုလုပ်မလဲဟင်၊ သူတွေ့သွားတော့မှာပဲ''



www.burmeseclassic.com

www.burmeseclassic.com



သူမခမျာ ကြောက်လွန်းလို့ အသံတွေတောင် တုန်နေတယ်။ ကျွန်တော် ခပ်မှန်မှန်စဉ်းစားလိုက်ပြီး...

"ဒီလိုလုပ်၊ ကိုယ် အိမ်တံခါးကို အပြင်က သော့ခတ်ပြီး အောက်ဆင်းသွားမယ်၊ မင်းက အခန်းထဲမှာကျန်နေခဲ့၊ ကိုယ့်ကိုတွေ့လို့မေးရင် အလိုက်အထိုက်ကြည့်ဖြေလိုက်မယ်၊ မင်းမလာဘူး၊ မသိဘူးဆိုတာမျိုးပေါ့"

"ကျွန်တော်ကြောက်တယ်၊ ပြီးတော့ တစ်ယောက်တည်း မနေခဲ့ရဲ ဘူး"

"မနေလို့မဖြစ်ဘူး ဝိုင်းယုယရဲ့ အချိန်မရဘူး ကိုယ်ဆင်းတော့ မယ်"

မဂ္ဂဇင်းတိုက်ကို အလုပ်သွားမယ့်ပုံမျိုး လွယ်အိတ်ပါ တစ်ခါတည်း ယူပြီး တံခါးသော့ပိတ်ကာ ကျွန်တော် တိုက်အောက်ဆင်းလာတယ်။

အိမ်ရှာနေသူက အပေါ်မတက်သေးဘဲ လှေကားရင်းမှာ စီးကရက် ဖွာနေပြီး ကျွန်တော့်ကိုတွေ့တော့ လှမ်းပြုံးပြတယ်။

"နောင်ကြီး...တဆိတ်ဗျာ၊ ဒီတိုက်မှာ ကိုနေနိုင်သူဆိုတာများ ရှိသလား"

ကျွန်တော် ရှောင်လွှဲလို့ ဘယ်လိုမှ မဖြစ်နိုင်တော့တာမို့ ခေါင်းညိတ် ပြလိုက်ရတယ်။

"ကျွန်တော်ပါပဲ"

"ဟာ...တိုက်တိုက်ဆိုင်ဆိုင်ဗျာ၊ ကျွန်တော် ခင်ဗျားကိုရှာနေတာပါ။ ကျွန်တော့်နာမည် ကိုကိုကျော်လို့ခေါ်ပါတယ်"

"ဟုတ်ကဲ့၊ ဘာကိစ္စများလဲ ကိုကိုကျော်"

"ကျွန်တော့်တို့ လက်ဖက်ရည်သောက်ရင်း ခဏလောက် စကား ပြောကြရအောင်လား"

"ကောင်းပြီလေ"

နောက်တစ်ကြိမ် ကျွန်တော်ခေါင်းညိတ်ပြလိုက်ရပြန်တယ်။

ဒီလိုနဲ့ ကျွန်တော်တို့နှစ်ယောက် အနီးဆုံးလက်ဖက်ရည်ဆိုင်ကို ရောက်သွားကြတယ်။

"ကျွန်တော်က ဝိုင်းယုယရဲ့ ဒုတိယဖခင်၊ အဲ...ပထွေးပဲဆိုပါတော့၊ ပထွေးဦးကျော်ခေါင်ရဲ့တူပါ၊ ကျွန်တော်နဲ့ ဝိုင်းယုယကို လူကြီးချင်းသဘော တူထားကြတယ်၊ သိပ်မကြာခင် စေ့စပ်ပေးတော့မှာပါ"

"နေပါဦး...အဲဒီကိစ္စတွေ ဘာကြောင့် ကျွန်တော့်ကိုလာပြောနေရ တာလဲ





ကိုကိုကျော်"

ကျွန်တော်မေးလိုက်တော့ နဲက ကိုရီးယားလူကြမ်းမင်းသား အိုက်တင်နဲ့ ပြုံးလိုက်တယ်။

"ဝိုင်းယုယ ခင်ဗျားဆီရောက်နေတယ်လို့ လူတစ်ယောက်ဆီက သိလာရလို့ပါ။ ပြီးတော့ ဝိုင်းယုယအကြောင်းတွေ ခင်ဗျားသိသင့်တယ်ထင်လို့၊ ဒီလိုဗျ ကျွန်တော့်ဦးလေး ဦးကျော်ခေါင်နဲ့ ဝိုင်းရဲ့အမေ အိမ်ထောင်ပြုတော့ ဝိုင်းက ဆယ့်သုံးလေးနှစ်ယောက်ပဲ ရှိသေးတယ်၊ ဝတ္တုဖတ်ပြီး စိတ်ကူးယဉ် တတ်တဲ့အရွယ်ပေါ့၊ သူ့စိတ်ထဲမှာ ပထွေးဆိုတာ မကောင်းတဲ့လူစားမျိုးလို့ ထင်မြင်နေတယ်နဲ့ တူပါတယ်။

တစ်ရက် ဝိုင်းနေမကောင်းလို့ ကျောင်းမသွားဘဲ အိမ်မှာ အိပ်နေ တယ်။ အဲဒီနေ့ တိုက်တိုက်ဆိုင်ဆိုင် အလုပ်ကစောပြန်လာတဲ့ ကျွန်တော့်ဦးလေး က အိမ်တံခါးဖွင့်ပြီး အိမ်ပေါ်တက်လာတော့ အိပ်မှုန်စုန်မွှားနဲ့နိုးလာတဲ့ ဝိုင်းက သူ့ကို မဟုတ်တရုတ်ကြံစည်မယ်လို့ ထင်သွားတယ်နဲ့တူပါရဲ့၊ အနားက ကျောက်ပြင်နဲ့ ကောက်ပေါက်လိုက်တာ ကျွန်တော့်ဦးလေး ခေါင်းကွဲသွား တယ်။ အဲဒီနေ့ကစပြီး ဝိုင်းနဲ့ ကျွန်တော့်ဦးလေးဟာ ကမ္ဘာ့ရန်တွေဖြစ်သွား ကြတော့တာပဲ"

ကျွန်တော် ဝိုင်းယုယရဲ့သတ္တိကို စိတ်ထဲက လေးစားသွားပြီး "ကောင်းတာပေါ့"လို့ လွှတ်ခနဲပြောမိမလို ဖြစ်သွားပါသေးတယ်။

"ခုတစ်ခါလည်း ထုံးစံအတိုင်း စကားများရာကနေ သောက်တတ် စားတတ်လို့ သွေးဆူလွယ်တဲ့ ကျွန်တော့်ဦးလေးက တုတ်ဆွဲ၊ ဇတ်ဇတ်ကြဲ ဝိုင်းက ဓားဆွဲနဲ့ ကြီးကြီးကျယ်ကျယ်ဖြစ်သွားကြတာပါ။ အမှန်က ဘာမှ မဟုတ်ပါဘူး၊ ဦးလေးလည်း စိတ်ပြေပြီး သူ့အမှားသူသိနေပါပြီ၊ ဝိုင်းကိုလည်း အိမ်ပြန်လာစေချင်နေပြီ၊ ဦးလေးက ဝိုင်းအပေါ် သမီးအရင်းလိုချစ်တာပါ ကိုနေနိုင်သူ"

အဲ့ကြောင့် မကြာခဏ တုတ်နဲ့လိုက်ရိုက်တာထင်ရဲ့လို့ ကျွန်တော်တွေး လိုက်မိတယ်။

"အဲဒီတော့ ခင်ဗျားဆိုလိုချင်တာက ဘာလဲ"

"ဝိုင်းကို ပြန်ပို့ပေးပါ ကိုနေနိုင်သူ၊ သူ့ကို လူကြီးတွေက ဗွေမယူဘူး ဆိုတဲ့အကြောင်းလည်း ရှင်းပြပေးပါ၊ ဒီနေ့ နေကုန်လို့မှ သူရောက်မလာရင် ကျွန်တော်တို့ဘက်က လုပ်စရာရှိတာတွေ လုပ်ရတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဘာတွေလုပ်မှာလဲ''

''ရဲတိုင်မှာပေါ့၊ ဝိုင်းကို တစ်ယောက်ယောက်က သွေးဆောင်ဖြားယောင်သွားတယ်၊ ပြန်ပေးဆွဲသွားတယ်၊ ဝိုင်းမှာ လက်ဝတ်ရတနာ တွေပါသွားတယ်ပေါ့''

''ဘာလဲ ကိုလိုနီခေတ်က လုပ်ထုံးလုပ်နည်းမျိုးလား''

တစ်ဘက်က ခြိမ်းခြောက်သံပါလာလို့ ကျွန်တော် ရိသဲ့သဲ့ ပြန်မေးလိုက်တာပါ။

''အဲဒီနည်းလမ်းတွေက ရိုးစင်းပေမယ့် ထိရောက်ပါတယ် ကိုနေနိုင် သူ့အနည်းဆုံးတော့ အလုပ်ပျက် အကိုင်ပျက်နဲ့ ခင်ဗျား ပြဿနာရှင်းနေရလိမ့် မယ်၊ ဒီတော့ ဝိုင်းကို ဒီနေ့ပဲပြန်အပ်ပါ၊ ကျွန်တော် ညနေ၅းနာရီ တစ်ခေါက် ပြန်လာခဲ့မယ်၊ ခင်ဗျားနဲ့ဝိုင်း ဆွေးနွေးထားကြပေါ့''

အခြေအနေတွေဟာမထင်မှတ်ဘဲ ရှုပ်ထွေးလာတယ်လို့ ပြောရမှာပါ။ ရာဇဝင်တစ်ခုထဲမှာ ရေထဲမျောလာတဲ့ မင်းသမီးလေးကို ကယ်တင်ရာကနေ စစ်မက်ဖြစ်ပွားတဲ့အထိ ဖြစ်ခဲ့ပူးပါသတဲ့။

ကျွန်တော့်အခြေအနေက စစ်ဖြစ်ရလောက်အောင် မဟုတ်ပေမယ့် အတော်တော့ ဘေးကြပ်နံကြပ် နိုင်လှပါတယ်။

''ဟင့်အင်း ပြန်ဖို့တော့ ဘယ်လိုမှမဖြစ်နိုင်ဘူး၊ ဒီတစ်ခါ ပြန်သွားရင် ပထွေးက ကျွန်တော့်ကိုသတ်မှာ၊ ပြီးတော့ သူတူနဲ့လည်း အတင်းပေးစားဦးမှာ၊ ကျွန်တော့်ကိုကယ်ပါဗျာ၊ ရှိကြီးခိုးပါတယ်''

မျက်နှာငယ်လေးနဲ့ တောင်းပန်လာတဲ့ သူမကိုကြည့်ပြီး ကျွန်တော် သနားလာတယ်။

အသံတွေကကြောက်ရွံ့မှုနဲ့တုန်ခါနေကြတဲ့အပြင်မျက်နှာကလည်း ဘာမိတ္တန်ဆေးပြားသာသာပဲ ရှိတော့တာပါ။

''မင်းမပြန်ချင်ပေမယ့် ကိုကိုကျော်ဆိုတဲ့လူက ပြဿနာ မရှုပ်ရှပ်အောင်





လုပ်လာမှာ သေချာတယ်''

''ဒါဆို ကျွန်တော် ဘာလုပ်သင့်သလဲဟင် အကြံပေးပါဦး''

''လုပ်သင့်တာကတော့ လောလောဆယ် အောက်ဆင်းပြီး ဘကြီးဆီ ကို အကျိုးအကြောင်းသိရအောင် ဖုန်းဆက်ကြမယ်၊ ကဲ...ထ''

တိုက်အောက်ထပ် စတိုးဆိုင်လေးဆီ ကျွန်တော်တို့ ဆင်းလာ ကြတယ်။ သူမကတုန်ချိတုန်ချိဖြစ်နေလို့ ''သိပ်မကြောက်ပါနဲ့ ကိုယ်တစ်ယောက်လုံး ရှိပါတယ်''လို့ အားပေးလိုက်ရသေးတယ်။

ဘကြီးနဲ့ အဆက်အသွယ်ရတော့ အခြေအနေက အားတက်စရာ မရှိပါဘူး။

''ဦးဆီကိုလည်း လာမေးတာ နှစ်ခါရှိပြီကွ၊ ဆိုးတာက သူ့အမေ ကိုယ်တိုင်က ပထွေးဘက်ပါသွားတာပဲ၊ ပြန်ခေါ်ပေးပါ၊ ဒါမှမဟုတ် လိပ်စာ ပေးပါဆိုပြီး ဖိကျနေကြတယ်၊ သူ့ပထွေးကျော်ခေါင်ကတော့ အိမ်က လက်ဝတ်ရတနာတွေယူပြီး ထွက်ပြေးသွားတယ်လို့ ရဲတိုင်မယ်ဆိုပြီး လာခြိမ်း ခြောက်နေတယ်''

''နေပါဦးဘကြီးရဲ့ အစကတော့ သတ်မယ်ဖြတ်မယ်နဲ့ သူတို့ပဲ ပြဿနာရှာပြီးတော့ ခုမှ ကောင်မလေးကို ဘာဖြစ်လို့ အတင်းပြန်ခေါ်ချင်နေ တာလဲ''

''ဖြစ်ပုံက ဒီလိုဟေ့၊ ကျော်ခေါင်တို့လင်မယားက သူတို့နေတဲ့ခြံကို ရောင်းချင်နေတယ်၊ ဆုံးသွားတဲ့ ကောင်မလေးအဖေရဲ့ လက်ငုပ်လက်ရင်း ဆိုတော့ အရောင်းအဝယ်တချုပ်မှာ ဝိုင်းက သဘောတူကြောင်း လက်မှတ် ထိုးပေးမှဖြစ်မှာ၊ နောက်ပြီး သူ့တူနဲ့ ပေးစားချင်တာလည်း ပါတာပေါ့၊ ငါတော့ နောက်ဆုံးတစ်ခေါက်လာမေးတုံးက ပိတ်ပြောလိုက်တယ်''

''ဘယ်လိုပြောလိုက်တာလဲ ဘကြီး''

''ဝိုင်းက နေနိုင်သူနဲ့ ခိုးရာလိုက်ပြေးသွားတာ ဘယ်ရောက်နေမှန်း မသိဘူးလို့''

''ဗျာ''

''မဗျာနဲ့ကွ၊ ကောင်မလေးအတွက်ရော မင်းအတွက်ပါ အဲဒီ နည်းလမ်းက အကောင်းဆုံးပဲ၊ နို့မို့ဆို မင်းကိုလာပြီး မေးလားစမ်းလားနဲ့ မင်းအလုပ်လည်း ထိခိုက်မယ်၊ လင်မယားဖြစ်သွားပြီဆိုရင် ပြဿနာရှာလို့ မရတော့ဘူး၊ ဝိုင်းကိုလည်း အတင်းပြန်ခေါ်လို့မရတော့ဘူး''

ဘကြီးရဲ့စကားတွေကို ကျွန်တော့်နားထဲမှာ ကြားတစ်ချက် မကြား



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ဖြစ်နေပါတယ်။ လင်မယားဆိုတဲ့ အသုံးအနှုန်းကြောင့် ကျွန်တော် ဘာဘာ့နဲ့အသင်ကြီးဖြစ်လာရတယ်။

"အကောင်းဆုံးကတော့ မင်းတို့နှစ်ယောက် ခုချက်ချင်း ရုံးတစ်ရုံးမှာ သွားလက်ထပ်လိုက်တာပဲ နေနိုင်သူ၊ ကူညီမယ့်ကူညီ အဆုံးထိသာ ကူညီ လိုက်တော့၊ လက်ထပ်ပြီးတာနဲ့ ကျောက်မြောင်းကအခန်းကိုပိတ်ပြီး ဒဂုံက ဇီတိုက်မှာသွားနေကြ၊ ဒီဆို မင်းတို့ကို တော်တော်နဲ့ရှာမတွေ့နိုင်တော့ဘူး"

"ဒါပေမယ့် ဘကြီးရဲ့ ကျွန်တော်မှ .."

"ဘာလဲ မိန်းမမယူချင်သေးဘူး ပြောမလို့လား၊ မတုံးစမ်းပါနဲ့ ဇီတူရာ၊ နှစ်ဆယ့်ခွန် နှစ်ဆယ့်ရှစ်ဆိုတာ မငယ်တော့ဘူးကွ၊ ဟော့ ဒါနဲ့ အနားမှာ ဝိုင်းရှိသလား။ ဇီကိုခဏခေါ်ပေးစမ်း"

ကျွန်တော်လည်း ဆက်နားထောင်ရမှာ ခေါင်းကိုက်လာတာမို့ ဝိုင်းယုယကိုခေါ်ပြီး ဖုန်းပေးလိုက်တယ်။ သူမနဲ့ဘကြီး ဖုန်းပြောနေတုန်းမှာ လေရှူချင်လာလို့ ဆိုင်ပြင်ဘက်ထွက်လာခဲ့တယ်။

ခဏနေတော့ ဖုန်းပြောပြီးသွားတဲ့သူက ကျွန်တော့်အနား ရောက်လာ တယ်။ ကျွန်တော် သူမကိုလှည့်ကြည့်ပြီး မေးလိုက်တယ်။

"ဘာတဲ့လဲဟင်"

"ဘကြီးကပြောတယ်"

"အင်း"

**"လက်ထပ်လိုက်ကြတဲ့"**

"အဲဒီတော့ ဝိုင်း ဘာပြန်ပြောလိုက်သလဲ"

"ဟိုလေ လက်ထပ်ရအောင် သူနဲ့ကျွန်တော်နဲ့က သမီးရည်းစားမှ မဖြစ်ကြသေးပဲလို့"

"အဲ"

ကျွန်တော် သူမမျက်နှာကိုကြည့်လိုက်တော့ စတော်ဘယ်ရီရောင် မျက်နှာလေးက ရှက်စနိုးနဲ့ ခေါင်းငုံ့ထားပါတယ်။

"အဲ့ဒီတော့ ကိုယ်တို့ဘာလုပ်ကြမလဲ"

"ပြောတတ်ဘူးလေ"

သူမ ခေါင်းငုံ့ပြီး လက်သည်းကိုကိုက်နေတယ်။





ပါးပါးပျော့ပျော့ ဆံပင်လေးတွေက သူမရဲ့ လှတပတ မျက်နှာ တစ်ခြမ်းကို ဖုံးအုပ်လို့။

အဆိုနိုက နေရောင်မြင့်တက်လာပြီး ပူပြင်းကာစ မွန်းတည့်ခါနီး အချိန်ပါ။ ရာသီဥတုက အိုက်စက်စပ်ဖြစ်ရတဲ့ကြားထဲ လေကငြိမ်နေတယ်။

ပြီးတော့ လမ်းပေါ်မှာလည်း ကားသံတွေ ဆိုက်ကားခေါင်းလောင်း သံတွေ ဆူညံရှုပ်ထွေးလို့။

အခြေအနေနဲ့ အချိန်အခါကတော့ ဘယ်လိုမှ ကဗျာမဆန်တာ သေချာ ပါတယ်။

ဒါပေမယ့် ဘာကြောင့်မှန်းမသိဘဲ အဲ့ဒီအခိုက်အတန့်လေးမှာပဲ ကျွန်တော် သူမအပေါ် လှိုက်လှိုက်လှဲလှဲ ချစ်မိသွားတယ်။

ကျွန်တော့်ရင်ထဲမှာ ချစ်စိတ်တွေ ဆူဝေလှိုက်တက်လာမှန်း သူမက တော့ သတိထားမိပုံမရဘူး။ ရှက်ကိုးရှက်ကန်းနဲ့ လက်သည်းကိုသာ တွင်တွင် ကိုက်နေလေရဲ့။

"'ဝိုင်း"

"အင်း...ဟင်"

"ရည်းစားဖြစ်ဖို့ကိစ္စကို လက်ထပ်ပြီးမှ ဝင်းတားလို့မရဘူးလား"

"သိဘူးလေ...ဒါပေမယ့်"

"ဘာဖြစ်လဲ"

"လက်ထပ်ပြီးမှ ရည်းစားစကားပြောကြရင် ရယ်စရာကြီးနေမှာပဲ"

"အဲ"

ဒါပေမယ့် ...

ဘာပဲဖြစ်ဖြစ် ရယ်ရတာဟ ငိုရတာထက်တော့ ပိုပြီးကောင်းသေး တယ်မဟုတ်လား။

ဒါကြောင့် ကျွန်တော် ရယ်ဖို့ပဲဆုံးဖြတ်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





"ဘကြီးကပြောတယ်"

"အင်း"

**လက်ထပ်လိုက်ကြတဲ့**



မင်းအတွက်တော့ အချစ်ဆိုတာ
လေးလုံးစပ်တဲ့...။

အလင်္ကာအတောင်း
စကားလုံးအတောင်းတွေနဲ့
သုံးကြောင်းလောက်စပ်ရင်ပဲ
ရပ်လို့ရပြီပေါ့...။

ငါ့အတွက်တော့
ချစ်ခြင်းဆိုတာ
ပန်းတစ်ပင်ပျိုးခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



မျိုးစေ့ကအပင်
အပင်ကနေအပွင့်
သံယောဇဉ်တွေကို
နှင့်နှင့်နဲနဲ ရေလောင်းပေါင်းသင်ခဲ့ရ
ရက်ပေါင်းများစွာ စောင့်ဆိုင်းခဲ့ရ
မျှော်လင့်ချက်တွေကို
မြေဩဇာလိုချကျွေးခဲ့ရ…။

ငါ့အပင်က
ပန်းလေးတစ်ပွင့် ပွင့်လာတဲ့အခါ
အဲဒါ
မင်းအတွက်
ထာဝရကဗျာပေါ့…။

မျိုးထောင်ခြင်း
စောင့်ဆိုင်းခြင်း
အဆင့်တိုင်းမှာ
ယုယမှုနဲ့ မြတ်နိုးခြင်းတွေပါရဲ့။



CHAPTER

3

## မြဟ္ဘာကြီးလေးဦးက စခဲ့တဲ့ပုစ္ဆာ

မြောက်ဒဂုံမြို့သစ်ရဲ့ ရပ်ကွက်လေးတစ်ခုထဲက ဘကြီးပိုင် တစ်ထပ် တိုက်ပုပုလေးဟာ ကျွန်တော်တို့နှစ်ဦး ရောက်ရှိလာတာကို တိတ်တိတ်ဆိတ် ဆိတ်ပဲ ဆီးကြိုပါတယ်။

ဆေးအဖြူရောင်သုတ်ထားတဲ့ ဒီတိုက်ကလေးဟာ ဆောင်လုပ်ပြီး ကတည်းက လူသားတစ်ယောက်တလေကို သူ့ရင်ခွင်မှာ ခိုလှုံခွင့်မပေးခဲ့ရ သေးဘူးမဟုတ်လား။

ဒီတော့လည်းသူ့ခမျာ ကျွန်တော်တို့ရောက်လာတာကို ဝမ်းသာရှာ မှာပဲလို့ ကျွန်တော်တွေးလိုက်မိတယ်။

တံခါးကိုဖွင့်ဝင်လိုက်တော့ အိမ်အသစ်နံ့က ကျွန်တော့် နှာခေါင်း ထဲကို မွှန်ဖျော့ဖျော့တိုးဝင်လာတယ်။

''ကျယ်သားပဲနော်''

''အင်း…မိသားစုတစ်စုတော့ ကောင်းကောင်း နေလောက်ပါတယ်''

''သူပြောတော့ အိမ်ကအသစ်ဆို၊ ဒီဆက်တီခုံတွေက ဘာကြောင့် ရောက်နေရတာလဲ''

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းယုယက စားပွဲကုလားထိုင်တွေကို လှမ်းကြည့်ပြီး နားမလည်သလိုမေးတယ်။

''အဲဒါ ဘကြီးရဲ့ အစီအစဉ်လေ၊ သူ့အနားယူချင်တဲ့အခါ လာနေနိုင်အောင်ဆိုပြီး ဆက်တီတွေရော မွေ့ယာကုတင်တွေပါ ကြိုပို့ထားတာ၊ ခုတော့ ကိုယ်တို့အတွက် ဖြစ်သွားတော့တာပေါ့၊ အင်း ဘကြီးတစ်ယောက် ကျန်းမာချမ်းသာပါစေဗျာ''

ကျွန်တော် ဆုတောင်းပေးလိုက်တာကို သူမက နားမလည်သလို မျက်မှောင်ကျုံ့ပြီးကြည့်တယ်။

ကျွန်တော်က နှစ်ယောက်သားပါလာတဲ့ အထုပ်အပိုးတွေကို နေရာချနေချိန်မှာ သူမက တံမျက်စည်းတစ်ချောင်းနဲ့ တစ်အိမ်လုံးကို လှည်းကျင်းပါတော့တယ်။

''နားပါဦးလား‌ဝိုင်းရဲ့၊ တစ်နေကုန် ဟိုပြေးဒီပြေးနဲ့ဆိုတော့ ပင်ပန်းနေရောပေါ့''

''ရပါတယ်၊ ညနေခန်းလေးတော့ ပြီးအောင်လှည်းလိုက်မယ်၊ အိပ်ရာ က ဒီနေရာမှာခင်းရမှာမဟုတ်လား''

''မဟုတ်ဘူး၊ အိပ်ခန်းထဲမှာ မွေ့ရာကုတင်တွေရှိပြီးသားပဲ အဲ့ဒီမှာခင်းမှာပေါ့''

ပြောပြီးမှ ကျွန်တော့်စကားအတွက် ကျွန်တော့်ဘာသာ ရှက်သွား သလို သူမကလည်း မျက်နှာရဲခနဲဖြစ်သွားတယ်။

''အို...အဲ့ဒါက အဲ့ဒီလူကြီးအိပ်ပေါ့၊ ကျွန်တော်က ဒီမှာအိပ်မယ်''

ဟုတ်တာပေါ့၊ ခုလိုအချိန်မျိုးမှာတော့ သူနဲ့ကျွန်တော် တစ်ယောက်တည်းပဲ အိပ်ချင်ရာမှာပေါ့လို့ ကျွန်တော်တွေးလိုက်မိတယ်။

''ဒါဆိုလည်း ညနေခန်းမှာတော့မအိပ်နဲ့၊ အိပ်ခန်းထဲပဲ လုံလုံခြုံခြုံ သွားအိပ်၊ ကိုယ်အပြင်မှာအိပ်မယ်''

ကျွန်တော်က ဦးစီးဦးဆောင် အိမ်ထောင်ဦးစီးအသံနဲ့ ခပ်တည်တည် ပြောလိုက်တော့ သူမ စောဒကမတက်တော့ဘဲ ခေါင်းညိတ်တယ်။

ကျွန်တော် ဆက်တီတစ်လုံးမှာဝင်ထိုင်ရင်း ရှပ်အင်္ကျီလက်ကို ပင့်တင် ပြီး အားကျိုးမာန်တက် တံမျက်စည်းလှည်းနေတဲ့ သူမကို ငေးကြည့်နေမိတယ်။





သူမဟာ ရှပ်ဖျက်တဲ့သဘောနဲ့ ဂျင်းဘောင်းဘီ ရှပ်အင်္ကျီ ပွပွအပြင် လျှာထိုးဦးထုပ်ကိုလည်း ဆောင်းထားပါသေးတယ်။

ပါးပါးပျော့ပျော့ ဆံပင်ရှည်ရှည်တွေကို ခေါင်းပေါ်စုစည်းပြီး ဦးထုပ်နဲ့ ဖုံးကွယ်ထားတာမို့ မသိရင် ယောကျ်ားလျာလေးတစ်ယောက်လို ဖြစ်နေ လေရဲ့။

သိပ်လှပြီး သိပ်ရင်ဖိုဖို့ကောင်းတဲ့ (တွမ်ဘွိုင်း)လေးလိုပါပဲ။

ခုဆို ကျွန်တော်တို့ဟာ တရားရုံးမှာ တရားဝင်လက်မှတ်ထိုးလာကြပြီဖြစ်ပေမယ့် ကျွန်တော်တို့နှစ်ယောက်ရဲ့ အနေအထားကတော့ တကယ့်ကို မအူမလည်ကြီးပါ။

ဘကြီးနဲ့ဖုန်းပြောပြီး ကျွန်တော်တို့နှစ်ယောက် မြို့နယ်တရားရုံး တစ်ရုံးကိုသွားဖို့ပြင်တော့ သူမက ဒီလိုမေးပါတယ်။

''အခု ရုံးမှာလက်မှတ်သွားထိုးရင် ကျွန်တော်တို့နှစ်ယောက်က ဘယ်လိုဖြစ်မှာလဲဟင်''

''တချုပ်တတ်းအရတော့ တရားဝင်ဇနီးမောင်နှံတွေ ဖြစ်သွားကြ မှာပေါ့''

သူမ မျက်မှောင်လေးကျုံ့ပြီး တွေတွေလေးငြိမ်သက်သွားတယ်။

''တကယ်လို့ ကျွန်တော်က ဇနီးမောင်နှံတွေလို မနေနိုင်ဘူးဆိုရင် ကော ဘယ်လိုဖြစ်မှာလဲ''

''ဘယ်လိုမှမဖြစ်ဘူး၊ မင်းစိတ်တိုင်းကျ နေချင်သလိုသာနေ၊ အခု လက်မှတ်ထိုးတာက ဦးကျော်ခေါင်တို့တူဝရီးကို လှည့်စားဖို့သက်သက်ပဲ၊ ခင်းအတွက်ကော မင်းကို ကူညီချင်တဲ့ ကိုယ့်အတွက်ပါ၊ ဒီတစ်နည်းပဲရှိလို့''

သူမရဲ့မျက်ဝန်းတွေ ဖျတ်ခနဲလက်သွားကြပေမယ့် ခဏနေတော့ မှိန်ပြီးမှိန်ဖျော့သွားတယ်။

''ဟင်...ဒါဖြင့် အဲလူကြီးက စိတ်မပါဘဲ ကူညီရတာပေါ့''

**စက်တဲ့သူငယ်မလေးပါပဲ။**

ကျွန်တော်က စိတ်မပါဘူးဆိုရင် သူမ မကျေမနပ်ဖြစ်မှာ သေချာ ပေမယ့် စိတ်ပါလှချည်ရဲ့ဆိုရင်ကော သူမ ဝမ်းသာမှာတဲ့လား။

''အဲ့ဒီကိစ္စက သိစရာလိုလို့လား ဝိုင်းရဲ့''

''အို...သိချင်တာပေါ့၊ တော်ကြာ သူ့ဘကြီးတိုက်တွန်းလို့ အောင့်သက်သက်နဲ့ ကူညီရတာဆိုရင် ဘယ်နှယ့်လုပ်ပါ့မလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နှယ့်မှမလုပ်နဲ့ ကိုယ်ကိုယ်တိုင်က လိုက်လိုက်လှဲလှဲ ကူညီ ချင်နေတာ တုတ်ပြီလား"

အဲလိုပြောလိုက်မှပဲ သူမမျက်နှာလေးရဲပြီး နှုတ်ဆိတ်သွားတယ်။

ရုံးရောက်တော့ လက်ထပ်စာချုပ်ရိုက်ပြီး သက်သေလိုက်ပေးမယ့်လူ မရှိတာမို့ လက်နှိပ်စက်စာရေးက သက်သေသွားရှာပေးတယ်။

လက်ထပ်ပွဲကို လိုက်ပါချီးမြှင့်ပေးတဲ့အတွက်တော့ ကိုယ့်ဘက်က ကျေးဇူးတုန့်ပြန်ရမှာပေါ့လေ။

စာရေးက သက်သေတွေသွားခေါ်နေတုန်း သူမက ကျွန်တော့်ကို ခပ်တိုးတိုးလှမ်းမေးတယ်။

"တရားသူကြီးက ချစ်သူတွေလားလို့မေးရင် ဘယ်လိုဖြေရမှာ လဲဟင်၊ အဲ့ဒီလိုတော မေးတတ်လား"

"မပြောတတ်ဘူး ဝိုင်းရဲ့၊ ကိုယ်လည်း ရုံးမှာ တစ်ခါမှလာပြီး လက်မထပ်ဖူးဘူး"

"ဟင်... ဒါဆို အပြင်မှာပဲ လက်ထပ်ဖူးတာလား"

"ဟာ...ပေါက်ပေါက်ရှာရှာ ကိုယ်က လူပျိုစစ်စစ်ပါ ကလေး မရဲ့၊ ရည်းစားတောင် ထားဖူးတာမဟုတ်ဘူး"

ကြုံတုန်းမို့ ကြော်ငြာဖြတ်ဝင်လိုက်တာကို သူမက မျက်စောင်းထိုး တယ်။

"ကဲ...ပြောပါဦး၊ ချစ်သူတွေလားလို့မေးရင် ဒီက ဘယ်လိုဖြေရ မှာလဲ"

"လောလောဆယ်တော့ မဖြစ်ကြသေးဘူးလို့ဖြေပေါ့"

"ဒါပေမယ့်"

"ဘာလဲ ဘယ်တော့ဖြစ်ကြမှာလဲလို့ မေးဦးမယ်လို့ ထင်လို့လား၊ အဲလိုမေးလာရင် ခုလိုဖြေလိုက်၊ သိပ်မကြာခင် ဖြစ်တော့မှာပါလို့"

ဒါပေမယ့် တကယ်ရုံးထဲရောက်ချိန်မှာတော့ သူမ စိတ်ပူသလို ခက်ခက်ခဲခဲ မေးခွန်းတွေမမေးပါဘူး။

နာမည်နဲ့ မွေးသက္ကရာဇ်မေးပြီးတယ်ဆိုရင်ပဲ အိုကေသွားပါတယ်။ မျက်မှန်ထူထူနဲ့ တရားသူကြီးက ကျွန်ုပ်ရှေ့မှောက်၌ ကတိသစ္စာပြုတာ မှန်ကန် ကြောင်း ဘာညာနဲ့ ဆိုင်းထိုးပေးပြီးတော့ ကျွန်တော်တို့နှစ်ယောက်ကို မျက်မှန် ပေါ်က ကျော်ပြီးကြည့်တယ်။ ပြီးမှ ပြုံးပြုံးကြီးနဲ့ ဆုတောင်းပေးတယ်။





"အဆင်ပြေကြပါစေကွာ"တဲ့။

တရားသူကြီးကြည့်ရတာ သူမိန်းမဆိုးတုန်းက ကာလကိုများ ပြန်ပြီး သတိရသွားလားမသိဘူး။ ကျွန်တော်တို့ထွက်လာချိန်အထိ သူ့မျက်နှာက ပြုံးပြီးပြီးဖြစ်နေတုန်းပဲ။

"ဟယ်တော့"

ဆက်တီပေါ်မှာထိုင်ရင်း ဟိုတွေးဒီတွေးနဲ့ ကျွန်တော်ငိုက်မြည်းလုလု ဖြစ်နေတုန်းမှာ ဝိုင်းယုယဆီက အာမေဋိတ်သံတစ်ခု ထွက်ပေါ်လာတယ်။

"ဘာဖြစ်လို့လဲ ဝိုင်း"

"လူ...လူတစ်ယောက် ခြံထဲဝင်လာတယ်"

"ဟင်"

ကျွန်တော် ဆက်တီပေါ်က ခုန်ထလိုက်ပြီး ဝိုင်းကတော့ ဘယ်မှာ နှိုးရင်ကောင်းမလဲ နေရာရှာပုံနဲ့ ဟိုဟိုဒီဒီကြည့်နေတယ်။

"ဝိုင်း အိပ်ခန်းထဲဝင်နေ ကိုယ်ထွက်တွေ့လိုက်မယ်"

ကျွန်တော် အိမ်တံခါးဆီ ခပ်သုတ်သုတ်လျှောက်လာပြီး တံခါးကို ဆွဲဖွင့်လိုက်တယ်။

ဝင်လာသူဟာ အသက်ကြီးကြီး ဆံပင်ရှည်ရှည်နဲ့ လည်ကတုံးအင်္ကျီ ဖြူ ဝတ်ထားတယ်။ လူမိုက်လိုလို ဂိုဏ်းစတားလိုပုံမို့ ကျွန်တော် နည်းနည်း တော့ပြုသွားရတယ်။

ကိုကိုကျော်များ လူမိုက်တွေလွှတ်လိုက်သလားပေါ့။

"ဘာကိစ္စများရှိလို့လဲ နောင်ကြီး"



www.burmeseclassic.com

www.burmeseclassic.com

## ၂

ကျွန်တော် အိပ်ရာကနိုးလာတော့ ဘယ်တုန်းကမှ စောင်ခြုံအိပ်လေ့ မရှိတဲ့ ကျွန်တော့်ကိုယ်ပေါ်မှာ စောင်ပါးလေးတစ်ထည် လွှမ်းခြုံရောက်ရှိနေ တယ်။

ပြီးတော့ အငွေ့တလူလူနဲ့ ခြင်ဆေးခွေလေးတစ်ခွေလည်း အိပ်ရာ ဘေးမှာ တွေ့လိုက်ရတယ်။

အဲ့ဒီတွေထက် ပိုထူးဆန်းတာကတော့ ကျွန်တော့်ရဲ့ မနက်ခင်းတွေ မှာ ဘယ်တုန်းကမှ မကြားခဲ့ဘူးတဲ့ အသံတစ်ခုကို ကြားလိုက်ရတာပါ။

မီးဖိုထဲမှာ ထမင်းချက်ရင်း ညည်းနေတဲ့ သူမနှုတ်များက သီချင်းသံကို ကြားနေရတာပါ။

အင်း....ဒီလိုဆိုတော့လည်း အိမ်ထောင်ရှင်မ တစ်ယောက်ဟလေ ကို ယောက်ျားတွေ တမ်းတတာဟာ မလွန်ပေဘူးလို့ ကျွန်ဘော်စဉ်းစားလိုက် မိတယ်။

ဒါပေမယ့် ကျွန်တော့်အတွေးမဆုံးခင်မှာဘဲ နံရံပေါ်က ဝှိုက်ဘုတ်မှာ ရေးထားတဲ့ စာသားတွေကိုဖတ်မိပြီး ကျွန်တော် မအီမလည်ဖြစ်သွားရတယ်။

"အဲ့လူကြီးနိုးရင် ပဲပြုတ်သွားဝယ်ပေးပါ။ ပြီးတော့ ဆိန္နဲ့သားလည်း မရှိဘူး။ နောက်ပြီး အချိုမှုန့်တစ်၊ ဆပ်ပြာတစ်၊ ကြက်ဥနှစ်လုံး"

ကြည့်ရတာ ကျွန်တော် အစောကြီးနိုးမယ်ထင်ပြီး ညတုန်းက ခြင် ဆေးလာထွန်းပေးရင်း သူမ ရေးသွားတာ ထင်ပါရဲ့။ ကျွန်တော် အစောကြီးမနိုး တာမို့ သူမ ဘယ်လိုများ ဖြေရှင်းလိုက်ပါလိမ့်။





ညော်ခန်းထဲက အိပ်ရာတွေ အမြန်သိမ်းပြီး ကျွန်တော် မီးဖိုထဲဝင် လာခဲ့တယ်။ ကျွန်တော့်ကိုမြင်တော့ သူမက မဲ့ကာရွဲ့ကာနဲ့ ခုလိုပြောတယ်။

"အိပ်ဦးလေ၊ ခုမှ မနက်ကိုးနာရီပဲရှိသေးတာ"

"ဆောရီးကွာ၊ ညက ဟိုတွေးဒီတွေးနဲ့ ညဉ့်နက်သွားလို့၊ ဒါနဲ့ ပဲပြုတ်သွားဝယ်ပေးရမှာလား"

"ဝယ်ပြီးပါပြီ"

"ဒါဆို ဆီတို့ ဆား အချိုမှုန့်တို့"

"ဟင့်အင်း...အဲဒါတွေလည်း သွားဝယ်ထားပြီးပြီ၊ ဟိုဘက်အိမ်က ကဗျာဆရာကြီးကို စတိုးဆိုင် ဘယ်မှာရှိလဲမေးပြီး သွားဝယ်ထားလိုက်တာ"

အင်း....ဒီလိုဆိုတော့လည်း တော်ပေသားပဲလို့ ကျွန်တော် အမှတ် ပေးလိုက်ပါတယ်။ အိမ်သာထဲဝင်လိုက်တော့ သန့်ရှင်းရေးအတွက် ရေအပြည့် ဖြည့်ထားတာကိုလည်း ကျွန်တော် တွေ့လိုက်ရတယ်။

**(ဒီပုံအတိုင်းဆိုရင်တော့ ကျွန်တော် သူမထံမှာ ခပ်မြန်မြန် လက်နက် ချမိလိမ့်မယ်ထင်ပါရဲ့။)**

ကျွန်တော် အိမ်သာထဲကထွက်ခါနီးမှာ အိမ်ကြီးရှင်မတွေဆီက ကြားရလေ့ရှိတဲ့ အမိန့်ပေးသံတစ်ခု ထွက်ပေါ်လာတယ်။

"အဲ့လူကြီး....ရေသေချာလောင်းနော်"

"အဲ"

ပေးထားတဲ့အမှတ်တွေထဲကကျွန်တော် တစ်မှတ်ပြန်နုတ်လိုက်မိတယ်။

"ဆန်က ဒီတစ်နေ့စာပဲဝယ်လာတာ ထပ်ဝယ်ရလိမ့်မယ်၊ ပြီးတော့ ဇာခြားလိုတာတွေလည်း ဝယ်ရမယ်၊ နောက်ပြီး မနက်က ဘုရားဝတ်ပြုတော့ ဘုရားစင်မရှိသေးဘူး။ အဲဒါလုပ်ပေးဦး"

ကော်ဖီသောက် ထမင်းကြော်စားရင်း သူမက တောင်းဆိုလာတယ်။ ကျွန်တော်က ချွင်းချက်မရှိ လက်နက်ချမယ့်လူဆိုတော့လည်း သူမတောင်း ဆိုသမျှ ခေါင်းညိတ်ရပါတယ်။

အားလုံးပဲ ဖြစ်ရပါစေမယ်ပေါ့။

"ပြီးတော့လေ....အဲလူကြီးအတွက် တစ်ယောက်အိပ်ခြင်ထောင် တစ်လုံးလည်း ဝယ်ရမယ်၊ ညတိုင်း ခြင်ဆေးထွန်းအိပ်နေလို့မဖြစ်ဘူး၊ ကျန်းမာ



www.burmeseclassic.com

www.burmeseclassic.com



ရေးထိုးမယ်"

စိုးရိမ်ဖော်ရသားပဲဆိုပြီး ကျွန်တော် ကျေနပ်သွားတယ်။

"ရပါတယ်၊ ကိုယ် ခြင်ဆေးနဲ့အိပ်နေကျပါ"

"ဒါပေမယ့်....ဒီက ခြင်ဆေးနံ့ မခံနိုင်ဘူးဗျ၊ ကြာကြာရှူမိရင် ခေါင်းတွေမူးလာရော"

လက်စသတ်တော့ သူမကျန်းမာရေးအတွက် စိုးရိမ်နေတာပါလား။

"ဟုတ်ပြီလေ၊ ဒါဆိုလည်း ဝယ်တာပေါ့။ နောက်ဘာလိုသေးလဲ"

"အဟဲ...သနပ်ခါးသွေးဖို့ ကျောက်ပြင်မရှိဘူးဗျ၊ ရှင်မတောင်စစ်စစ် လည်း လိုချင်တယ်၊ ပြီးတော့"

ဒီလိုနဲ့ ကျွန်တော်တို့နှစ်ယောက်စလုံး အတူတကွဈေးသွားကြရတယ်။ ဝယ်တာတွေများလွန်းလို့ မောင်တစ်ထမ်း မယ်တစ်ရွက်အပြင် ဆိုက်ကား တစ်စီးကိုပါ အဆစ်ခေါ်ရပါသေးတယ်။

လေထန်ပြီး ပူလောင်သွေ့ခြောက်တဲ့ ဒဂုံမြို့သစ်ရဲ့ နေ့လည်ခင်းမှာ ချွေးပြိုက်ပြိုက်ကျပေမယ့်လည်း ကျွန်တော်ပျော်ပါတယ်။ ဘာလို့ဆို ဆိုက်ကားဆရာကြီးက...

"မောင်ရင်တို့လင်မယားကြည့်ရတာ တော်တော်ချစ်ကြတာပဲ"

ဆိုပြီး မှတ်ချက်ပေးခဲ့လို့ပါ။

(ကျွန်တော်ကလည်း အိမ်ထောင်ဦးအတွက် ပစ္စည်းတွေထွက်ဝယ် တာပါလို့ လျှာချောင်လိုက်မိတာမဟုတ်လား။)

ဒါကြောင့်လည်း အိမ်ပြန်ရောက်တော့ သူမဆီက စည်းကမ်းချက် တွေ ထွက်လာတော့တာပဲ။

"**(တစ်)**....မလိုအပ်ဘဲ ဒါ ကျွန်တော့်ဇနီးပါ၊ ကျွန်တော်တို့ သိပ် မကြာခင်ကမှ လက်ထပ်ထားတာပါဆိုပြီး သူများတွေကို လျှောက်မပြောရဘူး"

"ဟောဗျာ"

"**(နှစ်)**....လူတွေရှေ့မှာ သူ့ပိန်းမဆိုတဲ့ ပုံစံမျိုးနဲ့ ခဏခဏ အသား မယူရဘူး"

"အဲ...."

"**(သုံး)**....ကတော့ ဆီဆိုင်မှာ ဆီဝယ်ရင်း ကျွန်တော့်လက်ကို





လာကိုင်တယ်၊ အဲ့လိုမျိုး ထပ်မဖြစ်ပါစေနဲ့"

"ဟာ....အဲဒါက ဝိုင်းဆီက ဆီပုလင်းလှမ်းယူရင်း မတော်တဆ ထိမိတာပါကွာ"

"အဲလို မတော်တဆတွေများလာရင်တော့ သံလျင်ပြန်မှာပဲ၊ ပြီးတော့ ရှိသေးတယ်၊ ဆိုက်ကားဆရာကြီးကိုလည်း မဆီမဆိုင် အိမ်ထောင်ဦးပါ ဘာညာနဲ့ အတင်းကြီးကြွားနေတာ"

"ဒါကတော့ ဒီလိုပါဝိုင်းရဲ့၊ ကိုကိုကျော်တို့ ပြဿနာမရှာနိုင်အောင် တို့နှစ်ယောက် လက်ထပ်ခဲ့ကြတာလေ၊ အဲ့လိုလက်ထပ်ထားပြီးမှန်း ဒီကလူတွေ လည်း သိသင့်တယ်ထင်လို့ပါ"

"အို....ဒီကလူတွေက ကိုကိုကျော့် အမျိုးတွေမှမဟုတ်တာ၊ သိစရာ မလိုပါဘူး ဒါ့ပဲနော် စည်းကမ်းချက်တွေကို မလိုက်နာရင်တော့ တကယ် သံလျင်ပြန်မှာပဲ"

"သံလျင်တော့ မပြန်ပါနဲ့ဝိုင်းရယ်၊ ကိုယ်ကြိုးစားပြီး လိုက်နာပါ့ မယ်"

**နှစ်ဆယ့်တစ်နှစ်သမီးလေးတစ်ယောက်ဆီမှာ အသက်နှစ်ဆယ့်ရှစ်နှစ်အရွယ် အမျိုးသားတစ်ယောက် ဒူးထောက်ရတာကတော့ တကယ့်ကို ခံချင်စရာတော့ပါ။ ဒါပေမယ့်လည်း ကျွန်တော်က ကျရှုံးခဲ့ပြီမို့ ထူးပြီး မိတ်နာမနေတော့ ပါဘူးလေ။**

ဘကြီးပေးတဲ့ ဝဋ်ကြွေးလို့ပဲ မှတ်ယူလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ၃

"ဟ....ဒါဆို မောင်ရင့်အဖြစ်က တကယ့်ကို အံ့သြစရာကြီးပါ လား။ ဘာဘာညာညာတွေ မရှိသေးဘူးပေါ့"

"ဘာညာမို့နေနေသာသာ ကိုဝေဦးနွယ်ရယ်၊ လက်ချင်းမတော်တဆ ထိမိတာတောင် ပြဿနာရှာနေတဲ့ဥစ္စာ"

"ခက်တာပဲ၊ ဒါဆိုရင်တော့ ခင်ဗျားညံ့သွားပြီ ကိုနေနိုင်ရဲ့၊ တကယ် ဆို ကိုယ့်ခွက်ထဲက စည်ဘီယာပဲဗျာ၊ ဟောဒီလို မော့သောက်ပစ်လိုက်ပေါ့"

ကဗျာဆရာက လက်ထဲက စည်ဘီယာခွက်ကို တကယ်မော့ချ ပစ်လိုက်တယ်။ ဘီယာမသောက်တဲ့ ကျွန်တော်တောင် သူ့အပြုအမူကြောင့် ရှေ့ကလိမ္မော်ရည်ခွက်ကို ကောက်ကိုင်မိမလို ဖြစ်သွားပါသေးတယ်။

ကျွန်တော်ဟာ မိတ်ဖြစ်ဆွေဖြစ်သဘောနဲ့ ကဗျာဆရာကို လိုက်ပြီး ပြုစုနေတာပါ။ သူဟာ ဆီးချိုရှိတာမို့ ဘီယာတစ်ခွက်ပဲ ဆေးဖြစ်ဝါးဖြစ်သဘော စတီသောက်မယ်လို့ဆိုတယ်။

ဆိုင်ရောက်တော့ ခွက်ကြီးနဲ့တစ်ခွက်မှာတယ်။

ဂျားခွက်ကြီးနဲ့ပါ။

အဲ့ဒီဘီယာတစ်ဂျားထဲကမှ ခွက်လေးနဲ့ တစ်ခွက်ချင်းငှဲ့သောက် ရင်း သုံးခွက်လောက်မှာ ကျွန်တော်တို့ရဲ့ ဆွေးနွေးပွဲ အရှိန်မြင့်လာတာပါ။

ကျွန်တော်က ဝိုင်းယုယနဲ့ ဇာတ်လမ်းအဖြစ်မှန်ကို ပြောပြလိုက်တာမို့ ဇာတ်ညွှန်းရေးဆရာက ကျွန်တော့်ကိုယ်စား မချင့်မရဲဖြစ်သွားတယ်။





သူ့စိတ်ကူးထဲ ဇာတ်ရှိန်မြင့်ဖို့ ဇာတ်လမ်းဇာတ်ကွက်တွေ ဆင့်စားမိ သွားဟန်တူပါရဲ့။

"ဒီမယ်....စာရေးဆရာရဲ့ ကိုယ့်ခြံထဲကကြက် ကိုယ်ချက်မစား ရက်ရင် တခြားလူချက်စားသွားလိမ့်မယ်၊ အဲဒီတော့ သွေးအေးမနေနဲ့၊ ဖွင့် ပြောစရာရှိတာ ခပ်မြန်မြန်သာ ဖွင့်ပြောပစ်လိုက်"

"ဘာလဲ ရည်းစားစကားလား"

"ဒါပေါ့ဗျာ၊ **ဘွဲ့ရဖို့အတွက် သုယေတနကေ စတာက်ကြရတာပဲ**၊ ပထမ ရည်းစားစကားပြော၊ နောက် လက်ကလေးကိုင်ပြီး မွှေးမွှေးပေး"

"အောင်မယ်လေး ကိုဝေဦး ရယ်၊ အဲ့ဒါဆို သူ ကကြောင်းပြီး သံလျှင်ကို ချက်ချင်းပြန်သွားလိမ့်မယ်၊ ဖြည်းဖြည်းပေါ့ဗျာ၊ တစ်ဆင့်ချင်းသွား ကြတာပေါ့"

"ဒါဆိုလည်း အကြည့်လေးတွေကစဗျာ၊ မဆို့တရှိုကြည့် နောက် စကားလုံးတွေနဲ့ ရိသဲ့သဲ့လုပ်"

နောက်ခံသီချင်းတစ်ပုဒ်တည်းနဲ့ ချစ်သူတွေဖြစ်ပြီး အိမ်ထောင်ကျသွား တဲ့အထိ ရိုက်ပြနိုင်အောင် ဇာတ်ညွှန်းခွဲပေးတတ်သူကြီးရဲ့ စကားတွေကြောင့် ကျွန်တော် ဘီယာမသောက်ဘဲ အလိုလိုမူးလာတယ်။

"ခင်ဗျားအဖြစ်က လေယာဉ်ပျံပေါ်ရောက်ပြီးမှ လက်မှတ်ဆင်းဝယ် ဦးမယ်ဆိုတဲ့ အပေါက်ပဲ ကိုနေနိုင်ရဲ့၊ သတ္တိရှိစမ်းပါဗျာ၊ အနုပညာသမား ဖြစ်ပြီး သွေးမကြောင်စမ်းပါနဲ့"

ကိုဝေဦးက ဘီယာနောက်တစ်ခွက် ငှဲ့လိုက်ပြန်တယ်။

"ဒီမယ်....တောင်အာဖရိကမှာ ခင်ဗျားထက်ရုပ်ချောတဲ့ လူ တစ်ယောက် ရှိကောင်းရှိမယ်၊ မြောက်ဝင်ရိုးစွန်းမှာ ခင်ဗျားထက် ပိုပြီးအားကိုး နိုင်စရာကောင်းတဲ့ ယောကျ်ားတစ်ယောက် ရှိချင်ရှိမယ်၊

ဒါပေမယ့် ဝိုင်းယုယ က အဲ့ဒီလူတွေကို သွားချစ်လို့မရဘူး၊ ဘာကြောင့်လဲသိလား၊ မမြင်ဘူးလို့၊ ရှိမှန်းမသိလို့၊ အနေမနီးလို့ဘဲ၊ ကျွန်တော်ပြောမယ် စာရေးဆရာရဲ့၊

**(အိုးချင်းထားတိုင်အိုးချင်းမထိပေမယ့်အချစ်ဖြစ်ဖို့အတွက်တော့အနေနီး ခြင်းတာ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းလောက် အရေးကြီးတယ်၊)**

အခုခင်ဗျားတို့နှစ်ယောက်က အနေနီးနေကြပြီပဲ၊တစ်အိမ်ထဲ အတူနေကြတဲ့ဥစ္စာဗျာ၊ ကျွန်တော်နဲ့ နေရာချင်းသာ လဲပစ်လိုက်ချင်တယ်၊ တောက်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အဖြစ်ကလည်း ကဗျာဆရာတောင် တောက်ခေါက်ရတဲ့ အနေအထားမျိုး ရောက်နေတာမဟုတ်လား။

မချင့်မရဲဖြစ်သူကို အပြစ်ယူလို့မရတာမို့ စွမ်းစွမ်းတမံ ကြိုးစားပါ့မယ့်အကြောင်း ကျွန်တော် ကတိပေးလိုက်ရတယ်။

သတ္တိခွန်အားတွေ ထည့်ပေးလိုက်တဲ့အတွက် ကျေးဇူးတင်လှတာမို့ အိမ်အပြန် ပါဆယ်ဝယ်ပြီး လက်ဆောင်ပေးလိုက်ပါသေးတယ်။

သူကအိမ်မပြန်သေးဘဲသူငယ်ချင်းတစ်ယောက်ဆီဆက်ချိတ်သွားတယ်။

သူနဲ့လမ်းခွဲတော့ ကျွန်တော့်နှုတ်ဖျားမှာ ကဗျာတစ်ပိုင်းတစ်စ တွဲခိုပါလာတယ်။

■

ပင်လယ်က
လရောင်ကို
တမ်းမက်သလိုမျိုး....

အမြင်မျို့တဲ့သူက အလင်းဓာတ်ကို
တမ်းတသလိုမျိုး....

ပန်းနေကြာက နေရောင်အလာကို
ငဲ့လင့်သလိုမျိုး....

ငါ
မင်းကို
မျှော်လင့်ခဲ့ပါတယ်။





နောက်ဆုံး သွေးတစ်စက်နဲ့
အသက်ငင်ချိန်အထိ
ငါ့ရဲ့ချစ်ခြင်းတော
မင်းပဲ
ဖြစ်ခဲ့တာပါ။

(ယုံပါ။)

မျက်လုံးအကြည့်တွေနဲ့
နောက်ကောက်ကျ
အလဲထိုးခံနေရသူမှာလည်း
အိပ်မက်လှလှတော့
မက်ခွင့်ရချင်ပါရဲ့တွယ်....။

■



www.burmeseclassic.com

www.burmeseclassic.com

ကဗျာဆရာပေးလိုက်တဲ့ အားမာန်တွေနဲ့ တက်ကြွလာတဲ့ ကျွန်တော့်ရဲ့စိတ်ဓာတ်တွေဟာ သိပ်တော့ ကြာကြာမခံခဲ့ဘူး။

ပြောရရင်ဖြင့် အိမ်မရောက်ခင် လမ်းတစ်ဝက်လောက်မှာပဲ အလိုလိုပြုတ်ကျသွားခဲ့ရပါတယ်။ ဖြစ်ပုံက လမ်းထိပ်မရောင်ခင်မှာ ကားလမ်းတစ်ဘက်ခြမ်းကလျှောက်လာတဲ့ သူမကို တွေ့မြင်လိုက်ရတယ်။

"ဟင်...ဝိုင်းပါလား"

သူမက တစ်ယောက်တည်းမဟုတ်ဘဲ ဘေးနားမှာ သူမအရွယ်နဲ့မတိမ်းမယိမ်းကောင်လေးတစ်ယောက် ပါလာတယ်။ ကောင်လေးက စကား တွေကိုတတွတ်တွတ်ပြောလာတာပါ။

ဒါဟာဘာသဘောလဲ။

ကျွန်တော့်ခေါင်းထဲမှာ မေးခွန်းတွေဆူညံသွားတဲ့အပြင် မခံချင်စိတ်တွေလည်း ရုန်းကြွလာတယ်။

ကျွန်တော်လှမ်းအော်ဖို့ပြင်လိုက်ပေမယ့် ချက်ချင်းပဲ "လူတွေရှေ့မှာအခွင့်အရေးမယူနဲ့"ဆိုတဲ့ သူမရဲ့စကားကို ကြားယောင်ရင်း နှုတ်တွန့်သွား တယ်။

ပြီးတော့ အဲ့ဒီတစ်ယောက်ဟာ ကိုကိုကျော်တို့ဘက်က လူ တစ်ယောက်၊ ဒါမှမဟုတ် သူမရဲ့ ဆွေမျိုးတစ်ယောက်ယောက်ဖြစ်ခဲ့ရင် ဆိုတဲ့ အတွေးနဲ့လည်း တွေဝေသွားတယ်။

ဒါကြောင့် မခေါ်တော့ဘဲ အခြေအနေကိုစောင့်ကြည့်ဖို့ ဆုံးဖြတ်ပြီး ဘတ်စ်ကားမှတ်တိုင် အမိုးအောက်မှာ ဝင်ရပ်နေလိုက်တယ်။





ဝိုင်းက ကျွန်တော့်ကိုမမြင်ဘဲ ခပ်သုတ်သုတ်လျှောက်လာပြီး ဘေးက ချာတိတ်ကတော့ ပေါက်ပေါက်ဖောက်သလို စကားတွေပြောလာတုန်းပဲ။

မှတ်တိုင်ရှေ့နားတည့်တည့်လောက်ရောက်မှ သူမ ကျွန်တော့်ကို တွေ့မြင်သွားပြီး မျက်နှာဝင်းခနဲဖြစ်သွားတယ်။ ချက်ချင်းပဲ ကျွန်တော်ရှိရာကိုလျှောက်လာပြီး ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်လိုက်ပါတယ်။

"ရှာလိုက်ရတာ၊ ဘယ်တွေလျှောက်သွားနေတာလဲ"

ချာတိတ်က ဆက်သွားရမလို ရပ်စောင့်ရမလို ချီတုံချတုံဖြစ်နေတုန်း မှာပဲ သူမက ဖျတ်ခနဲလှည့်ပြောတယ်။

"ဟဲ့....ဒါ ငါ့ယောကျ်ား၊ နောက်တစ်ခါ လိုက်နှောင့်ယှက်ရင် သူနဲ့ကိုသတ်လိမ့်မယ်၊ သိလား"

"ဟင်"

ပေါက်ပေါက်ဖောက်လာတဲ့ ငနဲလေးမျာ"ဟာ"ခနဲဖြစ်သွားတယ်။

"ဘာရပ်ကြည့်နေတာလဲ၊ လစ်တော့လေ၊ နာချင်နေပြီလား"

သူမ ခပ်တည်တည်ဖောက်လိုက်တော့ နားကွင်းတစ်ဘက်နဲ့ ငနဲ လေးခမျာ ချာခနဲ ပြေးထွက်သွားပါတော့တယ်။

ကျွန်တော်ကတော့ လက်မောင်းကို အားကိုးတကြီး တွယ်ဖက်ထား တဲ့ သူမရဲ့ အပြုအမူကြောင့် ကြောင်ပြီးမှင်သက်နေမိတယ်။ ကောင်လေး ထွက်သွားတော့မှ သူမက ကျွန်တော့်မျက်နှာကိုမော့ကြည့်ပြီး ကျွန်တော့်လက် မောင်းကို ဖြောင်းခနဲရိုက်လိုက်တယ်။

အသံအကျယ်ကြီးမြည်တဲ့အပြင် စပ်ဖျင်းဖျင်းဖြစ်သွားအောင်ကို ဘာကယ်တွယ်လိုက်တာပါ။

"အား...နာတယ်ဝိုင်းရဲ့၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ လူတစ်ယောက်လုံး လိုက်နှောင့်ယှက်နေတာကို မမြင်ဘူးလား၊ ဘာလို့လှမ်းမခေါ်တာလဲ၊ ဘာလို့ ဒီတိုင်းရပ်ကြည့်နေတာလဲ"

"ခေါ်မလို့ပဲဝိုင်းရဲ့၊ ဒါပေမယ့် ဝိုင်းက အသားယူတယ်ဆိုပြီး ပြောမှာစိုးတာနဲ့"

သူမက မျက်နှာကိုမဲ့ပြီး တစ်ဖက်လှည့်သွားတယ်။

"တော်ပါ၊ သူများစကားကို အထအနကောက်တာမဟုတ်လား၊ ယောကျ်ားဖြစ်ပြီး အထအနကောက်ရင် သိပ်စပ်မြင်ကပ်တာပဲ၊ သိလား"



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်း သူမမျက်နှာက ငိုမဲ့မဲ့ဖြစ်လာတယ်။

ကျွန်တော်သာ တစ်ခုခုဝင်မပြောဘဲ ခပ်တည်တည်နေလိုက်ရင် တကယ့်ကို ငိုချတော့မှာပါ။

''ကိုယ် အထအနကောက်တာမဟုတ်ပါဘူး။ ရုတ်တရက်ဆိုတော့ ဝမ်းကွဲမောင်နှမတစ်ယောက်လား ကိုကိုကျော်လွှတ်လိုက်တဲ့ လူများလားဆိုပြီး တွေဝေသွားတာပါ၊ ပြီးတော့ ပိုင်းကို ခုလိုမျိုး လမ်းပေါ်မှာမြင်ရမယ်လို့လည်း မထင်ဘူးလေ၊ ပိုင်းက စာပတ်ရင်း အိမ်မှာကျန်နေခဲ့တာဆိုတော့''

''ဟုတ်တယ်၊ စာဖတ်ပြီး အိပ်တော့မလို့ဘဲ၊ ဒီပေမယ့် လေတွေတိုက်လာတာနဲ့ ကြောက်ပြီး သူ့နောက်လိုက်လာတာ၊ ဘေးအိမ်မေးတော့ ကိုဝေဦးနဲ့ လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာဆိုလို့''

အချိန်ကလည်း နေစောင်းကာစမို့ သူမလိုက်လာရဲတာပါ။

ကျွန်တော်သာ ချက်ချင်းအိမ်ပြန်မလာဘဲ ကဗျာဆရာနဲ့ ဆက်ပါသွား ရင် သူမ ဘယ်လောက်များ ရှာလည်နေလိုက်မလဲ။ ပြီးတော့ ပေါက်ပေါက် ဖောက်သံကိုလည်း ဘယ်လောက်တောင် အောင့်အီးသည်းခံနေရမလဲ။

ကံကြီးပေလို့သာပဲ။

နောက်နောင် ခုလိုမျိုး စိတ်လိုက်မာန်ပါ ထလိုက်မလာဖို့ ကျွန်တော် ပြောင်းဖျလိုက်ရတယ်။

''နားကွင်းနဲ့ငနဲလေးမို့ပေါ့၊ ဆေးမှင်ကြောင်နဲ့ ငနဲကြီးမျိုးဆိုရင် ပိုင်း ဘယ်လိုလုပ်မလဲ''

''အံမာ....အော်လိုက်မှာပေါ့၊ ဟော့ဒီမှာ လာကြပါဦးဆိုပြီး အသံ ကုန်ဟစ်လိုက်မှာပေါ့''

ကြည့်ရတာဖြင့် တကယ်လုပ်မယ့်ပုံပဲ။

ကျွန်တော် သူမကိုကြည့်ပြီး ပြုံးလိုက်မိတယ်။

သူမက ကျွန်တော်ပြုံးတာကိုမြင်တော့ ဘာမပြောညာမပြောနဲ့ စောစောကလို တစ်ချက်ထပ်ရိုက်ပြန်တယ်။

''တောဗျာ...ဘာဖြစ်ပြန်တာလဲ''

''ဘာမှမဖြစ်ဘူး၊စောစောကအကြောင်းတွေမိပြီးအသည်းယားလာလို့''

''အဲ..''



ချစ်သူတောက်ကြောင်း




www.burmeseclassic.com

www.burmeseclassic.com

# ၄

ညဟာ လွမ်းစရာကောင်းလောက်အောင် မှိုင်းမှုန်ဝေသီနေတယ်။

ကျွန်တော်ဟာ ညအမှောင်ကို သဘာဝအတိုင်းခံစားရင်း ဘာကို လွမ်းမှန်းမသိ လွမ်းလာရဲ့။

အခုဆို ကျွန်တော်နဲ့သူမ ဒဂုံမြို့သစ်လေးရဲ့ နေရောင်ခြည်နဲ့ လေကောင်းလေသန့်တို့ကို ခံစားရှုရှိုက်လာခဲ့တာ တစ်ပတ်ကျော်လာခဲ့ပြီ။

ဒီအတောအတွင်း ဘကြီးဆီ ကျွန်တော်တို့ ဖုန်းနှစ်ခါဆက်ဖြစ်တယ်။ ဘကြီးက မြို့သစ်လေးမှာပဲ နေကြဦး။ မြို့ထဲမထွက်ကြနဲ့ဆိုလို့ ကျွန်တော် မဂ္ဂဇင်းတိုက်ကနေ ခွင့်တစ်ပတ်ယူထားခဲ့ရတယ်။

"ငါ မင်းတို့ဆီထွက်လာရင် ကျော်ခေါင်တို့တပည့်တွေရဲ့ နောက်ကပါ လာမှာစိုးလို့ တမင်ထွက်မလာသေးတာ၊ သူတို့ရဲ့ အခြေအနေကိုလည်း အကဲ ခတ်တဲ့သဘောပေါ့။ သတင်းစာထဲက ကြော်ငြာတော့ ဖတ်ပြီးပြီမဟုတ်လား"

"ဟုတ်ကဲ့"

သတင်းစာထဲကနေ ဝိုင်းယုယကို အမြန်ပြန်လာဖို့အကြောင်း သွေးဆောင်လက်ခံထားသူကို တရားစွဲမယ်ဆိုတဲ့အကြောင်း ကြော်ငြာပါလာတယ်။အဲဒီကြော်ငြာဖတ်ပြီး ဝိုင်းက ကျွန်တော့်အတွက် စိတ်ပူနေသေးတယ်။

"အဲ့လူကြီးကို တကယ်တရားစွဲရင် ဘယ်လိုလုပ်မလဲဟင်"

"စွဲလို့ရမလားဝိုင်းရဲ့၊ တို့က တရားဝင်လင်မယားတွေ ဖြစ်နေကြပြီ ပဲဟာ"

ဒီနေ့ ဖုန်းဆက်ချိန်မှာတော့ ဘကြီးက ကျွန်တော်နဲ့ဝိုင်းရဲ့ ဆက်ဆံရေး





တိုးတက်မှုကိုမေးတယ်။

အဆင်ပြေကြလားပေါ့။ အခြေအနေကောင်းပြီလားပေါ့။

"ဘကြီးပေးတဲ့လက်ဆောင်ကတော့ စံပဲ ဘကြီးရေ၊ မနေ့ကဆို ကျွန်တော့်လက်မောင်းကို နှစ်ခါတောင်တွယ်လိုက်သေးတယ်၊ အီဆိမ့်သွား တာပဲ"

ဘေးနားက ဝိုင်းကြားအောင် ကျွန်တော် တမင်ကျယ်ကျယ်ပြောလိုက်တယ်။ စတိုးဆိုင်ထဲ ဟိုဒေးဒီဒေးလုပ်နေတဲ့ဝိုင်းက ကျွန်တော့်စကား ကြောင့် မျက်နှာမဲ့ပြီး ကျွန်တော့်ကိုကြည့်တယ်။

"ဘာလဲကွ တွယ်တယ်ဆိုတာ၊ ယီးလေးနိတာ ဖက်တာကိုပြောတာ လား"

"ဖက်ဖို့များတော့ အဝေးကြီးပဲခင်ဗျ၊ ကျွန်တော့်ကိုလည်း ခုချိန်ထိ အဲ့ဒီလူကြီးလို့ခေါ်နေတုံးပဲ၊ ကျန်တာတွေတော့မမေးနဲ့ ဘကြီးရေ"

"မင်းမလဲ ဘုန်းကြီးဖြစ်မယ့်ဇာတာက မကုန်သေးဘဲကိုး၊ လက်ထပ် ပြီး တစ်ပတ်ရှိတာတောင် ခုချိန်ထိ စိမ်းနေကြတုံးလား၊ ဟေ့ နေနိုင်သူ ဝိုင်းကိုခေါ်လိုက်စမ်းကွာ၊ ငါ စကားခဏပြောချင်လို့"

အရိပ်အခြေ လှမ်းကြည့်နေတဲ့သူမကို မျက်ရိပ်ပြ ဖုန်းပေးပြီး ကျွန်တော် စတိုးဆိုင်အပြင်ဘက် ထွက်လာခဲ့တယ်။

သူမပြောချင်တာတွေ ဘကြီးကို လွတ်လွတ်လပ်လပ်ပြောနိုင်အောင် လို့ပါ။ ဘကြီးနဲ့ ဘကြီးရဲ့လက်ဆောင် သူ့ဝမ်းမနာသမီးလေးဟာ ဘာ အကြောင်းအရာတွေကို ဆွေးနွေးကြတယ်မသိဘူး အတော်ကြာတဲ့အထိ မပြီး နိုင်ပါဘူး။

ကျွန်တော် ငိုက်မြည်းလုလုအချိန်လောက်မှ ဖုန်းပြောတာပြီးသွားပြီး သူမ မျက်နှာမကြည်မသာနဲ့ ထွက်လာတယ်။

ကျွန်တော် အကျိုးအကြောင်းသိချင်ပေမယ့်လည်း မှုန်မှိုင်းမှိုင်းဖြစ် နေတဲ့ သူမမျက်နှာကြောင့် ဘာမှမမေးဖြစ်တော့ဘူး။ အိမ်ရောက်တော့ ညစာ စားပြီး သူမက အဝေးသင်စာအုပ်တွေသယ်ဆောင်လို့ အိပ်ခန်းထဲဝင်သွား တယ်။

ကျွန်တော်ကတော့ ဓာတ်ခဲရေဒီယိုလေးနဲ့ ခြံထဲဆင်းလာခဲ့တယ်။

သဘာဝအတိုင်း မှောင်နေတဲ့ခြံထဲမှာ ဘယ်လောက်ကြာအောင် ကျွန်တော်ထိုင်ပြီး စိတ်လွင့်နေမိတယ်မသိဘူး၊ ချွတ်ခနဲအသံနဲ့ သူမ အနား ရောက်လာမှ ကျွန်တော် သတိထားမိတယ်။

"ခြင်ဆေးထွန်းမလား။ ခြင်မကိုက်ဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



''နေပါစေ မင်းမှ ခြင်ဆေးနဲ့မခံနိုင်တာ''

သူမက ဘာမှမပြောဘဲ လက်ထဲပါလာတဲ့ ခြင်ဆေးခွေကို ထွန်းညှိပြီး အောက်မှာချထားလိုက်တယ်။

''ဘကြီးကပြောတယ်သိလား''

''အင်း....ဘာတဲ့လဲ''

''အဲ့လူကြီးကို အဲ့လူကြီးလို့မခေါ်ရဘူး။ ရိုင်းတယ်တဲ့''

''အင်း''

''နောက်ပြီးတော့လေ....ဟို အဲ့လူကြီးက ကိုယ့်လင်ယောကျ်ား အိမ်ဦးနတ်ဖြစ်နေပြီ ညတိုင်း ရှိခိုးအိပ်ရမယ်တဲ့''

ကျွန်တော် ဘကြီးကို လှမ်းပြီးကျေးဇူးတင်လိုက်တယ်။ဘာပဲဖြစ်ဖြစ် လက်ရှိအခြေအနေမှန်ကို သူမ သဘောပေါက်လာတာ ဟာ ကျွန်တော့်အတွက်တော့ အားတက်စရာပါ။

''ပြောတာတွေကတော့ အများကြီးပဲ အဲ့လူကြီးကို ရိုသေဖို့၊ ပြန် မပြောဖို့ အို စုံနေတာပဲ၊ အားလုံးတောင် မမှတ်မိတော့ဘူး၊ ခု ကျွန်တော် သိချင်တာက အဲ့လူကြီးကို ဘယ်လိုပြောင်းခေါ်ရမလဲဟင်၊ ဦးနေနိုင်သူလို့ ခေါ်ရမလား''

''ဟာ....အဲ့ဒါကြီးကတော့ သူစိမ်းဆန်လွန်းပါတယ်''

''အဲ့ဖြင့် ဘယ်လိုခေါ်ရမလဲ''

''ခု အဲ့လူကြီးလို့ခေါ်နေတာလည်း နားထောင်ရတာတော့ ဆန်းသား ပဲ၊ သူစိမ်းတွေကြားရင်သာ ရယ်စရာဖြစ်ကြမှာ၊ ကိုယ်ခေါ်စေချင်တာ တစ်ခု တော့ရှိတယ်၊ မင်း ခေါ်ချင်ပါ့မလား မသိဘူး''

''ဘာလဲဟင်''

''ကိုကိုလို့''

''အို''

သူမ ခေါင်းငုံ့သွားတယ်။

''အဲ့လိုခေါ်တယ်ဆိုတာ ချစ်သူတွေဖြစ်မှခေါ်ကြတာပဲ''

''ကိုယ်တို့က စာချုပ်စာတမ်းအရ တရားဝင်လင်မယားတွေပဲဥစ္စာ''

''ဒါပေမယ့်...ချစ်သူတွေမှမဖြစ်ကြသေးပဲ''

''ဒါဆိုလည်း ချစ်သူမြန်မြန်ဖြစ်ဖို့ စဉ်းစားတော့ပိုင်းရာ''





''တင်...ဘာဆိုင်လို့လဲ''

''ဆိုင်တာပေါ့၊ အဲ့လိုကိစ္စမျိုးက မိန်းကလေးတွေပဲ စဉ်းစားကြရတဲ့ ဥစ္စာ''

''ဟယ်....ဟုတ်ပဲနဲ့''

သူမက ရှက်ရင်ဖြစ်စေ တစ်ခုခုကို ငြင်းချင်ရင်ဖြစ်စေ အမြဲ ''ဟုတ်ပဲနဲ့''လို့ တားစလေ့ရှိတယ်။

ကျွန်တော်က ဟုတ်စေချင်လှပြီဖြစ်ပေမယ့် ဘယ်လိုစကားနဲ့ စတင် ရမယ်မှန်း စဉ်းစားလို့မရဘူး။ဖြစ်ချင်တော့ အဲ့ဒီအချိန်မှာ ကျွန်တော်တို့ထိုင် နေတဲ့ နေရာတည့်တည့်အပေါ်ကို အုန်းလက်ကြွေကျပါတယ်။

အုန်းလက်ခြောက်ခများ သူ့ခန္ဓာဝန်စွန့်ဖို့ ဘယ်လောက်များ အောင့် ထားခဲ့ရတယ်မသိဘူး။ အချိန်ကျပြီဆိုတာနဲ့ ဝုန်းခနဲ အသံအကျယ်ကြီး အော် မြည်ပြီး အောက်ကိုခုန်ဆင်းလာတော့တာပဲ။

**''အမယ်လေး...အ မေ ရေ့''**

သူမက ကြောက်ကြောက်နဲ့ ဆတ်ခနဲထပြီး ကျွန်တော့်ရင်ခွင်ထဲ ပြေးဝင်လာတယ်။

''ဘာမှ မဟုတ်ပါဘူး ...ပိုင်းရဲ့''

''ဘာလဲဟင် ...ဘာဖြစ်တာလဲ၊ မြွေပြုတာလား''

''မဟုတ်ဘူးပိုင်း ..၊ အုန်းလက်ကြွေတာ''

''အမယ်လေး...တော်ပါသေးရဲ့ လူကိုလန့်သွားတာပဲ''

ရှက်ကိုးရှက်ကန်းနဲ့ ကျွန်တော့်ရင်ခွင်ထဲကနေ ပြန်ထွက်ဖို့ပြင်တယ်။ ပေမယ့် ဘယ်ရမလဲ။

''အခု အုန်းလက်ကြွေတာ ဆန်းတယ်ပိုင်းရဲ့''

''ဘာကြောင့်လဲ''

''လေမတိုက်ဘဲနဲ့ ကြွေတာလေ၊ ကိုဝေဦးနွယ်ပြောတာတော့ ဒီလမ်း ထဲမှာ တင်ပေါ်ကပြုတ်ကျပြီး သေသွားတဲ့ အုန်းတက်သမားတစ်ယောက် ရှိခဲ့ဖူးတယ်တဲ့''

**''တင်''**

''မဟုတ်မှလွဲရော အဲ့ဒီအုန်းတက်သမားပဲ သရဲဖြစ်နေလားမသိဘူး၊ တော လက်တွေလှုပ်လာပြန်ပြီ''

www.burmeseclassic.com

## မြို့ချစ်သူတောက်ကြောင်း

"အမေ့"

ဒီတစ်ခါတော့ ကျွန်တော့်ရင်ခွင်ထဲ ခေါင်းဖက်ဝင်ရုံမကဘဲ ကျွန်တော့်ကိုယ်လုံးကို ကျစ်ကျစ်ပါအောင် ဖက်ထားတယ်။တစ်ဘက်ခြံက ကဗျာဆရာကို လှမ်းအော်ပြီး ကျွန်တော့်အဖြစ်ကို ပြလိုက်ချင်ပါရဲ့။

ဒါပေမယ့် အဲလိုကြီးအော်ခေါ်ဖို့က မကောင်းဘူးမဟုတ်လား။

ပြီးတော့ ကြောက်လန့်နေတဲ့ သူမအတွက်လည်း စိတ်အနှောင့် အယှက်ဖြစ်သွားနိုင်ပါတယ်။

ဒါကြောင့် သူမကိုပဲ မကြောက်အောင် အားပေးလိုက်ရတယ်။

"မထနဲ့ဦး ဝိုင်း၊ အုန်းလက်တွေလှုပ်နေတုံးပဲ၊ ဟိုတစ်ပင်ကဆို ပိုတောင်ကြမ်းကကောနေကယ်"



ဘာလဲဟင်...ဘာဖြစ်တာလဲ၊မေမြိုပြီတာလား

BURMESE CLASSIC .com

# ၅

ရာဇဝင်နဲ့ နိပါတ်တွေထဲမှာ ပရိယာယ်ကို အကျိုးရှိအောင် အသုံးချခဲ့တာကြောင့် စစ်နိုင်တာတွေ၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်တာတွေ အများအပြားရှိခဲ့ပါရဲ့။

ကျွန်တော်လည်း သူမနဲ့ ချစ်သူဖြစ်ခွင့်အတွက် ပရိယာယ်တွေအပြင် ဉာဏ်နီဉာဏ်နက်တွေကိုပါ အသုံးပြုခဲ့ရပါတယ်။

တစ်ခါတစ်ရံ ထိရောက်ပေမယ့် တစ်ခါတစ်ရံတော့ ပါးနပ်လှတဲ့ သူမကြောင့် လွဲချော်ကျရှုံးရတာတွေလည်း ရှိခဲ့တယ်။ ကျွန်တော့်ရဲ့ နည်းဗျူဟာတွေထဲက အရိုးစင်းဆုံးတစ်ခုကတော့ သူမကို ရည်းစားစာပေးတာပါ။

ခွင့်ရေ့လို့ မဂ္ဂဇင်းတိုက်ကို ကျွန်တော် အလုပ်ပြန်ဆင်းမယ့်ရက်မှာ သူမက သွားပို့ဂျိကျတယ်။

"ကျွန်တော်တစ်ယောက်တည်း မနေခဲ့ရဲဘူးဗျ"

"ဒါဆို ဘယ်လိုလုပ်မလဲ"

"အဲ့လူကြီးရဲ့ မဂ္ဂဇင်းတိုက်ကို လိုက်ခဲ့မယ်လေ၊ ဘာမှ အနှောင့်အယှက်မပေးဘဲ ငြိမ်ငြိမ်လေးထိုင်နေမှာပါ၊ ကျွန်တော့်ကိုခေါ်ပါနော်"

ကလေးပီပီကွေးလေးဆိုလည်း ကျွန်တော် တကယ်ခေါ်သွားပါရဲ့။

ဒါပေမယ့်...သူမက ကလေးလေးမဟုတ်တဲ့အပြင် အလုပ်မှာ ကလည်း ယောကျ်ားတွေချည်းပဲရှိတာမဟုတ်လား။

"လိုက်လို့မဖြစ်ပါဘူးဝိုင်းရယ်၊ တော်ကြာ မင်းလိုက်လာရင် ကိုယ့် အို



www.burmeseclassic.com

www.burmeseclassic.com



စိတ်မချလို့ လိုက်လာတယ် ထင်ကြမှာပေါ့"

ကျွန်တော့်စကားကြောင့် သူမတွေသွားတယ်။

"ပြီးတော့ မျက်စေ့အောက်က အပျောက်မခံနိုင်အောင် ချစ်နေကြပြီ လို့လည်း ဝိုင်းစကြလိမ့်မယ်"

"ဟယ် ဟုတ်ပဲနဲ့"

"ဒါကြောင့် အိမ်မှာပဲနေခဲ့၊ ပျင်းရင်တော့ ဒီစာကိုဖတ်ပြီး စဉ်းစား နေပေါ့"

"ဒါ ဘာစာလဲဟင်"

**"ရည်းစားစာ"**

"အယ်"

တပေးပြီး ကျွန်တော် ခပ်မြန်မြန်ထွက်လာခဲ့တယ်။

ကျွန်တော်ထင်ပါတယ်။ ဘတ်စ်ကားဂိတ် မရောက်ခင်လောက်မှာပဲ သူမ ကျွန်တော့်စာကို ဖတ်နေလောက်ပါပြီ။





မျက်နှာချင်းဆိုင်ဆိုရင် မျက်နှာထားရခက်နေမှာဖြစ်တဲ့ သူမတာ (ဒိုက်ဘုတ်)ပေါ်မှာတော့ ပေါ်ဦးပေါ်ဖျား ရှားပါးကုန်ရောင်းတဲ့ ဈေးသည်လို အသံကမာလှပါတယ်။

"တစ်လတော့ လျှော့ပေးလိုက်မယ်၊ စဉ်းစားချိန် နှစ်လယူမယ်၊ ဈေးမဆစ်နဲ့တော့"

ဆိုပြီး တင်းခံနေပါသေးတယ်။

ကျွန်တော်က တစ်ပတ်အစား ဆယ့်လေးရက်အထိ စဉ်းစားချိန် တိုးမြှင့်ပေးပြီး ညှိနှိုင်းခဲ့ပေမယ့် သူမကတော့....

"တစ်လခွဲစဉ်းစားမယ်၊ ဒါနောက်ဆုံးပဲ"

ဆိုတဲ့စကားနဲ့ ဆွေးနွေးပွဲကို တစ်ဖက်သတ် ရပ်ဆိုင်းပစ်လိုက်တယ်။

ကျွန်တော်က ဝိုင်းဆီက အမြေရဖို့ တစ်လခွဲတိတိ စောင့်ရမယ့် အကြောင်း ကိုဝေဦးနဲ့ သူ့မိတ်ဆွေ ပန်းချီဆရာ ကိုတိုးတို့ကိုပြောပြတော့ သူတို့က ခွက်ထိုးခွက်လှန်ရယ်ပါတယ်။

ကာယကံရှင်တွေမဟုတ်တော့လည်း ရယ်နိုင်မှာပေါ့လေ။

ကျွန်တော် အဲ့ဒီလို အရယ်စံရတဲ့အချိန်မှာ ဝိုင်းကလည်း သူမနဲ့ အဖွဲ့ကျနေပြီဖြစ်တဲ့ အိမ်နီးချင်း အမျိုးသမီးတွေကို ပြန်ပြောပြပြီး ဟားချင် ဟားနေမှာပါ။

"ဘယ်ရမလဲ ဝိုင်းယုယပဲဥစ္စာ၊ တစ်လခွဲစောင့်ပါဆိုပြီး သင်ခန်းစာ ပေးလိုက်တာပေါ့"

"လေးငါးလစောင့်ဆိုရင်လည်း သူစောင့်ရမှာပဲလေ"

အဲ့ဒီလိုစကားမျိုးတွေနဲ့ အောင်ပွဲခံချင်ခံနေမှာပါ။

ကဗျာဆရာကတော့ ခုလိုပြောပါတယ်။

"ကိုယ့်လူကလည်း ကိုယ့်ခွက်ထဲကဘီယာကို တစ်နေကုန်ထိုင်ပြီး အိမ့်မိမ့်ကြည့်နေစရာ မလိုပါဘူးဗျာ၊ ညတွင်းချင်း အမြေတောင်းလို့ရပါ တယ်"

"ဟုတ်တယ် ကိုနေနိုင်ရဲ့၊ ဘီယာဆိုတာ ဖောက်ပြီး ချက်ချင်း မသောက်ရင် အမြှုပ်သေသွားလိမ့်မယ်၊ အခုအိမ်ပြန်တာနဲ့ အမြေတောင်း ဗျာ"

သူတို့တွေ ဘယ်လိုပြောပြော ကျွန်တော်ကတော့ ဖိအားပေးပြီး တောင်းအကြပ် အရေးမဆိုချင်တာမို့ သူမသတ်မှတ်တဲ့အတိုင်း တစ်လခွဲစောင့်ဖို့ ဆုံးဖြတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ့လူကြီး ဘကြီးကိုပြောလိုက်"

"ဘာလဲ"

"အဆင်ပြေတယ် အိုကေတယ်လို့"

"ဘာ"

သူမက အော်သလို ကျွန်တော်ကလည်း အကျယ်ကြီးပြန်အော်ပြီး ပေးလိုက်တာပါ။ သူမက ခဏဆိုတဲ့သဘောနဲ့ လက်ကာပြပြီး အိမ်ထဲပြေးဝင်သွားတယ်။

ခဏနေတော့ (ပိုက်ဘုတ်)ကြီးကိုင်ပြီး ပြန်ထွက်လာတယ်။

ကျွန်တော် လှမ်းမြင်အောင် စာလုံးအကြီးကြီးနဲ့ရေးပြတယ်။ တစ်ခုက (ချစ်တယ်)။ နောက်တစ်ခုကတော့ (ဥ)တဲ့

BURMESE CLASSIC .com

"ချစ်တယ်၊ (ဥ)"

ဆိုပြီးရေးပြတာပါ။

ကျွန်တော် ချက်ချင်းပဲ အဓိပ္ပါယ်ပေါက်ပြီး လှပ်ခနဲ ရင်ဖိုဝမ်းသာ သွားတယ်။

"အိုကေတယ် ဟုတ်လား"

"အိုကေတယ် အဆင်ပြေတယ်လို့"

သူမက ကျွန်တော်သာမက တစ်လမ်းလုံးကြားလောက်အောင် အော်ပြီး ရှက်စနိုးနဲ့ အိမ်ထဲပြန်ပြေးဝင်သွားတယ်။

ကျွန်တော် ဝမ်းသာအားရ ဘီယာဆိုင်ဆီ ဦးတည်လိုက်ချိန်မှာ ဘေးအိမ်က ကိုဝေဦးနွယ် ထွက်လာပြီး လှမ်းမေးတယ်။

"ဟေ့လူ....ဘာတွေလဲဗျ၊ ဘာတွေဖြစ်နေတာလဲ"

"အိုကေတယ် ကိုဝေဦး"

"အိုကေတယ်ဆိုတာ ဘာလဲဗျ"

"အဆင်ပြေတယ်ပြောတာ"

"အေးလေ ဘာကိုအဆင်ပြေတာလဲ"

"အိုကေတဲ့ကိစ္စ အဆင်ပြေတယ်လို့ပြောတာဗျို့ ပြန်လာမှရှင်းပြမယ်၊ ခဏလေး"

ကျွန်တော် စည်ဘီယာဆိုင်ကို အသော့နှင်ပါတယ်။





မျက်နှာချင်းဆိုင်ဆိုရင် မျက်နှာထားရခက်နေမှာဖြစ်တဲ့ သူမတာ (ပိုက်ဘုတ်)ပေါ်မှာတော့ ပေါ်ဦးပေါ်ဖျား ရှားပါးကုန်ရောင်းတဲ့ ဈေးသည်လို ဆဆံကမာလှပါတယ်။

"တစ်လတော့ လျှော့ပေးလိုက်မယ်၊ စဉ်းစားချိန် နှစ်လယူမယ်၊ ဆပ်မဆစ်နဲ့တော့"

ဆိုပြီး တင်းခံနေပါသေးတယ်။

ကျွန်တော်က တစ်ပတ်အစား ဆယ့်လေးရက်အထိ စဉ်းစားချိန် ကို မြှင့်ပေးပြီး ညှိနှိုင်းခဲ့ပေမယ့် သူမကတော့....

"တစ်လခွဲစဉ်းစားမယ်၊ အနောက်ဆုံးပဲ"

ဆိုတဲ့စကားနဲ့ ဆွေးနွေးပွဲကို တစ်ဖက်သတ် ရပ်ဆိုင်းပစ်လိုက်တယ်။

ကျွန်တော်က ဝိုင်းဆီက အပြေရဖို့ တစ်လခွဲတိတိ စောင့်ရမယ့် အကြောင်း ကိုဝေဦးနဲ့ သူ့မိတ်ဆွေ ပန်းချီဆရာ ကိုတိုးတို့ကိုပြောပြတော့ သူတို့က နှတ်ထိုးခွက်လှန်ရယ်ပါတယ်။

ကာယကံရှင်တွေမဟုတ်တော့လည်း ရယ်နိုင်မှာပေါ့လေ။

ကျွန်တော် အဲ့ဒီလို အရယ်ခံရတဲ့အချိန်မှာ ဝိုင်းကလည်း သူမနဲ့ အခွဲ့ကျနေပြီဖြစ်တဲ့ အိမ်နီးချင်း အမျိုးသမီးတွေကို ပြန်ပြောပြပြီး ဟားချင် ဟားနေမှာပါ။

"ဘယ်ရမလဲ ဝိုင်းယုယပဲဥစ္စာ၊ တစ်လခွဲစောင့်ပါဆိုပြီး သင်ခန်းစာ ပေးလိုက်တာပေါ့"

"လေးဝါးလစောင့်ဆိုရင်လည်း သူစောင့်ရမှာပဲလေ"

အဲ့ဒီလိုစကားမျိုးတွေနဲ့ အောင်ပွဲခံချင်ခံနေမှာပါ။

ကဗျာဆရာကတော့ ခုလိုပြောပါတယ်။

"ကိုယ့်လူကလည်း ကိုယ့်ခွက်ထဲကဘီယာကို တစ်နေကုန်ထိုင်ပြီး အဓိပ္ပါယ်ကြည့်နေစရာ မလိုပါဘူးဗျာ၊ ညတွင်းချင်း အဖြေတောင်းလို့ရပါ တယ်"

"ဟုတ်တယ် ကိုနေနိုင်ရဲ့ ဘီယာဆိုတာ ဖောက်ပြီး ချက်ချင်း မသောက်ရင် အမြုပ်သေသွားလိမ့်မယ်၊ အခုအိမ်ပြန်တာနဲ့ အဖြေတောင်း ဗျာ"

သူတို့တွေ ဘယ်လိုပြောပြော ကျွန်တော်ကတော့ ဖိအားပေးပြီး အတင်းအကြပ် အရေးမဆိုချင်တာမို့ သူမသတ်မှတ်တဲ့အတိုင်း တစ်လခွဲစောင့်ဖို့ ဆုံးဖြတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သိကြတဲ့အတိုင်း…အမျိုးသမီးတွေဆိုတာက….

**ညဉ့်ခံပွဲမှာတစ်ဓါပဲဝတ်ရမယ့် ချိတ်လုံချည် အဆင်ရွေးတာတော တစ်ဝတ်လောက် အချိန်ယူချင်သေးတာ၊ တစ်သက်လုံးပေါင်းရမ ယောကျ်ားဆိုတော့လည်း ဒီလောက်တော့ အချိန်ယူမှာပေါ့လေ၊**

ဒါပေမယ့်….တကယ်တွေးကြည့်တော့

တစ်လခွဲဆိုတာ ရက်ပေါင်းလေးဆယ့်ငါးရက်တောင် အကြာကြီး ခ အဲ့ဒီအချိန်ကာလကို ဘယ်လိုသည်းခံမှုမျိုးနဲ့ ဖြတ်သန်းရမလဲ ကျွန်တော် စဉ်းစားမရ

(အတွေးနဲ့တင် အတော့်ကို ရင်မောရပါတယ်။)

ဒါပေမယ့် ကံကောင်းချင်တော့ ကျွန်တော့်အဖြစ်ကို ကြည့်ရက်ပုံ မ မြားနတ်မောင်ဟာ…

နောက်တစ်နေ့မှာပဲ ကျွန်တော့်အိမ်ရှေ့ကို မာစီးဒီးကားကြီးနဲ့ ဆိုက်ဆို မြိုက်မြိုက် ရောက်ရှိလာပါတယ်။



CHAPTER 4

## မြားနတ်မောင်ကယ်တင်ခြင်း

ဘကြီးတာ ဆေးတံကိုဖွာပြီး ရှုတည်တည်ကြီး ထိုင်နေရာကနေကျွန်တော်နဲ့ဝိုင်းကို တစ်လှည့်စီ စိုက်ကြည့်တယ်။

"မင်းတို့ဟာက ဘယ်လိုဖြစ်ကြတာလဲကွ၊ လက်ထပ်ပြီးလို့နှစ်ပတ်ကျော်သုံးပတ်ထဲရောက်လာတာတောင် ခုချိန်ထိတစ်ယောက်နဲ့တစ်ယောက်သူစိမ်းဆန် နေကြတုန်း ပါလား၊ဟော့နေနိုင်သူ၊ဘယ်လိုဖြစ်တာလဲကွ၊ မင်းတို့ အနေအထားက–"

ဆန်ရင်းနာနာဖွပ်ဆိုတဲ့ စကားအတိုင်း ဘကြီးက ကျွန်တော့်ကိုဖိမဲ တယ်။

"အနေအထားကတော့ ဘကြီးမြင်တဲ့အတိုင်း ငွေဖလားပဲဘကြီး"

"ဘာလဲကွ ငွေဖလား"

"ငွေဖလားဆိုတာ ရွှေဖလားမဖြစ်သေးတာပေါ့ ဘကြီးရဲ့ အောင်ပွဲ မရသေးဘူးပြောတာပါ"

ကျွန်တော်ကပေါ့ပေါ့ပါးပါးဖြစ်အောင် နောက် လိုက်ပေမယ့် ဘကြီး က မျက်နှာတည်နေတုံးပဲ။

"ငါက မင်းတို့အတွက် အကောင်းဆုံးဖြစ်အောင်

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ဖို့ အကြံပေးလိုက်တာ၊ လက်ထပ်လိုက်မှ ဝိုင်းလည်း အိမ်နဲ့ပြဿနာဖြစ်တာရပ်သွားမယ်၊ နေနိုင်သူလည်း တည်ငြိမ်သွားမယ်၊ ကျော်ခေါင်တို့လင်မယား လည်း နားအေးသွားမယ်ပေါ့၊ ခုတော့ ဘာမှမထူးခြားဘူးဆိုရင်တော့ ဝိုင်းလည်း အိမ်ပြန်တာအကောင်းဆုံးပဲ"

"ရှင်"

"ဗျာ...ဘယ်လို ဘကြီး"

ဘကြီးက မီးသေသွားတဲ့ ဆေးတံကို မီးညှိတယ်။

"ဟုတ်တယ်ကွ၊ အရင်လို ပိုနေမြဲ ကျားနေမြဲ ပြန်နေလိုက်ကြတာ အကောင်းဆုံးပဲ၊ ကျော်ခေါင်တို့လင်းမယားက ဝိုင်းကို အမွေပြတ်မယ့် အကြောင်း လာပြောတာ နှစ်ခါရှိပြီ၊ ငါက ဝိုင်းသိအောင်ပြောပေးမယ်၊ ပြန်လာမယ် မလာဘူးတော့ အာမမခံနိုင်ဘူးဆိုပြီး ပြောထားတာ၊ အခု မင်းတို့ ချင်းလည်း အဆင်မပြေဘူးဆိုတော့ ဝိုင်း ဘကြီးနဲ့ သံလျှင်ကိုသာ ပြန်လိုက် ခဲ့၊ ဒါမှ ငါလည်း ကြားကနေ ပုဏ္ဏားတိုင်လို အပြောခံနေရတာ နားအေး မယ်၊ ဝိုင်းလည်း ရသင့်ရထိုက်တဲ့ သမီးဝေပေရဲ့ အမွေတွေကို ဆက်ခံနိုင် မယ်"

ဘကြီးစကားကြောင့် ကျွန်တော် ဘာမှပြန်မပြောနိုင်လောက်အောင် စိတ်ရှုပ်ထွေးသွားပြီး ဝိုင်းကတော့ သိသိသာသာ မျက်နှာပျက်သွားတယ်။

တကယ်တော့ ဘကြီးရောက်လာတာဟာ ကျွန်တော်တို့ အသုံးပြုတ် နေမှာစိတ်ပူပြီး ငွေလာပေးတာဖြစ်တဲ့အပြင် နေရထိုင်ရ အဆင်ပြေမပြေသိချင် လို့ ရောက်လာတာပါ။

သူရောက်လာတော့ ဧည့်ခန်းက ကျွန်တော့်အိပ်ရာကို မသိမ်းရသေး တာမို့ အခြေအနေကို ရိပ်စားမိသွားတယ်။ ဒီကြားထဲ ဝိုင်းက ဘကြီးရှေ့မှာ "အဲ့လူကြီး" ဆိုပြီး အရင်အတိုင်း ခေါ်ဝေါ်နေတာကြောင့်လည်း ရိပ်မိသွား တာပါတယ်။

ကျွန်တော်တို့နှစ်ယောက် ဘာလုပ်ရမှန်းမသိဘဲ နှုတ်ဆိတ်ငြိမ်သက်နေ ချိန်မှာ ဘကြီးက ထိုင်ရာကနေထရပ်တယ်။

"တစ်လမ်းလုံး ကားမောင်းလာရတော့ အာခြောက်တယ်ကွ၊ လမ်းထိပ်မှာ စည်ဘီယာဆိုင်လေးတွေ့ခဲ့တယ်၊ ရေငတ်ပြေ သွားသောက်လိုက် ဦးမယ် မင်းတို့ချင်းလည်း တိုင်ပင်ထားကြပေါ့"

ဘကြီးထွက်သွားမှ သူမဆီက စကားသံထွက်ပေါ်လာတယ်။





"ဘယ်လိုလုပ်ကြမလဲဟင်၊ ကျွန်တော်တော့ သံလျှင်ပြန်မလိုက်ချင် ဘူး"

သူမက မျက်နှာငယ်လေးနဲ့ပြောလာလို့ ကျွန်တော် စိတ်မကောင်း ဖြစ်သွားတယ်။

"ကိုယ်လည်း မပြန်စေချင်ပါဘူး၊ ဒါပေမယ့် ဘကြီးက တစ်မျိုး ဝိုင်းရဲ့ လူဗြောင့်စိတ်တိုကြီး၊ သူက ပြောရင်ပြောတဲ့အတိုင်းဖြစ်မှ ကြိုက်တာ"

"ဝိုင်းတို့ ထွက်ပြေးကြမလားဟင်"

"ဘယ်ကိုပြေးမှာလဲ၊ ဘာအတွက်လဲ"

"တစ်နေရာရာပေါ့၊ သူသူငယ်ချင်းအိမ်တွေဘာတွေ မရှိဘူးလား၊ ဝိုင်း သံလျှင်မပြန်ရအောင်လေ"

ကျွန်တော် ခြောက်ခြောက်ကပ်ကပ်ပြုံးလိုက်တယ်။

"ထွက်ပြေးလို့ ဘာထူးမှာလဲ ဝိုင်းရဲ့၊ ကိုယ်နဲ့ဝိုင်းက ချစ်သူတွေ လည်းမဟုတ်သေးဘူး၊ ကိုယ်တို့ချင်း သူစိမ်းပြင်ပြင်ဖြစ်နေလို့ကတော့ ခုံရင်း ခုံရင်းပဲ၊ ကိုယ်တို့နှစ်ယောက် အဆင်ပြေတယ်ဆိုရင် ဟိုသင်း ချစ်သူရည်းစားလို အကြင်လင်ပယားလို ချစ်ချစ်ခင်ခင်ဆိုရင် ဘကြီးက ဘယ်ပြန်နိုင်းပါ့မလဲ"

"ဒီဆို ဘာလုပ်ရမှာလဲဟင်"

သူမပုံက အဖြေကို လက်ထဲမှာကိုင်ထားပြီး လိုက်မေးသလိုမျိုး ဖြစ်နေတာပါ။ ကျွန်တော်လည်း ရှည်ရှည်ဝေးဝေး ရှင်းပြမနေချင်တာနဲ့...

"စဉ်းစားပါဦးလေ၊ အချိန်ရပါတယ်၊ ဘကြီးက တစ်ညအိပ်ပြီး နောက်တစ်နေ့မှပြန်မှာပဲ၊ ဒီည စဉ်းစားလိုက်ပေါ့၊ ကိုယ် ဘကြီးနောက်ကို လိုက်သွားလိုက်ဦးမယ်"

"ဘာလဲ အဲ့လူကြီးပါ ဘီယာသောက်မလို့လား"

"မဟုတ်ပါဘူး၊ ကိုယ်မှ ဘီယာမသောက်တာ၊ ခုချိန်မှာ ဘကြီးက ညှိသည်လိုဖြစ်နေတာဆိုတော့ ကိုယ်လိုက်သွားမှဖြစ်မှာပေါ့"

ကျွန်တော် ပြောပြီးတာနဲ့ သူမဘေးကထွက်လာခဲ့တယ်။

ရင်ထဲမှာတော့ ဘကြီးရဲ့ အဆုံးအဖြတ်ကြောင့် ဟာလာဟင်းလင်း ကြီး ခံစားနေရပါတယ်။ ခြံဝင်းတံခါးကိုပြန်ပိတ်ပြီး ထွက်လာလို့ လေးငါးလှမ်း အရောက်မှာ အိမ်ထဲက လက်ခုပ်တီးသံကြားလိုက်ရတယ်။

လှည့်ကြည့်လိုက်တော့ သူမက လက်ဖဝါးနှစ်ဖက်ကို ပါးစပ်ရှေ့ မှာလေ့ရင်း



www.burmeseclassic.com

www.burmeseclassic.com



လှမ်းအော်တယ်။

"အဲ့လူကြီး ဘကြီးကိုပြောလိုက်"

"ဘာလဲ"

"အဆင်ပြေတယ် အိုကေတယ်လို့"

"ဘာ"

သူမက အော်သလို ကျွန်တော်ကလည်း အကျယ်ကြီးပြန်အော်ပြီး မေးလိုက်တာပါ။ သူမက ခဏဆိုတဲ့သဘောနဲ့ လက်ကာပြပြီး အိမ်ထဲပြေးဝင်သွားတယ်။

ခဏနေတော့ (ပိုက်ဘုတ်)ကြီးကိုင်ပြီး ပြန်ထွက်လာတယ်။

ကျွန်တော် လှမ်းမြင်အောင် စာလုံးအကြီးကြီးနဲ့ရေးပြတယ်။ တစ်ခုက (ချစ်တယ်)။ နောက်တစ်ခုကတော့ (ဥ)တဲ့

"ချစ်တယ်၊ (ဥ)"

ဆိုပြီးရေးပြတာပါ။

ကျွန်တော် ချက်ချင်းပဲ အဓိပ္ပါယ်ပေါက်ပြီး လှပ်ခနဲ ရင်ဖိုဝမ်းသာ သွားတယ်။

"အိုကေတယ် ဟုတ်လား"

"အိုကေတယ် အဆင်ပြေတယ်လို့"

သူမက ကျွန်တော်သာမက တစ်လမ်းလုံးကြားလောက်အောင် အော်ပြီး ရှက်စနိုးနဲ့ အိမ်ထဲပြန်ပြေးဝင်သွားတယ်။

ကျွန်တော် ဝမ်းသာအားရ ဘီယာဆိုင်ဆီ ဦးတည်လိုက်ချိန်မှာ ဘေးအိမ်က ကိုဝေဦးနွဲ့ယ် ထွက်လာပြီး လှမ်းမေးတယ်။

"ဟေ့လူ....ဘတွေလဲဗျ၊ ဘာတွေဖြစ်နေတာလဲ"

"အိုကေတယ် ကိုဝေဦး"

"အိုကေတယ်ဆိုတာ ဘာလဲဗျ"

"အဆင်ပြေတယ်ပြောတာ"

"အေးလေ ဘာကိုအဆင်ပြေတာလဲ"

"အိုကေတဲ့ကိစ္စ အဆင်ပြေတယ်လို့ပြောတာဗျို့၊ ပြန်လာမှရှင်းပြမယ်၊ ခဏလေး"

ကျွန်တော် စည်ဘီယာဆိုင်ကို အသော့နှင်ပါတယ်။






ဆိုင်ရောက်တော့ မောနေလို့ တော်တော်နဲ့ စကားမပြောနိုင်ဘူး။ ဘကြီးက မြှုပ်မြုပြာပြာမော့ကြည့်ရင်း လှမ်းမေးတယ်။

"ဟေ့ကောင် နေနိုင်သူ ဘာဖြစ်လာတာလဲကွ၊ မောကြီးပန်းကြီး"

ကျွန်တော် အသက်မရှူဘဲ ပြန်ပြောလိုက်တယ်။

"အိုကေတယ် ဘကြီး"

"ဟေ...."




www.burmeseclassic.com

www.burmeseclassic.com



ညတွေရဲ့အဆုံးမှာ
အာရုဏ်ဦးရှိရင်
အမှန်းတွေရဲ့အဆုံးမှာ
အချစ်ရှိတယ်။

သံယောဇဉ်တွေရဲ့အဆုံးမှာ
ကြင်နာခြင်းရှိပြီး
ငါ့အိပ်မက်အဆုံးမှာတော့
မင်း....ရှိရလိမ့်မယ်....။



## ၂

"ဒီလင်နဲ့ဒီမယား အိုအောင်မင်းအောင် သက်ဆုံးတိုင်ထိ ပေါင်းနိုင် ကြပါစေ"

ကျွန်တော်နဲ့ဗိုင်း သံဃာတော်တွေကို ဦးချကန်တော့လိုက်တယ်။

ကျွန်တော့်တို့ရဲ့ မင်္ဂလာဦးဆွမ်းကျွေးကို လက်ထပ်ပြီး တစ်လကျော် ကြာမှ ကျင်းပဖြစ်တာပါ။

သတို့သား ကျွန်တော်ရဲ့ဘကြီးဖြစ်သလို သတို့သမီး ဗိုင်းရဲ့ အုပ်ထိန်းသူလည်းဖြစ်နေလေတဲ့ ဘကြီးဟာ တစ်ယောက်တည်းနဲ့ အပတ်မလည်အောင် အလုပ်ရှုပ်နေတယ်။

မိုးလင်းကတည်းက ဒီပေါက်မှာ။ ဘုန်းကြီးပင့်နဲ့ ဘကြီးတစ်ယောက် ရှင်ခြေလည်နေတာပါ။ ဘုန်းကြီးဆွမ်းကပ်ပြီးတော့လည်း ဘုန်းကြီးတွေပြန် ကြွဖို့ သူ့ပဲ ကားနဲ့လိုက်ပို့ရတယ်။

ကျွန်တော်နဲ့ဗိုင်းက တဖွဲဖွဲရောက်လာတဲ့ စာပေလောကထဲက မိတ်ဆွေတွေ၊ ယမ်းထဲကလူတွေနဲ့ ကိုဝေဦးနွယ် တို့အုပ်စုကို ဧည့်ခံနေရတယ်။

"ကြီးရင်မှီ ငယ်ရင်ချို...တဲ့"

"ခင်ဗျားမှားသွားပြီ၊ ဒီခေတ်က ချိုတဲ့ခေတ်မဟုတ်တော့ဘူး။ ခေတ်တွန်းလှည်းတို့ ကလေးထိန်းတို့နဲ့ လွဲထားတဲ့ခေတ် ဖြစ်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ—နေနိုင်သူက ကလေးထိန်းရှာရဦးမှာပေါ့"

တဗျာဆရာအုပ်စု ပွဲကျနေတယ်။

ဝိုင်းယုယရဲ့ အပေါင်းပါတွေဖြစ်တဲ့ သင်္ချာသားကတော် အန်တီ ယယ်လေးတို့ အန်တီမိုးတို့ တက္ကသိုလ် ကျောင်းဆရာမ ဇင်မာသန်းတို့အုပ်စု ကလည်း တခွိခွိနဲ့၊ ကြည့်ရတာမြင်း ကျွန်တော်တို့စုံတွဲ အတင်းပြောနေတယ်ထင်တာပဲ။

အနားရောက်သွားတော့ အပျိုကြီးဇင်မာသန်းရဲ့အသံကို နားစွန် နားဖျားကြားလိုက်ရတယ်။

"ယောကျ်ားတွေနဲ့ ပျားတွေက အတူတူပဲ…တဲ့"

"ဟုတ်တယ်၊ ယောကျ်ားတွေလည်း အလုပ်လုပ်တယ်၊ ပျားတွေ လည်း အလုပ်လုပ်တယ်၊ အဲ့ဒါကိုပြောတာမဟုတ်လား"

"ပေါက်ပေါက်ရှာရှာ၊ ပျားတွေက သူတို့အသိုက်အအုံကိုထိရင် မခံသလို ယောကျ်ားတွေကလည်း သူတို့မာနကိုထိရင် မခံဘူး။ ပြီးတော့ ဝတ်ရည်ရှိတဲ့နေရာကို သူ့အလိုလိုသိတဲ့နေရာမှာလည်း အတူတူပဲ"

ကျောင်းဆရာမအပျိုကြီးရဲ့ ဒဿနတွေပါ။

သူမဟာလည်း 'သက်ဆုံးတိုင်'ဆိုတဲ့နာမည်နဲ့ စာတွေပေတွေ ရေနေ သူမို့ ခေသူမဟုတ်လို့ပြောရမှာပါ။

ကျွန်တော်နဲ့ဝိုင်း ဧည့်သည်တွေကို ဧည့်ခံနေတုံးမှာပဲ ဘကြီးပြန် ရောက်လာတယ်။ဘကြီးက ကျွန်တော်ကိုလှမ်းကြည့်ပြီး "လာဦး"ဆိုတဲ့ အမူအရာပြ လို့ ကျွန်တော် ဘကြီးအနားရောက်သွားတယ်။

"အပြင်မှာ ဧည့်သည်တစ်ယောက်ရောက်နေတယ်ကွ၊ မင်း အဝင် ခံချင်လား မခံချင်လားမသိလို့ ခဏစောင့်ဦးလို့ ငါပြောထားတယ်"

"ဘယ်သူလဲ ဘကြီး"

**"ကိုကိုကျော်"**

**"တင်"**

ကိုကိုကျော်ဟာ ဝိုင်းကိုလက်ထပ်ဖို့ ကြိုးစားဖူးသူဖြစ်သလို ကျွန်တော် တို့နှစ်ယောက်ကိုခွဲဖို့ ကြံစည်ဖူးသူလည်းဖြစ်တယ်။

သူဘာကြောင့် ရောက်ရှိလာရတာလဲ။ဒါဟာ တိုက်ဆိုင်မှုရောဟုတ်ပါရဲ့လား။

"မင်းမတွေ့ချင်ရင် ငါသွားပြောလိုက်မယ် နေနိုင်"





"ရတယ် ဘကြီး၊ ကျွန်တော် ထွက်တွေ့လိုက်ပါ့မယ်"

ကျွန်တော့်ကိုမြင်တော့ ကိုကိုကျော်က တည်တည်ငြိမ်ငြိမ် လက်ဆွဲ နှုတ်ဆက်တယ်။

"ကွန်ဂရက်ကျူလေးရှင်း ကိုနေနိုင်သူ၊ ကျွန်တော် ခင်ဗျားတို့ အတွက် ဝမ်းသာဂုဏ်ယူကြောင်းပြောချင်လို့ ရောက်လာတာပါ၊ တိုင်ချက်ဖွင့် ထားတာတွေ ဦးလေးက ပြန်ရုတ်သိမ်းလိုက်ပါပြီ၊ ဒီရောက်မှ ခင်ဗျားတို့ မင်္ဂလာဆွမ်းကျွေးနေကြောင်း သိရတာပါ"

"အထဲဝင်ပါဦး ကိုကိုကျော်"

ရန်သူတောင် လက်နက်ချလာရင် ဧွေးထွေးရသေးတာပဲ။

ကျွန်တော် သူ့ကို ရန်သူလို သဘောမထားတော့တာမို့ အိမ်ထဲဖိတ်ခေါ် လိုက်တယ်။

ကိုကိုကျော်ကိုမြင်တော့ ဝိုင်းက မတွေ့ချင်ဘူးဆိုတဲ့သဘောနဲ့ ကျွန်တော့်ကို မျက်စောင်းခဲပြတယ်။ ဘကြီးကလည်း ဟက်ဟက်ပက်ပက်မရှိဘဲ ကိုဝေဦးနွယ် တို့ဝိုင်းမှာ သွားထိုင်နေတာမို့ ကျွန်တော်ပဲ ဒံပေါက်ပန်းကန်ချပေး ပြီး ဧည့်ခံလိုက်ရတယ်။

အနည်းအကျဉ်းသာစားပြီး ကိုကိုကျော်က ပြန်ဖို့နှုတ်ဆက်တယ်။ သူလည်း ဆင်ခြင်ချင်ရှိန်ဖြစ်နေပုံပါ။

"ကျွန်တော်လာတဲ့အတွက် စိတ်အနှောင့်အယှက်မဖြစ်ပါနဲ့ ကိုနေနိုင် သူ၊ ကျွန်တော်လာတာ ဝမ်းသာကြောင်း ပြောချင်ရုံသက်သက်ပါ၊ ပြီးတော့ ဝိုင်းအပေါ် အမှုဖြတ်ဖို့ကိစ္စ မလုပ်ဖြစ်တော့ဘူး။ အဲဒါ ဝိုင်းသိစေချင်လို့ပါ"

"ကျွန်တော်ပြောလိုက်ပါ့မယ် ကိုကိုကျော်၊ သူ ဧည့်သည်တွေ ဧည့်ခံနေလို့ပါ"

"ကျွန်တော် သဘောပေါက်ပါတယ်၊ ကဲ ခွင့်ပြုပါဦး"

ကျွန်တော့်ရဲ့ပြိုင်ဘက်ဟောင်းကြီးဟာ ရိုရိုကျိုးကျိုးနှုတ်ဆက်ပြီး ပြန်သွားတယ်။

သူထွက်သွားမှ ဝိုင်း အနားရောက်လာတယ်။

"သူ ဘာလာလုပ်တာလဲ ကိုကို"

(ဝိုင်းဟာ အခုဆိုရင် "အဲ့လူကြီး"အစား"ကိုကို"လို့ ကျွမ်းကျွမ်း ကျင်ကျင် ခေါ်တတ်နေပါပြီ။)

"ဝိုင်းကို အမှုဖြတ်မကြေညာဖြစ်တော့တဲ့အကြောင်း လာပြော တာ"



www.burmeseclassic.com

www.burmeseclassic.com



''ဒါလေးများ၊ သူလာပြောမှသိရမှာလား၊ အလကားလူ၊ တမင်မျက်နှာလာပြောင်တာ''

''ဘာပဲဖြစ်ဖြစ် သူလာသွားတာလဲကောင်းပါတယ်၊ ကိုတို့ ချစ်ချစ် ခင်ခင် ကြင်ကြင်နာနာရှိကြောင်း သူသိသွားရတာပေါ့၊ ဒါနဲ့ ညည်းသည်တွေက တော်တော်ကြာပြီနော် ဝိုင်း၊ ပြန်ကြဖို့ကောင်းပြီ''

''ဟင်...ချက်ချင်းကြီး ဘာဖြစ်လို့ပြန်စေချင်ရတာလဲ''

''ကိုယ်တို့ လွတ်လွတ်လပ်လပ်နေချိန် ပိုရအောင်လို့ပေါ့''

သူမ ကျွန်တော့်ကို မျက်စောင်းလှမ်းထိုးတယ်။

ခဏကြာတော့ ညည်းသည်တွေက ကျွန်တော့်စကားကို ကြားသွားတဲ့ အတိုင်း အလျှိုအလျှိုပြန်သွားကြတယ်။ မပြန်တာဆိုလို့ အမာခံပရိသတ်ဖြစ် တဲ့ ကိုဝေဦးနှ.ယ်နဲ့ ကိုတိုးနှစ်ယောက်သာကျန်တယ်။

သူတို့က ကျွန်တော့်ဘကြီးနဲ့အတူ ဗိစကိုပုလင်းဖောက်ကြမှာမို့ ပေပြီး ထိုင်နေကြတာပါ။

''ဘယ်လိုလဲ နေနိုင်၊ စရတော့မလား''

''ဘကြီးတို့သဘောပဲလေ၊ ဒံပေါက်ထဲက ကြက်သားတွေထုတ်ပြီး ကျွန်တော် အမြည်းလုပ်ပေးမယ်၊ ဝိုင်းရဲ့လက်ရာ ကြက်ဥမွှေကြော်နဲ့ လက်ဖက်သုပ်လည်း ဗိစဉ်လိုက်မယ်''

ကျွန်တော်တို့နှစ်ယောက် နောက်ပေးမှာ အမြည်းစီစဉ်နေတုန်းမှာပဲ ဘကြီးတို့က ကွင်းဖွင့်ပွဲ စတင်လိုက်တယ်။ နောက်ဆုံး အမြည်းပွဲကိုသွားပို့ တော့ သူတို့ တော်တော်အရှိန်ရနေကြပြီ။

ဟိုအကြောင်း ဒီအကြောင်းတွေ ဟိုဟိုဒီဒီလျှောက်ပြောရင်း နောက် ဆုံးတော့ ကျွန်တော်တို့နှစ်ယောက်ဆီ ဦးတည်လာတယ်။ ဘကြီးက ကျွန်တော် တို့နှစ်ယောက် ရေရှည်ရေးအတွက် ဝင်ငွေရမယ့် လုပ်ငန်းတစ်ခုခု ထူထောင်ဖို့ အကြံပေးတယ်။

ကျွန်တော်က အရင်းအနှီးမရှိကြောင်းပြောတော့ ချစ်ဖို့ကောင်းတဲ့ ဘကြီးက....

''မင်းတို့ကို ငါပေးစားခဲ့တာဆိုတော့ ငါပဲ တာဝန်ယူရတော့မှာပဲ၊ ဒီလိုလုပ်ကွာ ကျောက်မြောင်းကတိုက်ခန်းကို နှစ်ချုပ်နဲ့ငှားပြီး ရတဲ့ငွေနဲ့ ဒီအဂိုမှာ အိမ်ဆိုင်ဖြစ်ဖြစ် တအုပ်ဆိုင်ဖြစ်ဖြစ်ဖွင့်ကွာ''





''အဲဒါကောင်းတယ်၊ ဒီလမ်းထဲမှာ အိမ်ဆိုင်ရော တအုပ်ဆိုင်ပါ မရှိဘူး ဘကြီးရဲ့''

ကိုဝေဦးက ဝမ်းသာအားရထောက်ခံပြီး ဝိုင်းက အားတက် သရော သဘောတူပါတယ်။

''ဝိုင်းလည်း ဈေးရောင်းရတာ ဝါသနာပါတယ် ဘကြီးရဲ့၊ ဝိုင်း ရောင်းမယ်၊ ကိုကိုက အားတဲ့အချိန် တအုပ်ဆိုင်မှာထိုင်ပေါ့''

''ဒါဆို အခုငှဲ့မယ်ခွက်က နေနိုင်သူတို့လင်မယားရဲ့ တအုပ်ဆိုင်နဲ့ ရုပ်ဈေးဆိုင်ဖွင့်ပွဲ အထိမ်းအမှတ်ပေါ့''

ကိုတိုးက အတည်ပြုပေးလိုက်ပြီးတဲ့နောက်မှာတော့ ဘကြီးရဲ့ အကြံ ပြုမှုက တရားဝင်ဖြစ်သွားတော့တယ်။ နောက်မှ မူးလို့ပြောတာပါဆိုပြီး ငြင်း လို့မရတော့ဘူးပေါ့။

သူပိုင်တဲ့ အခန်းငှားခကို ကျွန်တော်တို့ပေးမယ့်အကြောင်းဟာ အတည်ဖြစ်သွားပါတယ်။

ဒီလိုနဲ့ တအုပ်ဆိုင်နဲ့ ကုန်စုံဆိုင်လေးဖွင့်ဖို့ ကျွန်တော်နဲ့ဝိုင်း ဗိတ်ကူး ယဉ်ကြတော့တယ်။ နာမည်တွေရွေးလိုက်ကြတာလည်း အစုံပဲ။

အကြင်နာရပ်ဝန်း တအုပ်ဆိုင်တို့။ လိုတရ ကုန်ပဒေသာဆိုင်တို့။ ဒါပေမယ့် တကယ်ဖွင့်ဖြစ်တဲ့အခါမှာတော့ ကျွန်တော်က နာမည်ရိုးရိုးပဲပေးလိုက်တယ်။

''ဘကြီးပေးတဲ့ဆိုင်''



www.burmeseclassic.com

www.burmeseclassic.com

# ၇

''အန်တီ အချိုမှုန့်ရှိလား''

မငယ်လေးသမီး မီးမီးက အချိုမှုန့်လာမေးတာကို ဝိုင်းက ပိုပိုသာသာ လေးဖြေလိုက်တယ်။

''အချိုမှုန့်ရော အချိုရည်ရော အကုန်ရှိတယ်၊ မီးမီးဘာယူမလဲ''

''ဟာ...အရည်ဆိုတော့ သောက်လို့ရတာပေါ့ အချိုရည်ပဲယူတော့ မယ်''

မီးမီး အချိုရည်တစ်ဗူးဝယ်ပြီးတော့ မော့သောက်သွားတယ်။

ခဏနေ တော့ အငယ်လေးတို့အိမ်ဘက်က မီးမီးငိုသံကြားရတော့တာပဲ။ အချိုမှုန့်ဝယ်ခိုင်းတာ အချိုရည်သောက်ပြီးပြန်လာတဲ့သမီးအလိမ္မာလေးကိုသူ့အမေက ဩဘာပေးပြီပေါ့။

စာရေးနေတဲ့ကျွန်တော် မနေသာတော့ဘဲ သူမကိုလှမ်းပြောလိုက်ရတယ်။

''အချိုမှုန့်လာဝယ်တာ အချိုမှုန့်ပဲပေးလိုက်ရောပေါ့ကွာ''

''အို...ဝိုင်းဆိုင်မှာ ပစ္စည်းတွေ ဒီလောက်စုံတဲ့ဥစ္စာ၊ ''ကာစတမ်မာ'' ကို လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးရမယ်လေ ကိုကိုရဲ့''

ဝိုင်းဟာ အဲ့ဒီလိုမျိုး ဈေးသည်ကြီးဆန်ဆန် ပီသလာတယ်။

ဆိုင်ဖွင့်တာ ဘယ်လောက်မှမကြာသေးပေမယ့် ကျွမ်းကျင်တဲ့ အရောင်းဈေးသည်ဖြစ်လာတယ်။သကြားလာဝယ်တဲ့လူကို သကြားကုန်နေလို့ဆိုပြီး ထန်းလျက်တွေ အတင်းထိုးရောင်းတယ်။





''ချိုတာချင်းအတူတူပဲလေ ညီမရဲ့ ထန်းလျက်က ဓါတုဗေဒ ချွတ်ဆေး ဆိုးဆေးမပါတော့ ကျန်းမာရေးနဲ့ ပိုတောင်ညီညွတ်သေးတယ်''

လာဝယ်တဲ့ကလေးမခမျာလည်း မအူမလည်မို့ ဝိုင်းအကြံပေးတဲ့ အတိုင်း ထန်းလျက်တွေဝယ်ချသွားလေရဲ့။ ဆပ်ပြာမှုန့်မရှိလို့ ဆပ်ပြာခဲတွေ ယူသွားခိုင်းတာမျိုးလောက်တော့ ဝိုင်းက သနားတယ်။

ကျွန်တော်ကိုယ်တွေ့ပါ။

အီဇာလာမေးတာကို ''အီ''ပါတာချင်းတူတဲ့ အီလန်ဝယ်သွားအောင် ရောင်းနိုင်တဲ့ ဈေးသည်မျိုးပေါ့။

လာဝယ်တဲ့လူတွေကလည်း သူနဲ့ ဘော်ဒါတွေဖြစ်နေကြတာဆိုတော့ ဝယ်သွားကြတာပါပဲ။

နောက်ပိုင်း စာအုပ်အငှားဆိုင်လေး ထပ်ဖွင့်ဖြစ်တော့လည်း သူမပဲ ကျွမ်းကျင်သူဖြစ်လာတယ်။

တစ်ရက်မှာပေါ့ . .

ကောင်လေးတစ်ယောက်က ''ဘီလူးစာအုပ်ရှိလား''လာမေးတော့ ခုမှ စာအုပ်ဆိုင်စထိုင်ဖူးတဲ့သူမက ဒေါသပုန်ထပါတော့တယ်။

''ဟေ့....တို့က ကောင်းရောင်းကောင်းဝယ် စာအုပ်အငှားဆိုင်ဖွင့် ထားတာ၊ ဘလူးစာအုပ်တွေ အပြာစာအုပ်တွေမတင်ဘူးကွ''

သူမရဲ့ ပွဲကြမ်းနေသံကြောင့် ကျွန်တော် အိမ်ထဲကပြေးထွက်ပြီး ''ဘာဖြစ်လဲ''မေးယူရတယ်။

သူမက မျက်နှာထိမျက်နှာထားနဲ့ ခပ်ဆတ်ဆတ်ပြန်ဖြေတယ်။

''ဒီမှာလေ....အပြာစာအုပ်ရှိလားတဲ့ လာမေးနေတယ်''

''ဟာ....အစ်မ....ကျွန်တော်မေးတာ ဘီလူးဝတ္ထုစာအုပ်ပါ''

''တဲ့....ဘလူးစာအုပ်တွေ မတင်ဘူးလို့ ငါပြောပြီးပြီပဲ''

မနေသာတဲ့ကျွန်တော်တာ ခိုင်ဗုန်းတရားသူကြီးလို အတင်းပဲဝင်ပါရ တော့တယ်။

''မင်းမေးတာ အကြည်တော်ရဲ့ ဘီလူးဝတ္ထုလား''

''ဟုတ်တယ် ဦး''

''အဲဆို မနက်မှရမယ်ကွာ၊ ငှားထားလို့''



www.burmeseclassic.com

www.burmeseclassic.com



ချာတိတ်လေး ခေါင်းကုတ်ပြီးပြန်သွားမှ ကျွန်တော် သူမကို တိုးတိုး ကြိတ်ကြိတ်ဆူရတယ်။ ဒီလောက်တောင် တုံးရသလားပေါ့။

သူမက ဝတ္ထုစာအုပ်တွေနဲ့ မနီးစပ်ခဲ့တာကို ဝန်မခံဘဲ ကျွန်တော့်ကို ဘောက်ဆတ်ဆတ်တုန့်ပြန်ပါတယ်။

''အို....ဒါက ဝိုင်းအပြစ်မှမဟုတ်ဘဲ ကိုကိုရဲ့ သူမှ စကားကို ပီအောင်မပြောတာဘဲ၊ ဝိုင်းစိတ်ထဲမှာ တမင်လာရစ်တယ်ထင်တာပေါ့''

''ဖြစ်နိုင်ခြေကိုတော့ ထည့်တွက်မှပေါ့ကွာ၊ လာမေးတဲ့ချာတိတ်က ကလေးပဲရှိသေးတာ၊ တခြားဟာတွေမေးရဲ ရစ်ရဲပါ့မလား''

''ဘာပဲဖြစ်ဖြစ် ဝိုင်းမှားတာတော့ သေချာတယ်၊ သူက စာရေး ဆရာနာမည်နဲ့ တိတိကျကျမှမပြောဘဲ''

ခေါင်းမာတဲ့သူမဟာ တစ်ခါတစ်ခါ အလျှော့မပေးဘဲ အဲ့ဒီလို ခံငြင်း တတ်ပါသေးတယ်။

ကျွန်တော်က ဆင်ခြေပေးတာမျိုးကို သဘောမကျပေမယ့် ညားကာ စဆိုတော့လည်း သည်းခံရတာပါပဲ။

ခဏနေတော့ အမျိုးသမီးတစ်ယောက် စာအုပ်လာငှားတယ်။

''လမ်းခွဲတာ ဝမ်းနည်းစရာလား ဆိုတဲ့ စာအုပ်ရှိလား ညီမ''

အိမ်ထဲမှာ စာထိုင်ရေးရင်း ကြားနေရတဲ့ ကျွန်တော်ဟာ အဲဒီစာအုပ် မရှိဘူးလို့ ချက်ချင်းပဲသိလိုက်တယ်။

ကျွန်တော်ပြောလွန်းလို့ ဆိုင်မှာရှိတဲ့ စာအုပ်တွေကို ''ခေါင်းစဉ် လောက်ပဲဖြစ်ဖြစ်''လေ့လာထားတဲ့ သူမကလည်း မရှိကြောင်းပြန်ပြောလိုက် တယ်။

''မရှိဘူး အစ်မ''

''ဒါဆို....အချစ်ကံခေပေမယ့်အနှစ်ကျန်စေရမယ် ဆိုတာကော''

ဒီတစ်ခါလည်း မရှိဘူးလို့ဘဲ ပြန်ဖြေရမှာပါ။

ဒါပေမယ့်....အမြဲတန်း ပိုပိုသာသာဖြေတတ်တဲ့သူမက မရှိဘူးလို့ တုံး တိတိ ဖြေရမှာ အားနာတယ်နဲ့တူပါရဲ့။ဒါကြောင့် အဆစ်ကလေးထည့်ဖြေလိုက်တယ်။

''အဲ့ဒီစာအုပ်လည်း တင်မထားဘူး၊ ဒီလိုလုပ်ပါလား အစ်မ၊ အလွမ်း ဝတ္ထု အချစ်ဝတ္ထုတွေဖတ်ချင်ရင် ဟော့ဒီစာအုပ်တွေဖတ်လေ''

အဖုံးလှလှနဲ့ အချစ်ဝတ္ထုတွေထုတ်ပေးတော့ အမျိုးသမီးက စိတ်ပျက်





သွားပုံနဲ့...

''တို့မေးတာက တရားစာအုပ်တွေကွယ့်''

ဆိုပြီး လှည့်ထွက်သွားတယ်။

ဒီတစ်ခါတော့ ကျွန်တော် သူမကို သွားပြီးအပြစ်ပြောမနေတော့ဘဲ ကိုယ့်ဘာသာစာဆက်ရေးနေလိုက်တယ်။

သွားပြောရင်''ကိုကို့တရားစာအုပ် နာမည်တွေက.....''ဆိုပြီး ခံငြင်းမှာ သေချာနေလို့ပါ။



အရည်ဆိုတော့ သောက်လို့ရတာပေါ့

www.burmeseclassic.com

www.burmeseclassic.com

# ၄

''ဝိုင်းရေ...ဗိုက်ဆာပြီကွာ၊ ထမင်းစားကြရအောင်''

ဆိုင်မှာလူရှင်းတုန်း ထမင်းစားဖို့ လှမ်းဆော်လိုက်တော့ သူမ အိမ်ထဲ ဝင်လာပြီး ထမင်းပွဲပြင်တယ်။

''ကိုကိုရေ...ဒီနေ့တော့ ဘဲဥပဲနော်၊ ဖြစ်ရဲ့လား''

ဗိုက်ဆာဆာနဲ့ တအားစားဖို့ အားခဲထားတဲ့ကျွန်တော်ဟာ ဘဲဥဆိုတဲ့ အသံကြောင့် စိတ်တတ်ကျသွားတယ်။

ဘဲဥဆိုရင်တော့ မဖြစ်ဘူးဝိုင်းလို့ ပြောတော့ကော သူမက အခေါက် ကင် အသားကင် ဝယ်ကျွေးမှာတဲ့လား။

''ရပါတယ်ကွာ၊ တစ်ခါတစ်လေပဲဥစ္စာ၊ အဲ မနေ့ကလည်း ဘဲဥပဲ မဟုတ်လား''

''အဟဲ...မနေ့ကဘဲဥကြော်လေ ကိုကိုရဲ့၊ ဒီနေ့က ဘဲဥချဉ်ရည် ဟင်း။ အရသာချင်းက တစ်မျိုးစီပါ''

''မနက်ဖြန်ဆို ဘဲဥပြုတ်များဖြစ်နေဦးမလား''

''ဘာလဲဟင် ကိုကိုက ဘဲဥပြုတ်ကြိုက်လို့လား''

ကျွန်တော်က ရှဲ့ပြီး ခေါင်းညိတ်လိုက်ရင် တကယ်ပြုတ်နေမှာစိုး တာမို့ ...ပျာကယာ ခေါင်းယမ်းလိုက်ရတယ်။

''ဟင့်အင်း...လုံးလုံးမကြိုက်ဘူး ဝိုင်းရဲ့''





''မသိပါဘူး၊ ကိုကိုကြိုက်ရင် ပြုတ်ပြီးသုပ်ပေးမလို့''

အငြင်းမြန်ပေလို့သာပဲ။

နို့မို့ဆို...ဘဲဥဇာတ်လမ်းတွဲထဲက တော်တော်နဲ့ ထွက်ရမယ်မထင် ဘူး။

''ရပါတယ် ဝိုင်းရယ်၊ အစားအသောက်အတွက်နဲ့တော့ အဲဒီလောက် အပင်ပန်းခံ ချက်ပြုတ်မနေပါနဲ့''

ရှဲ့လို့ရှဲ့မှန်းမသိတဲ့သူမက ခုလိုပြန်ပြောတယ်။

''ခုလည်း အပင်ပန်းမခံပါဘူး ကိုကိုရဲ့၊ ဝိုင်းကတော့ လွယ်တာလေး တောက်ချက်လိုက်တာပဲ''

ကျွန်တော့်ရဲ့ သူယောင်မယ်လေးက အဲ့ဒီလိုမျိုးပါ။

သူပါးချင်တဲ့နေရာမှာ လွှတ်ပါးပြီး။ ထူချင်တော့လည်း အံ့သြစရာ ကောင်းလောက်အောင် ထူထဲနေတတ်တယ်။

''ကိုကို နောက်နေ့ဘာစားချင်သလဲဟင်''

''ဘဲဥနဲ့ငါးမဟုတ်ရင် ဘာပဲဖြစ်ဖြစ်ရပါတယ်''

''ဒါဆို ပုဇွန်ချက်မယ်နော်''

ပုဇွန်က သူမရဲ့ ပေးဘာရိတ်တွေထဲကတစ်ခုပေါ့။

သူမဟာ နေရာအတော်များများမှာ ချစ်ဖို့ကောင်းပေမယ့် ဟင်းချက် ရင်တော့ သူမအကြိုက်သာ ချက်လေ့ရှိတယ်။

(ဒါကြောင့် နောက်ပိုင်း...ကျွန်တော်ပဲ ဈေးဝယ်ပါတော့တယ်။ သိသူတွေက ဒီလူကြီး မိန်းမတော်တော်ချစ်တာပဲလို့ ထင်ကြပေမယ့် တကယ် က ကိုယ့်အကြိုက်လေးတွေ ဝယ်ချင်လို့ပါ။)

သူမဟာ ဈေးဝယ်ရင် ကိုယ့်အကြိုက်သာဝယ်လေ့ရှိသလို အိပ်ချင် ပြီဆိုရင်လည်း ဘာကိုမှ အားမနာ။ နောက်ဆုံးမတင်းဘဲ အိပ်ပျော်သွားလေ့ရှိ တယ်။

ကျွန်တော်နဲ့ ရှေ့ရေးနောက်ရေးတွေ ပြောနေရင်ဖြစ်စေ။ တီဗီက ဇာတ်လမ်းကောင်းလေး ကြည့်နေကြရင်းဖြစ်စေ...

အိပ်ချင်ပြီဆို မျက်စေ့တစ်မှိတ် လျှပ်တစ်ပြတ်အတွင်းမှာ တခေါခေါနဲ့ အိပ်ပျော်ကျသွားတတ်တာမျိုးပါ။

စိတ်ပါလက်ပါ စကားပြောနေတဲ့ ကျွန်တော် အောင့်သက်သက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားမလား။ စိတ်ခုသွားမလား။ နည်းနည်းလေးတောင် မစဉ်းစားဘဲ အိပ်ပျော်သွားတတ်တာမျိုးပါ။

ဒါကြောင့် တစ်ခါက ကျွန်တော်နဲ့ အငြင်းအခုံဖြစ်ရပါသေးတယ်။

"ဝိုင်းရေ...ခြံထဲဆင်းကြရအောင်၊ ဖျာယူခဲ့ကွာ"

"ဘာလုပ်ဖို့လဲ ကိုကို"

"ဒီနေ့ လပြည့်ညလေ၊ တန်ဆောင်မုန်းလပြည့်ညကွ၊ ကြိုရခဲတယ်၊ ခြံထဲမှာ ဖျာခင်းထိုင်ပြီး လက်ဖက်သုပ်လေးဘာလေး စားကြရအောင်"

အမှန်က လရောင်နဲ့ ရွှန်းမြနေတဲ့ညမှာ ချစ်သူနဲ့အတူထိုင်ပြီး ရင်ခုန်စရာစကားလေးဘာလေးပြောရင်း ကောင်းမယ်ဆိုတဲ့ စိတ်ကူးနဲ့ပါ။

တစ်အိမ်လုံး မီးမှောင်အောင်ပိတ်ပြီး လရောင်နဲ့ လင်းနေတဲ့ မြေ တလင်းကို ကျွန်တော်တို့ ဆင်းလာခဲ့ကြတယ်။

လေတွေက နုနုညံ့ညံ့တိုက်ခတ်နေကြပြီး လရောင်ကတော့ ပြာလဲ့လင်းထိန်နေတယ်။

ပတ်ဝန်းကျင် အနေအထားဟာ ကျွန်တော့်လို အနုပညာသမားအတွက်တော့ တကယ့်ကို ရင်ခုန်ချင်စရာပါ။

ချစ်စိတ်ချစ်သွေးတွေ ဝင်းမှည့်လာပြီး ငယ်မူငယ်သွေးတောင် ပြန်လာပါသေးတယ်။

ကျွန်တော်က လက်ဖက်သုပ်လေးစားလိုက် ရေနွေးလေးသောက် လိုက်၊ လရောင်ကိုခံစားလိုက်နဲ့ အရှိန်ယူနေချိန်မှာ သူမကတော့ ဖျာပေါ်မှာ တုံးလုံးလှဲလိုက်တယ်။

ကြည့်ရတာ ငုပ်တုပ်ထိုင်ဖို့တောင် စိတ်မပါဘူးထင်ပါရဲ့။ လရောင် ကလည်း မူးယစ်ဆေးဝါးလို လူကို မိန်းမူးရီဝေစေတာမဟုတ်လား။

"ကိုယ်....မင်းကိုစတွေ့တုန်းကလေ...."

"အင်း...."

"ဒီသူငယ်မလေးတော့ တစ်ချိန်မှာ ငါနဲ့ပတ်သက်လာလိမ့်မယ်လို့ လုံးလုံးမထင်ခဲ့မိဘူး"

"အင်း"

"ဝိုင်းစဉ်းစားကြည့်လေ၊ အသက်ချင်းကလည်း ခုနစ်နှစ်နီးပါးကွာ တယ်





နေတာကလည်း အရပ်တစ်နေရာစီ၊ ပြန်တွေ့ပြီး ပတ်သက်စရာကလည်း ဘာအကြောင်းမှမရှိဘူး၊ ဘယ်လိုလုပ် ထင်မိမှာလဲ၊ ဒါပေမယ့် အချစ်ဆို တာတ ဆန်းကြယ်တယ်နော်"

"....."

"သွေးမတော်သားမစပ် ယောကျ်ားတစ်ယောက်နဲ့ မိန်းမ တစ်ယောက်ကို ရင်ခုန်သံတစ်ခုထဲအောက်မှာ ပူးကပ်ပျော်ဝင်သွားစေတယ်"

"....."

"ဝိုင်း"

"....."

ဘာသံမှထွက်မလာလို့ ကျွန်တော်လှည့်ကြည့်လိုက်တော့ သူမက အသက်မှန်မှန်ရှုရင်း အိပ်ပျော်နေပါပြီ။

ခဏကြာရင် သွားရည်တွေစီးကျလာမလား ထင်ရလောက်အောင် နှုတ်ခမ်းလေးတွေဟပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာပါ။

လရောင်ပြာလဲ့လဲ့အောက်မှာ မျက်လုံးမှေးမှိတ်ပြီး အိပ်ပျော်နေတဲ့ ချစ်သူကို စိမ့်စိမ့်ကြည့်ပြီး ကျွန်တော် ရင်ခုန်မလာတဲ့အပြင်

ဒေါသတွေ တောင် ရုတ်တရက် ဆူဝေလာတယ်။

ဘယ့်နှယ့်....တစ်နှစ်မှ တစ်ညပဲကြုံရတတ်တဲ့ ခုလိုလပြည့်ညကို သူမက နှာဝက်အိပ်ပစ်လိုက်တော့မှာတဲ့လား။

မူလအစီအစဉ်က ညဆယ့်နှစ်နာရီထိုးရင် မယ်ဇလီဖူး ထသုပ်ကြ မလို့ပါ။ အခုတော့ ဆယ့်နှစ်နာရီဝေးလို့ ကိုးနာရီကျော် ဆယ်နာရီသာရှိသေးတဲ့ အချိန်မှာ သူမက အိပ်ပစ်လိုက်တာပါ။

ပြီးတော့လည်း...ကျွန်တော်က အချစ်အကြောင်းပြောပြနေတဲ့ အချိန်မှာမှ...ဒ

ကျွန်တော် အောင့်သက်သက်နဲ့ ရေနွေးတွေ တစ်ခွက်ပြီးတစ်ခွက် သောက်နေလိုက်ပေမယ့်လည်း စိတ်ကတော့ တော်တော်နဲ့ ပြေလျော့မလာ ဘူး။

ဒါကြောင့် သည်းမခံနိုင်တဲ့အဆုံးမှာတော့ သူမကို နှိုးလိုက်တယ်။

"ဝိုင်း....ထဦးကွာ"

သူမက အအိပ်မက်ပေမယ့် အအိပ်ဆတ်လို့ တော်သေးတယ်။ ချက်ချင်းပဲ ပြူးပြာပြာနဲ့ နိုးလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



''ဘာလဲဟင်....ဘာလဲ''

''ခုမှ အစောကြီးရှိသေးတယ်ကွ၊ ကြံ့ဖတောင့်ကြီးခြဲ လပြည့်ညကို အိပ်ပစ်လိုက်တော့မလို့လား''

''အာ....ကိုကိုကလည်း လေလေးတဖြူးဖြူး လရောင်လေးတလင်း လင်းနဲ့ ဒီလောက်အိပ်ကောင်းနေတဲ့ဟာကို....''

ကျွန်တော် တင်းခနဲဖြစ်သွားတယ်။ ဒါကြောင့်....

''အိပ်တာက ညတိုင်းအိပ်လို့ရတယ်ကွ၊ ဒီလိုလပြည့်ညက ညတိုင်း မကြုံနိုင်ဘူး''

ကျွန်တော် ခပ်ဆတ်ဆတ်ပြောလိုက်ပေမယ့် သူမကတော့ ကျွန်တော့် အသံကို သတိထားမိပုံမရဘူး။

''အံမာ တစ်လတစ်ခါကြုံနေရတဲ့ဟာ''

''ဒါပေမယ့်....ဆောင်းပေါင်းခတဲ့ညလေ၊ တစ်နှစ်မှ တစ်ခါတည်း ကြုံခွင့်ရတာ ပြီးတော့ ခုလိုမျိုး ခြံထဲမှာ ဖျာခင်းပြီး စိတ်အေးလက်အေး ထိုင်ခွင့်ရဖို့က အမြဲဖြစ်နိုင်မှာမဟုတ်ဘူး၊ နောက်နှစ် ဒီလိုအချိန်မှာ ဘာဖြစ် မလဲ ဘယ်သူမှမသိနိုင်ဘူး ထိုင်ခွင့်ရတုန်း ကြုံခွင့်ရတုန်း အမှတ်တရဖြစ်အောင် နေပါလား ဝိုင်းရဲ့ ဘာလို့အိပ်ပစ်မှာလဲ''

ကျွန်တော်ဖြစ်ချင်တာက နောင် အသက်တွေကြီးလာရင်တောင် သားသမီး မြေးမြစ်တွေနဲ့ မအားမလပ် ရှုန်းကန်နေရရင်တောင် ခုလိုညမျိုး တစ်ညကို ဘဝမှာ မှတ်မှတ်ထင်ထင် ကျန်ရစ်ခဲ့စေချင်တာပါ။

ဘယ်တုန်းက သူနဲ့ငါ လမင်းကြီးကို ထိုင်ကြည့်ပြီး ဘာစကားတွေ ပြောခဲ့ကြတယ် ဆိုတာမျိုးပေါ့။

ဒါပေမယ့် သူမကတော့ လက်တွေ့ဆန်လွန်းတယ်ပဲပြောရမလား သဘာဝအလှကို မခံစားတတ်ဖူးဘဲ ဆိုရမလားမသိဘူး။

ကျွန်တော်ကို ခုလိုပြန်ပြောပါတယ်။

''ဟယ်....ကိုကိုကလည်း....ဖျာကလည်း အသင့်ခင်းထားတယ် ပတ်ဝန်းကျင် အခြေအနေကလည်း အေးအေးချမ်းချမ်း တိတ်တိတ်ဆိတ်ဆိတ် နဲ့ အိပ်ပစ်ချင်စရာကောင်းတယ်၊ အနားမှာ ဝိုင်းကို ခြင်ယပ်ပေးမယ့် ကိုကို လည်းရှိနေတယ် အဲ့ဒီအချိန်မှာ မအိပ်ရင် ဝိုင်းက ဘာလုပ်နေရမှာလဲ....ကဲ''





ကောင်းရော....

ကျွန်တော်လည်း ပေါက်ကွဲပြီး ရှူးရှူးရှဲရှဲဖြစ်ရတော့တာပဲ။ ဒီတော့ မှ သူမက ကျွန်တော်စိတ်တိုသွားမှန်းရိပ်မိပြီး....

''ဒါဖြင့်လည်း....ဝိုင်းမအိပ်တော့ဘူး၊ ကိုကိုဘာပြောမှာလဲ ပြောလေ''

ဆိုပြီး အလျှော့ပေးလာတယ်။

ရင်ထဲမှာ ချစ်ရည်ချစ်သွေးတွေ လျော့ကျသွားပြီး အကြည်ဓာတ်လေး ကုန်ဆုံးသွားပေမယ့် ကျွန်တော် စိတ်ကိုလျှော့ချလိုက်တယ်။ ကျွန်တော်က အသက်ကြီးသူမဟုတ်လား။ သည်းခံရမှာပေါ့။

ဒါနဲ့ပဲ ခုလိုအခြေအနေနဲ့ လိုက်ဖက်မယ့်အကြောင်းအရာတစ်ခုကို အလျှင်အမြန်စဉ်းစားလိုက်တယ်။

ဘာပြောရင်ကောင်းမလဲပေါ့။

စကားစကို အဲ့ဒီလိုမျိုး တမင်လိုက်ရှာရတဲ့အခါ အတော်ပင်ပန်းပါ တယ်။ ထောနေလို့ ပြောစရာစကားရတော့ ကျွန်တော် သူမဘက်ကိုလှည့် လိုက်တယ်။

**အဲ....ဒါပေမယ့်....**

**သူမ တခေါ်ခေါ်နဲ့ အိပ်မောကျသွားပြန်ပါပြီ။**

■



www.burmeseclassic.com

www.burmeseclassic.com





"အာ....ကိုကိုကလည်းလေလေးတဖြူးဖြူး လရောင်လေး
တလင်း လင်းနဲ့ ဒီလောက်အိပ်ကောင်းနေတဲ့တာကို...."

CHAPTER

# 5

## (ကျွန်တော် + သူမ = ဘဝ)

ချစ်သူဘဝမှာ တစ်ယောက်ကိုတစ်ယောက် ချစ်နေဖို့သာအဓိကဖြစ်ပေမယ့် အိမ်ထောင်သည်ဘဝမှာတော့....

အချစ်နဲ့နားလည်မှုကိုအချိုးတကျ ပေါင်းစပ်ပေးတတ်ဖို့လိုတယ်။

ဆိုလိုတာက ချစ်တယ်ဆိုပြီး အော်နေရုံနဲ့ အလုပ်မဖြစ် သလို နားလည်မှုတွေချည်းပေးနေရုံနဲ့လည်း အဆင်မပြေနိုင်ဘူး။

**"အချစ်ဆိုတာ....**

**လူတစ်ယောက်ရဲ့လိုအပ်ချက်ကို အနုပညာဆန်ဆန် လှပစွာ ဖြည့်ဆည်းပေးခြင်းဖြစ်တယ်"**

**အိမ်ထောင်ရေးဆိုတာတစ်တော့....**

**အဲဒီဖြည့်ဆည်းပေးဆပ်ခြင်းတွေကို နားလည်မှုနဲ့ ထပ်မံထုပ်ပိုး လိုက်တာပါ။**

ကျွန်တော်နဲ့ သူမအကြားမှာရော နားလည်မှုတွေ ဘယ်လောက်များပြားခဲ့သလဲ။ ပြီးတော့ ဘယ်လောက် မှန်ကန်ခဲ့ပါသလဲ။

■

www.burmeseclassic.com

www.burmeseclassic.com

## ၂

''ဝိုင်း....အဲ့ဒီစာရွက်တွေ ဘာဖြစ်လို့ ဖြုပစ်တာလဲ''

''မီးမွှေးပစ်မလို့ ကိုကိုရဲ့ အမှိုက်ရှုပ်နေတာနဲ့....''

စာရွက်တစ်ထပ်ကြီးကို သူမ မီးဖိုနားပုံချထားတယ်။ ကျွန်တော် ယူကြည့်တော့ ကျွန်တော့်စားပွဲအံဆွဲထဲက စာရွက်တွေဖြစ်နေတယ်။

''အို....ကိုယ့်စာမူအဟောင်းတွေပဲ''

''အဲပေမယ့်....အတိုအထွာတွေပါ ကိုကိုရဲ့ ဝိုင်းပတ်ကြည့်ပြီးပြီ၊ အသုံး မလိုတော့လို့ ဟိုခြစ်ဒီခြစ်လုပ်ထားတဲ့ စက္ကူတွေပါ၊ ကိုကိုအံဆွဲတွေထဲ ရှုပ်နေတာနဲ့ ဝိုင်းရှင်းပစ်လိုက်တာ''

ကျွန်တော်ယူပတ်ကြည့်တော့ ကျွန်တော့်ရဲ့ မြေပုံညွှန်းတွေဖြစ်နေတာ တွေ့ရတယ်။

သူမပြောသလို မှားလို့ စိတ်တိုင်းမကျလို့ ဖြုပစ်ထားတဲ့ စာရွက်တွေ ဖြစ်သလို စိတ်ကူးပေါက်ရာ ဟိုဟိုဒီဒီ ရေးခြစ်ထားတဲ့ စက္ကူတွေပါ။

ဒါပေမယ့်....ဒါတွေအားလုံးဟာ ကျွန်တော်ဝတ္ထုရေးဖို့အတွက် လမ်းစတွေဖြစ်သလို သင်္ကေတတွေလည်းဖြစ်တယ်။

စာရွက်တစ်ရွက်မှာ ဟော့ဒီလိုရေးထားတယ်။

*'ပင်လယ်ကတော့ တိုးတိုးလေးရယ်လိုက်တာပဲ....*

*မခံနိုင်တဲ့ ခင်ရော်တွေသာ ထပျံကုန်တယ်''*

နောက်တစ်နေရာမှာတော့. . .





***အချစ်တာ ငါ့အတွက်တော့....***

***အဖျတ်စွမ်းအားမြင့် မိုင်းရှပ်တစ်မျိုးပဲ၊ စစ္စတမ်ဗိုင်တွေကို ဖျက်ဆီး ကိုက်ခဲလိုက်ကြပြီ၊***

***မနေ့တအထိ ငါ့ မင်မိုရီမှာ ဘာအကြောင်းအရာမှ ပေါ်မလာခဲ့ ဘူး....၊***

***အဲ့ဒီနောက် ကျွန်တော်သည် မခင်လေးမြင့်ထံ၌ အရှုံးပေး၊ အညံ့ခံ လိုက်ပါသည်၊''***

ရုတ်တရက်ကြည့်ရင် အဆက်အစပ်မဲ့ စာကြောင်းတွေဖြစ်ပေမယ့် ကျွန်တော့်အတွက်တော့ ဝတ္ထုဇာတ်လမ်းတစ်ပုဒ်ဆီကို သွားဖို့အတွက် သင်္ကေတ မြေပုံညွှန်းတွေပါ။

''မင်းကိုယ့်ကိုမမေးဘဲ ဘာဖြစ်လို့ ရမ်းသန်းရှင်းလိုက်ရတာလဲ ဝိုင်းရဲ့ ဒီတွေကို တမင်လွှင့်မပစ်ဘဲ သိမ်းထားတာ''

''ဟင်....ဒီအတိုအထွာတွေကိုလား''

''ဟုတ်တယ်....အဲ့ဒီအတိုအထွာတွေက ကိုယ့်ရဲ့ အဖိုးတန် အတွေး တွေ စိတ်ကူးတွေကို ရေးမှတ်ထားတာ၊ ဒီထဲကနေ ကဗျာကောင်းတစ်ပုဒ်၊ ဝတ္ထုကောင်းတစ်ပုဒ် နောင်တစ်ချိန်မှာ ပေါ်ထွက်မလာဘူးလို့ ဘယ်သူပြော နိုင်မလဲ''

ကျွန်တော် စိတ်တိုတိုနဲ့ စာရွက်တွေကို ပြန်သိမ်းလာခဲ့တယ်။ သူမ ကတော့ နားမလည်သလို ငေးကျန်ခဲ့လေရဲ့။ ခဏနေမှ ကျွန်တော့်နောက်လိုက် လာပြီး တောင်းပန်တယ်။

''ဆောရီး ကိုကိုရယ်၊ ဝိုင်းက စေတနာနဲ့ ရှင်းပေးမိတာပါ''

''အဲ့ဒီစေတနာအတွက် ကျေးဇူးတင်တယ်ဝိုင်း၊ ဒါပေမယ့် နောက်နောင် ကိုယ်မခိုင်းဘဲ ကိုယ့်စာရေးစားပွဲကို ဝင်မရှင်းပါနဲ့''

ကျွန်တော်ဟောက်လိုက်တော့ သူမ ငိုမဲ့မဲ့ဖြစ်သွားတယ်။

မျက်နှာငယ်လေးနဲ့ သူမကို သနားလာလို့ ကျွန်တော် စိတ်ပြေလိုက် ပြီး အနုပညာသမားတွေရဲ့ ခပ်ကြောင်ကြောင်စရိုက်တွေကို သူမနားလည် အောင် ရှင်းပြလိုက်ရတယ်။

ကျွန်တော့်သူငယ်ချင်း ပန်းချီဆရာတစ်ယောက်ဟာ ပန်းချီရေးနေရင်း သူငယ်ချင်းလာခေါ်လို့ လက်ဖက်ရည်ဆိုင်ကိုထလိုက်သွားတယ်။

ဆေးတွေ စုတ်တံနဲ့ ရေခွက်တွေကို ဒီတိုင်းထားခဲ့ပြီး ထထွက်သွားတာယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒ်ကို မိန်းမဖြစ်သူက ရှုပ်ပွနေလို့ဆိုပြီး စုတ်တံတွေကို ရေဆေးပြီး ခွက်ထဲ စနစ်တကျပြန်ထည့် ဆေးစပ်ခွက်ကို သန့်ရှင်းအောင်ပြန်ဆေး။ ဆေးဗူး တွေသိမ်းနဲ့။

ပန်းချီဆရာပြန်လာတော့ ရေးလက်စစုတ်တံရော အရောင်စပ်ထားတဲ့ ဆေးစပ်ခွက်ပါမရှိတော့ဘူး။ အားလုံးရှင်းပြီးနေပြီ။

ဒီမှာတင် ပန်းချီဆရာက ပေါက်ကွဲတော့တာပဲ။

စုတ်တံတွေအများကြီးကြားထဲမှာ သူလက်တွေ့နေတဲ့ ရေးလက်စ စုတ်တံကို ပြန်ရှာလို့မရတော့ဘူး။ ပိုဆိုးတာက စပ်ထားတဲ့ ဆေးလက်ကျန် အရောင်ပါ မကျန်တော့အောင် မိန်းမက ဆေးကြောပစ်လိုက်တာပါ။

''အဲ့ဖြင့် ပန်းချီဆရာ စိတ်ဆိုးတာပေါ့နော်''

''ဆိုးတာပေါ့၊ စုတ်တံဆိုတာမျိုးက ကိုယ်ရေးလက်စ လက်တွေ့တဲ့ စုတ်တံနဲ့ ဆက်ရေးမှ ကောင်းတာလေ၊ ဆေးအကျန်ကပ်နေတဲ့အတွက် မပျော့လွန်း မမာလွန်း ရေးကောင်းတဲ့ အနေအထားမှာ မိန်းမက ဆေးပစ်လိုက်တာ မဟုတ်လား''

''အဲ့ဆို ဗိုင်းလည်း နောက်ကို ဆင်ခြင်မယ်လေ၊ ကိုကိုရဲ့ ရေးလက် စတာမှုတွေ မထိတော့ဘူး စိတ်ချ''

သူမက စာမူကို လာမထိပေမယ့် ဘောလ်ပင်တွေကိုတော့ မကြာ ခဏလာထိတယ်။ ကျွန်တော် စာရေးတော့မယ်ဆိုရင် ဘောလ်ပင်တွေက ပျောက်ခြင်းမလှ ပျောက်နေလေရဲ့။

''ဟော့....ဗိုင်း၊ ကိုယ့်စားပွဲပေါ်က ဘောလ်ပင် ဘယ်ရောက်သွား လဲ''

''ဆောရီးကိုကိုရေ၊ ဗိုင်း ခုန စာရင်းယူမှတ်တာ ပြန်ရှာပေးမယ် နော် ခဏလေး''

ကျွန်တော် စိတ်ပျက်လက်ပျက် သက်ပြင်းချလိုက်တယ်။

''ဘောလ်ပင်ဆိုတာလည်း စုတ်တံလိုပဲ ဗိုင်းရဲ့၊ ရေးလက်စနဲ့မှ အဆင်ပြေတယ်ကွ၊ ဘောလ်ပင်အသစ်နဲ့ဆို ရေးမကောင်းဘူး။ မှင်ကုန်ခါနီး မှာလည်း အဆင်မပြေဘူး''

''ဗိုင်းရဲ့ဘောလ်ပင်ပျောက်နေလို့ ကိုကိုရဲ့ စိတ်မဆိုးနဲ့နော် နောက် မဖြစ်စေရဘူး သိလား''

တောင်းပန်တော့လည်း ကျေနပ်ရတာပါပဲ။



# ၃

''ဒီပဲနော် ကိုကို၊ အဲ့ဒီကောင်မလေးလာရင် လုံးဝစကားမပြောနဲ့၊ ဖြစ်နိုင်ရင် အိပ်ထဲကိုဝင်နေ''

''နေပါဦးဗိုင်းရဲ့၊ ဘယ်ကောင်မလေးလဲ ဘယ်သူ့ကိုပြောနေတာ လဲ''

လစဉ်ထုတ် မဂ္ဂဇင်းတွေ အပုံးပုံးနေရာက ကျွန်တော်ပြန်မေးလိုက် တယ်။ သူမက အချိုမှုန့်အထုပ်ကြီးထဲကနေ အထုပ်သေးသေးလေးတွေ ခွဲ ထုပ်နေရင်းက ''ရှိတာကိုပြောတာ''လို့ ပြန်ဖြေတယ်။

''ဟို ဆံပင်တွေ ဆေးဆိုးထားတဲ့ ကောင်မလေးလေ၊ ကိုကိုတောင် အဲ့ဒီကောင်မလေးဆံပင်က ဝင်းနေတာပဲလို့ ပြောဖူးသေးတယ်''

''အင်း...မှတ်မိပြီ ဘာဖြစ်လို့လဲ''

''သူက တစ်ခုလပ်တဲ့ ကိုကိုရဲ့''

''တင်....ဘယ်နေရာလပ်တာလဲ''

''တာ...ဘာတွေပြောနေတာလဲ၊ ယောကျ်ားရဖူးတယ်လို့ပြောတာ၊ ဗိုင်းက ဆပ်ပြာလေးအောက်မေ့လို့၊ အငယ်လေးတို့ဖြော်မှ ဆရာမကြီးမှန်းသိတာ၊ ခပ်ရှုပ်ရှုပ်လေးတဲ့၊ ဒီပဲနော် သူစာအုပ်လာငှားရင် ခပ်တည်တည်နေ၊ သိပ် မရောနဲ့''

အမှန်တော့ သူမပြောမယ့်သာပြောနေတာ အရပ်ထဲက ကောင်မလေး တွေကို ဘယ်သူဘာမှန်း ကျွန်တော်မသိသလို စိတ်လည်းမဝင်စားပါဘူး။

နားအေးပြီးရော....



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းညိတ်ပြီး စိတ်ချပါလို့ ကတိပေးလိုက်တယ်။

ဒါပေမယ့်…ရီတာဆိုတဲ့ အဲ့ဒီကောင်မလေး စာအုပ်လာငှားချိန် မှာတော့ ကျွန်တော်က ကိုယ့်ကတိကိုယ်မေ့ပြီး အလိုက်အထိုက် ဆက်ဆံ နေမိတယ်။

“ဆရာ့ဆီက မဂ္ဂဇင်းအဟောင်းတွေ ငှားလို့ရမလားဟင်”

“ရတာပေ့ါ ဘယ်လထုတ်လိုချင်တာလဲ”

“ဒီဆိုင်ထဲကစာအုပ်တွေ မဟုတ်ဘူးဆရာရဲ့ ဆရာ့ဝတ္ထုတွေပါဖူး တဲ့ မဂ္ဂဇင်းအဟောင်းတွေငှားချင်တာ၊ ကျွန်မ ဆရာ့ဝတ္ထုတိုတွေဖတ်ချင်လို့”

“ဩော်”

ဘယ်စာရေးဆရာဖြစ်ဖြစ် ကိုယ့်ဝတ္ထုတွေ ဖတ်ချင်တယ်လို့ပြောလာ ရင် သဘောကျတတ်တာမျိုးပါ။ ဒါဟာ စာရေးဆရာတိုင်းရဲ့ အညာပဲထင်ပါ ရဲ့။

ကျွန်တော်လည်း အညာကိုင်ခံလိုက်ရတာမို့ အိမ်ထဲက ကျွန်တော့် ဝတ္ထုတွေပါတဲ့ မဂ္ဂဇင်းတွေထယူပြီး ငှားပေးလိုက်တယ်။

ဒါကို စောင့်ကြည့်နေတဲ့ဝိုင်းက အစအဆုံးတွေမြင်သွားပြီး ရီတာ ပြန်တာနဲ့ ပြဿနာရှာတော့တာပါပဲ။

“ဒါ….ဘာသဘောလဲ ကိုကို”

ရုပ်ရှင်တွေထဲက မိန်းမကြမ်းကြီးပုံစံနဲ့ သူမက ခါးထောက်ပြီးမေးတယ်။

“ဘာကိုမေးတာလဲ ဝိုင်းရဲ့”

“ရီတာ့ကို အိမ်ထဲက မဂ္ဂဇင်းတွေယူပြီး ငှားပေးလိုက်တာလေ၊ အဲ့ဒါ ဘာသဘောလဲမေးနေတာ”

“ကိုယ့်တို့က အငှားဆိုင်ဖွင့်ထားတာပဲ ဝိုင်းရဲ့၊ စာအုပ်လာငှားတဲ့ လူရှိရင် ထုတ်ငှားပေးရမှာပေ့ါ”

“ဒါပေမယ့်….အခုငှားလိုက်တာတွေကကိုကို့ဝတ္ထုပါတဲ့ လက်ဆောင်ရ စာအုပ်တွေချည်းပဲ၊ ဟိုတစ်ယောက်ကလည်း ဆရာ့ဝတ္ထုတွေဖတ်ချင်သတဲ့၊ ဒီကလည်း ရမယ် ညီမဆိုပြီး အကုန်ထုတ်ငှားလိုက်တာပဲ”

“ဒါကတော့….ဝိုင်းရယ်”

“ဒါကတော့တွေ ဘာတွေ လုပ်မနေနဲ့ သူလာရင် ခပ်တည်တည်နေ ပါလို့ ပြောထားရက်နဲ့ အိမ်ထဲကစာအုပ်တွေ တကူးတကသွားယူပြီး ထုတ်ငှား လိုက်တာတာ ဝိုင်းကို တမင်ရွဲ့တာမဟုတ်ရင် ကိုကိုတို့ချင်း မရိုးသားလို့ပဲ”





နေရင်းထိုင်ရင်း သူမက ပွဲထကြမ်းပါတယ်။

ကျွန်တော်က သူမထင်သလိုမဟုတ်ကြောင်း ရှင်းပြပေမယ့်လည်း ဘယ်လိုမှလက်မခံဘူး။အဲ့ဒီအချိန်မှာ သူမရဲ့ဘော်ဒါ မငယ်လေးရောက်လာလို့ အကျိုး အကြောင်းပြောပြပြီး ကျွန်တော် စစ်ကူတောင်းလိုက်တယ်။

“အဲ့ဒါပဲ မငယ်လေးရယ်၊ စာရေးဆရာဆိုတာ ကိုယ့်ဝတ္ထုဖတ်ချင် တယ်ဆိုရင် ဒီလိုပဲ ငှားတတ်ကြတာပဲ၊ ကူပြောပေးစမ်းပါဦး”

“အို….ဘာကူပြောစရာလိုသလဲ ကိုနေနိုင်ရဲ့၊ အဲ့ဒီကောင်မလေးက ဆရာမကြီးမို့လို့ ဝိုင်းကို ငယ်လေးကိုယ်တိုင် သတိပေးထားတာ၊ ကိုနေနိုင်က သွားရောတာကိုး”

“ဟင်”

ရှေ့နေငှားမှ ထောင်လုံးလုံးကျတဲ့ကိန်းပါ။

ဘေးနားက ဝိုင်း ကျွန်တော့်ကို မျက်စောင်းလှမ်းထိုးရင်း မဲ့ကာရွဲ့ ကာနဲ့ ရွတ်တယ်။

“စာအုပ်တွေလာပြန်ပေးရင်လည်း ဆရာ့ရဲ့ ဘယ်ဝတ္ထုလေးက ဘယ်လိုနေရာလေးမှာတော့ ဘာဆိုပြီး အခန်းဆက်တွေရိုက်ဦးမှာ၊ ဒီက ဆရာကလည်း သဘောတွေကျဦးမှာ”

“ဟုတ်တယ်ဝိုင်း၊ အဲ့ဒီအတိုင်းဖြစ်မှာသေချာတယ်”

မငယ်လေးက အစထောင်ပေးတာမို့ ဝိုင်းက ဝုန်းခနဲထရပ်လိုက် တယ်။

“အို….ရှုပ်ပါတယ်၊ အခုပဲ စာအုပ်တွေသွားပြန်တောင်းမယ်၊ ငယ်လေးအဖော်လိုက်ခဲ့”

ကျွန်တော်လှမ်းတားချိန်တောင် မရလိုက်ဘူး။

လူပြည့်သွားတဲ့ ဘတ်စ်ကားကြီးတွေလို ဝေါခနဲထွက်ခွာသွားကြလေရဲ့။

အတော်ကြီးကြာမှ စာအုပ်တွေသယ်ပြီး ပြန်ရောက်လာကြတယ်။

ကျွန်တော်လည်း အပြစ်ရှိတဲ့လူလို ဟိုကဘာပြောသေးလဲ မေးမနေတော့ပါဘူး။

အဲ့ဒီညက ဝိုင်း ကျွန်တော့်ကို စကားမပြောဘူး။

ညအိပ်ရာဝင်ချိန်အထိ ဘယ်လိုချော့ချော့ စိတ်မပြေပါဘူး။ ကျွန်တော် လည်း စိတ်ရှုပ်လာတာမို့ ဆက်မချော့တော့ဘဲ ပဲကြီးလှော်ဘူး အိပ်ရာဘေး ယူပြီး ဝါးနေလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပဲလှော်ဝါးသံက တကြွပ်ကြွပ်နဲ့မို့ သူမ ဘယ်လိုမှအိပ်မရမှာ သေချာ ပါတယ်။ ခဏနေတော့ ခြင်ထောင်ထဲက လက်တစ်ဖက်ထွက် လာပြီး ပဲလှော် ဗူးဆီ လက်လှမ်းတယ်။

''ဟေ့..အဲဒါဘာလုပ်တာလဲ''

''ပဲလှော်ယူမလို့၊ တကတည်း အိပ်ရာဘေးနားမှာ တကြွပ်ကြွပ်ဝါး နေတော့ ဘယ်လိုအိပ်ရတော့မှာလဲ''

သူမက ပဲကြီးလှော် ကြိုက်တတ်သူပါ။

ကျွန်တော် သူမလက်လေးကို ဖမ်းဆုပ်ထားလိုက်တယ်။

''ပဲလှော်လိုချင်ရင် စိတ်ဆိုးပြေပြီလို့ပြော''

''မပြောဘူး''

''ဒါဆို မပေးဘူး''

''မပေး နေပေါ့''

သူမလက် ပြန်ရုတ်ပေမယ့် ကျွန်တော် လွှတ်မပေးပါဘူး။

''လက်ကိုလွှတ်လေ''

''စိတ်ဆိုးပြေမှ လွှတ်မယ်''

သူမက ရုန်း၊ ကျွန်တော်က ဆွဲနဲ့ အားပြိုင်နေကြတုန်းမှာ အိမ်ရှေ့ ဆိုင်ဖလေးထဲဆီက ဂျမ်းခနဲ အသံတစ်ချက်ကြားလိုက်ရတယ်။

''ဟောတော့''

''ဘာဖြစ်တာလဲ''

''ကြွက်မိတာနဲ့တူတယ်၊ ဆိုင်ထဲမှာ ကြွက်ထောင်ထားခဲ့မိ တယ်၊ အဲ့လူကြီး သွားကြည့်ပေးပါဦး၊ ကြွက်မိထားရင် မျက်လုံးပြူးကြီးနဲ့မို့ မကြည့်ရဲ လို့''

''အင်း..သွားကြည့်ပေးမယ်၊ ဒါပေမဲ့ စိတ်ဆိုးပြေပြီလို့ပြော''

''အင်း..ပြေပြီ''

''ချစ်တယ်လို့ပြောဦး''

''အင်း..ချစ်တယ်၊ သွားကြည့်တော့လေ''

သူမ စိတ်ဆိုးပြေတော့မှ မျက်လုံးပြူးပြီးသေနေမယ့် ကြွက်ကို ကျွန်တော် ဘာသွားကြည့်စရာလိုတော့မှာလဲ။

သူမရဲ့လက်ခုံလေးကို ကျွန်တော်ငုံ့နမ်းလိုက်တယ်။





''ဟေ့လူကြီး မနမ်းနဲ့ဗျာ''

''နမ်းမယ်''

''အဲ့ဒီ လက်ကလေ_''

''အင်း. .ဘာဖြစ်လဲ''

''စောစောကပဲ ရေချိုးခန်းထဲက ထွက်လာတာဗျ''

''ဟင်''

ကျွန်တော် သူမလက်ကို ဆောင့်ကြီးအောင့်ကြီးလွှတ်ချလိုက်တော့သူမက ခွီးခွီးရယ်ပြီး ခြင်ထောင်ထဲပြန်ဝင်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ၄

"အခုကိစ္စမှာ ကျွန်တော် မမှားတာသေချာတယ် ကိုဝေဦး အိမ်မှာ တအုပ်ဆိုပ်ပွင့်မထားရင်တော့ တစ်မျိုးပေ့ါ ခု ကိုယ်က တအုပ်အငှား ဆိုင်ဖွင့်ထားတာ ထုတ်ငှားလိုက်တာ၊ဖောက်သည်တစ်ယောက်ရဲ့ဆန္ဒကို လိုက်လျောလိုက်တဲ့သဘော ဒ့်ထက်မပိုပါဘူး"

ကျွန်တော်က ရင်ထဲမှာ မအီမလည်ဖြစ်နေတဲ့ကိစ္စကို ဖွင့်ပြောလိုက် ရ နည်းနည်းပေါ့သွားတယ်။

ဒီနေ့ ကျွန်တော် အလုပ်နားရက်မို့ ဗိုင်းက ဆိုင်ကို ကျွန်တော့်အပ် မိုးလင်းကတည်းက 'ဆံပင်သွားပြင်ဦးမယ်' ဆိုတဲ့ အကြောင်းပြချက်နဲ့ မငယ် လေ အဖော်ခေါ်ပြီး ထွက်စွာသွားလေရဲ့။

ကျွန်တော်တစ်ယောက်တည်း ဆိုင်စောင့်နေတုန်း ကိုဝေဦး ရောက်လာ စကားပြောဖော်ရပြီး မနေ့ကကိစ္စ ပြောပြလိုက်တာပါ။

"ဒီမယ် ကိုနေနိုင်ရဲ့ ကျွန်တော်က ခင်ဗျားထက် အိမ်ထောင် သ ပိုများတယ်၊ ကျွန်တော့်အတွေ့အကြုံအရ ပြောရရင်တော့ မိန်းမတွေကို ဘယ်တော့ စိတ်ကောက်ခွင့်မပေးလေနဲ့၊ စိတ်မကောက်စေနဲ့ **သူတို့များ စိတ်ကောက်ပြီ ကိုယ်ဘယ်လောက်မှန်မှန် နေရင်းထိုင်ရင်း အမှားဖြစ်တော့တာ** စိတ်ကောက်ချိန်ကြာလေ ကိုယ်တကယ်မလုပ်မိတဲ့အမှားက ပိုကြီး လာလေပဲ"

ကိုဝေဦးက သူ့အတွေ့အကြုံနဲ့ယှဉ်ပြီး ရှင်းပြတယ်။

"မိန်းမတွေ စိတ်ကောက်ပြီဆို ဘာလုပ်သင့်သလဲ ကိုဝေဦး"

"အမြန်ဆုံးချော့ပေ့ါ ကိုယ့်လူရဲ့ သူတို့ခမျာ ယောက်ျားတစ်ယောက် လုံ





ယူထားပြီး တစ်ခါတလေတောင် အချော့မခံရရင် ဘယ်နိုပ်ပါ့မလဲ၊ ချော့နည်းတွေချော သင်ပေးရဦးမလား"

"ဟာ..ဒါတော့ နေပါစေဗျာ ကျွန်တော့်နည်း ကျွန်တော့် ဟန်နဲ့ပဲ ချော့ပါ့မယ်"

"အိမ်ထောင်ရေးမှာ စိတ်ကောက်တာက ပြဿနာမရှိဘူး ကိုနေနိုင် ရဲ့ စိတ်ဆိုးတာကမှ တကယ်ပြဿနာ၊ အဲဒါမျိုးက ရှောင်ရှိတယ်၊ သူ့ကိုရော ကိုယ့်ကိုယ်ကိုပါ စိတ်မဆိုးမိစေနဲ့ **စိတ်တစ်ခါဆိုးတိုင်း လင်နဲ့မယား ဆက်ဆံရေးက အပေါ်ကြောတစ်ခါတင်းတယ်၊** ခဏခဏ စိတ်ဆိုးမယ်ဆိုရင် စဉ်းစား ကြည့်ပေ့ါဗျာ"

တအောင့်ကြာတော့ ကိုဝေဦးကို ခေါ်ဖို့ရှုတင်ကား ရောက်လာတယ်။ ရုပ်ရှင်ရိုက်ကွင်းမှာ ဇာတ်ညွှန်းသွားရေးပေးရမယ့် ကိုဝေဦးက လာခေါ်တဲ့ ရှုတင်ကားနဲ့ပါသွားတယ်။

ကိုဝေဦး ထွက်လာပြီး ခဏကြာတော့ ဆိုင်ထဲကို ရီတာဆိုတဲ့ ကောင်မလေး ဝင်လာတယ်။ ကျွန်တော့်မျှား ရန်လာတွေ့လေသလားဆိုတဲ့ အတွေးနဲ့ စိတ်နည်းနည်းရှုပ်သွားပေမယ့် ရီတာက ကြည်သာတဲ့အပြုံးတွေနဲ့ နှုတ်ဆက်လာတယ်။

"ထမင်းစားပြီးပြီလား ဆရာ"

"မစားရသေးဘူး ရီတာရဲ့ ဒါနဲ့ မနေ့ကကိစ္စ.."

"ကိစ္စမရှိပါဘူး ဆရာရဲ့ ကျွန်မ ဘယ်လိုမှမအောက်မေ့ပါဘူး၊ မဗိုင်းက ဆရာ့ဝတ္ထုပါတဲ့ မဂ္ဂဇင်းတွေဟာ သူ့အပိုင်တွေတဲ့၊ ပျောက်မှာစိုးလို့ ဆိုပြီး ပြန်ယူသွားတယ်၊ ကျွန်မကတောင် မသိလို့ပါလို့ဆိုပြီး တောင်းပန်လိုက်သေးတယ်"

"စိတ်မကောင်းပါဘူး ရီတာ၊ အဲဒီကိစ္စအတွက် ကိုယ်ကပဲ တောင်းပန်ပါတယ်၊ ဗိုင်းကိုလည်း စိတ်မဆိုးပါနဲ့"

ဆံပင်ပျော့ပျော့လေးတွေကို ဖားလျားချထားတဲ့ ရီတာက ကိစ္စမရှိပါ ဘူးဆိုတဲ့သဘောနဲ့ ပခုံးတွန့်ပြတယ်။

"မဗိုင်းက .စကားပြောတော့ တော်တော်ပြတ်တယ်နော်၊ ခုတောင် သူ မရှိဘူးဆိုတာ သေချာသိလို့ ဝင်လာရဲတာ၊ ဆရာ့ကို ဝတ္ထုဇာတ်လမ်းပေးချင်လို့"

"ဟင်"

"ကျွန်မအကြောင်း ဝတ္ထုရေးပါလား ဆရာ၊ ကျွန်မက ငယ်ငယ်ရွယ်ရွယ် ရှယ်နဲ့ အိမ်ထောင်ကျခဲ့တယ်။ နောက် ကွဲသွားတယ်။ ဒါတွေဟာ ကျွန်မက စခဲ့တာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကံစီမံတဲ့အတိုင်း ဖြစ်ရတာပါ။ဒါပေမဲ့ ဝယ်ဝယ်ရှုယ်ရှုယ်နဲ့ အိမ်ထောင်ကွဲသွားတယ်ဆိုရင်ပဲ လူတွေက တစ်မျိုးမြင်ကြတယ်။ ယောက်ျားတွေ အမြင်မှာတော့ လွယ်မယ်ပေါ့။ မိန်းမတွေကျတော့ သူတို့ခံပွန်းတွေအတွက် အန္တရာယ်ရှိနိုင်တယ် ဆိုတာမျိုးပေါ့"

စကားအဆုံးမှာ ရီတာ မျက်ရည်ဝဲလုဝဲခင် ဖြစ်လာလို့ ကျွန်တော် အမြန်ဝင်ပြောလိုက်တယ်။

''အဲဒါတွေ စိတ်ထဲမထားပါနဲ့ ရီတာ၊ လူဆိုတာ ကိုယ့်ဘဝကိုယ် လျှောက်ကြရတာပဲ၊ ပတ်ဝန်းကျင်ကို သိပ်လည်းဂရုမစိုက်နဲ့၊ ပြီးတော့ လျစ်လျူ လည်းမရှုနဲ့၊ အလယ်အလတ်စိတ်နဲ့ပဲ တုံ့ပြန်ပါ''

''ဆရာ ကျွန်မအကြောင်း ဝတ္ထုရေးမလားဟင်''

ရီတာက မျှော်လင့်တကြီးအမူအရာနဲ့ မေးလာတယ်။

''အင်း...ကိုယ်ကြိုးစားပါ့မယ်''

''အို ဧကေ...ဒါဆို ကျွန်မပြန်ဦးမယ်၊ ရေးဖြစ်တဲ့အခါ ကျွန်မခံစားချက်တွေတော့ ပါအောင်ရေးပေးနော်''

ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။အမှန်တော့ ဝတ္ထုရေးစေချင်တာထက် သူမခံစားချက်တွေ ကျွန်တော့်ကို သိစေချင်တာပါ။ ကျွန်တော့်ရဲ့ သူငယ်ချင်းမယ်လေးကလည်း ဘာတွေ လွှန်လွှန်ကဲကဲ ပြောခဲ့မိသလဲမှမသိတာ။

ဝိုင်းကိုမေးချင်ပေမယ့်လည်း စိတ်ကောက်ဖို့ အစဖော်ပေးသလိုဖြစ်မှာစိုးတာနဲ့ မမေးဖြစ်တော့ဘူး။

''ကိုကို..တစ်ယောက်တည်း ပျင်းနေပြီလား''

မနက်ဆယ်နာရီလောက်ကတည်းက ထွက်သွားတဲ့ ဝိုင်းဟာ နေ့လယ်လောက်မှ အိမ်ပြန်ရောက်လာတယ်။

သူမကိုကြည့်ရတာ တစ်ခုခုထူးခြားသလို ထင်မိပေမယ့် ဘာထူးခြားနေမှန်း စဉ်းစားမရဘူး။

ကျွန်တော် တစ်ခုခုပြောမလား မျှော်လင့်နေတဲ့ ဝိုင်းက ကျွန်တော် ဘာမှမပြောတော့ မကျေမနပ် ရေရွတ်တယ်။

''ကိုကိုတို့များ ကိုယ့်မိန်းမ ဘာပြောင်းလဲနေသလဲဆိုတာတောင် မသိဘူးမဟုတ်လား အံ့ပါရဲ့''

''အင်း..တစ်ခုခုတော့ ထူးနေသလားပဲ''





''တွန်း..မပြောလိုက်ချင်ဘူး၊ ဆံပင်လေ ဆံပင်၊ ဟောဒီမှာ ဆံပင်တွေပြောင်လာတာ မတွေ့ဘူးလား''

''အဲ''

သူမကျောကိုလှည့်ပြီး ဆံပင်တွေ ခါရမ်းပြတော့မှ ကျွန်တော် သတိထားမိလာတယ်။ အင်း..ဟုတ်သားပဲ။ သူမဆံပင်တွေက တောက်ပြောင်ပြီး ဖြောင့်စင်းနေလေရဲ့။

''ကိုကိုက ရီတာ့ဆံပင်တွေကို ချီးမွမ်းတာမခံချင်လို့ တစ်နေ့လုံး လျှော်လိုက် စက်ဆွဲလိုက်နဲ့ သွားလုပ်လာခဲ့တာ၊ ခေါင်းတွေကို ကျိန်းနေတာပဲ၊ လှသွားဘူးလားဟင်''

''လှတယ်ကွ၊ ဝိုင်းနဲ့လိုက်တယ်''

''တော်ပါ၊ ဒီတပြောမှ သိပြီးတော့များ၊ တခြားကောင်မလေးတွေ ဆံပင်ကျတော့ လှသလေး ဘာလေးနဲ့''

ရီတာရဲ့ ဆံပင်စင်းစင်းလေးတွေကို တစ်ခါ ချီးမွမ်းမိတာနဲ့ ပတ်သက်ပြီး သူမ အတော့်ကို အခဲမကြေဖြစ်နေပုံပါ။

''ဒါကတော့ ဝိုင်းရယ် တခြားကောင်မလေးတွေရဲ့ မျက်နှာက ကိုယ့်ကို ဆွဲဆောင်နိုင်တော့ ဆံပင်တွေ လိုက်ကြည့်မိတာပါ၊ ဝိုင်း မျက်နှာကို တော့ ကိုယ်က အရိပ်တကြည့်ကြည့် ကြည့်နေတာမဟုတ်လား၊ ဆံပင်ကို ဘယ်ချက်ချင်း သတိထားမိပါ့မလဲ''

အလျှောက်ကောင်းလို့ အထောင်းက လွတ်သွားပေမယ့် မျက်စောင်းနဲ့တော့ အထိုးခံလိုက်ရပါသေးတယ်။

အဲဒီတစ်ညနေလုံး သူမဟာ မှန်ရှေ့မှာရပ်ပြီး ဆံပင်တွေကို ယိမ်းလိုက် နွဲ့လိုက်နဲ့ အမျိုးမျိုးလုပ်ကြည့်ပြီး ကျေနပ်နေလေရဲ့။

ဒါပေမဲ့ ညနေလည်းစောင်းရော သူမ နှာတွေချေတော့တာပါပဲ။

''ဟပ်..ဟပ်ချိုး၊ အအေးမိသွားပြီထင်တယ် ကိုကိုရေ၊ ဟပ်ချိုး.. ခေါင်းတွေ ခဏခဏလျှော်ခဲ့ရတာဆိုတော့ ဟပ်ချိုး''

သူမဟာ မွန်းတည့်ချိန်နောက်ပိုင်း ခေါင်းလျှော်မိတာနဲ့ အအေးပတ်တတ်ရှိတယ်၊ ဒါကြောင့် သူမ ခေါင်းလျှော်ချင်ရင် နံနက်စောစောသာ လျှော်လေ့ ရှိတာပါ။

ခုတော့ လှချင်ဇောနဲ့ ခေါင်းလျှော် ဆံပင်ဖြောင့် လုပ်ခဲ့မိတဲ့ သူမဟာ



www.burmeseclassic.com

www.burmeseclassic.com



အအေးမိပြီး နှာရည်တရွှဲရွှဲ မျက်ရည်တဝဲဝဲနဲ့ နှာခေါင်းလေးနီပြီး သနားစရာ ကောင်းကောင်းပါသေးတယ်။

“ဟပ်ချိုး…ဆေးတိုက်ပါဦး ကိုကိုရဲ့”

“လှချင်တဲ့သူငယ်မ၊ မှတ်ပြီလား”

“မမှတ်..ဟပ်..ဘူး..ချိုး”

ညကျတော့ နှာချေရုံတင်မကဘဲ တခိုက်ခိုက်နဲ့ အဖျားတွေ တက်လာလို့ ကျွန်တော့်မှာ တစ်ညလုံးမအိပ်ရတော့ဘူး။

ရေနွေးထတည်လိုက်၊ ဆေးတိုက်လိုက်၊ စောင်ခြုံပေးလိုက်နဲ့ အလုပ်ရှုပ်သွားရတယ်။ ဒါတောင် အမှတ်မရှိကဲ့ သူမက

“နောက်တစ်ခါ ဆံပင်သွားပြင်ရင် မနက်စောစောသွားမှပဲ”

“ဒီလောက်နေမကောင်းဖြစ်တာတောင် လှချင်တုန်းပဲလား”

“လှချင်တာပေါ့ ကိုကိုရဲ့၊ လှမှ ကိုကိုက ချစ်မှာမဟုတ်လား”

“မလှလည်း ချစ်ပါတယ် ဝိုင်းရယ်”

“ဟော့လူ..နောက်ဆုတ်လေ၊ အဖျားတွေကူးကုန်မယ်”

အဲဒီည ညဦးပိုင်း ဝိုင်း အဖျားတွေကျသွားပေမယ့် မိုးလင်းခါနီးမှာ တော့ အဖျားတွေပြန်တက်ပြီး ကယောင်ကတမ်းနဲ့ ညည်းတယ်။

“အမေရေ..ကျွန်တော် ကြောက်တယ်ဗျ၊ အီးဟီး”

“ဝိုင်း…ဘာဖြစ်တာလဲ”

ယောင်နေတဲ့သူမကို ကျွန်တော် နှိုးလိုက်တော့ မျက်လုံးလေးပြူးပြီး ငုတ်တုတ်ထထိုင်တယ်။

“ဟင်..အိပ်မက် မက်သွားတာထင်တယ်”

“ဟုတ်တယ်၊ ဝိုင်း ယောင်နေတယ်”

ကျွန်တော် သူမကို ရေနွေးပူပူတစ်ခွက် မှုတ်တိုက်ရင်း မေးလိုက် တယ်

“ဝိုင်း..အမေကို သတိရနေတာလား၊ အိမ်ပြန်ချင်လို့လားတင်”

“ဟင့်အင်း..ပြန်ချင်ပါဘူး၊ ဘာလို့မေးတာလဲ”

“ဪ..အမေကိုတပြီး ယောင်နေတော့ အိမ်ကိုသတိရနေသလား လို့ ဒီလိုလုပ်လေ ဝိုင်း၊ ဝိုင်းလည်း အိမ်ကိုခဏပြန်ချင်ပြန်လေ၊ ကိုယ်လိုက် ပေးမယ်”

ဝိုင်း တွေတွေဝေဝေလေး ငြိမ်သက်သွားတယ်။ ပြီးမှ သက်ပြင်းချ လိုက်ပြီး





ခေါင်းယမ်းတယ်။

“မဖြစ်ပါဘူး ကိုကိုရယ်၊ အမေက စိတ်ဆိုးနေမှာ၊ ပြီးတော့ ပတွေး နဲ့လည်း မတွေ့ချင်ဘူး၊ နောက်မှပဲ အမေစိတ်ဆိုးပြေလောက်မှ သတ်သတ် သွားတွေ့မယ်”

“ကိုယ်လိုက်ပေးမှာပဲ ဝိုင်းရဲ့”

“ဟင့်အင်း…ဝိုင်းအိမ်အကြောင်း ဝိုင်းသိတယ်၊ လောလောဆယ် တော့ မသွားချင်သေးဘူး”

သူမငြင်းလိုက်တော့ ကျွန်တော် ဆက်ပြောချင်တဲ့စကားအတွက် အားတုံ့အားနာ ဖြစ်သွားတယ်။ သူမက ရိပ်မိပုံနဲ့..

“ကိုကို ဘာပြောချင်လို့လဲ၊ ပြောလေ”

“ဪ..ကိုယ်လည်း ပြည်က မိဘတွေဆီ မိန်းမရတဲ့ အကြောင်း တရားဝင်သွားမပြောရသေးဘူး၊ လူကြုံနဲ့ပဲ အသိပေးလိုက်ရတာ၊ တစ်ညအိပ် နှစ်ညအိပ်လောက် သွားရင်ကောင်းမလားလို့”

“ကောင်းတာပေါ့ ကိုကိုရဲ့၊ သွားလေ”

သူမက လိုက်လိုက်လျောလျော အားတက်သရော ခွင့်ပြုလာလို့ ကျွန်တော် ကျေနပ်သွားရတယ်။

“ကိုယ်တစ်ယောက်တည်း မဟုတ်ဘူး၊ ဝိုင်းပါလိုက်ရမှာ၊ ဆွေပြ မျိုးပြပေါ့၊ အမေ့ချွေးမလှလှလေးကို သွားပြချင်လို့”

“ဟင်..ရှက်စရာကြီး”

“အမေက ဝိုင်းကိုတွေ့ရင် ချစ်မှာပဲ၊ ရန်ကုန်ပြန်မလွှတ်ဘဲ ခေါ်ချင် တောင် ခေါ်ထားလိုက်မှာ”

“တယ်..ဟုတ်ပဲနဲ့”

“တကယ်ပြောတာ၊ ကိုယ်တောင် ဒီလောက်ချစ်နေမှ ကိုယ့်အမေဆို ပိုဆိုးပြီပေါ့၊ သားအမိဆိုတာ စိတ်ချင်းဆက်တယ် ဝိုင်းရဲ့၊ ကဲ..ဘယ်နေ့ သွားကြရင် ကောင်းမလဲ”

ပြောရင်းနဲ့ ဇာတိမြို့လေးနဲ့ မိဘတွေကို လွမ်းလာလို့ ချက်ချင်း ပြန်ချင်စိတ် ပေါက်သွားတယ်။ ဝိုင်းက ကျွန်တော်ကြိုက်တဲ့ရက် စီစဉ်ပါတဲ့။



www.burmeseclassic.com

www.burmeseclassic.com





''မမှတ်-တပ်-ဘူး-ချိုး''

ဒီလိုနဲ့ ပြည်ကို သုံးလေးရက်သွားဖို့ ကျွန်တော် အစီအစဉ်တွေ လုပ်လိုက်တယ်။ မဂ္ဂဇင်းတိုက် ဖောင်ပိတ်ပြီးမှ ခွင့်ယူပါဆိုလို့ တစ်ပတ်လောက် နောက်ရွှေ့ရသေးတယ်။

လူကြုံနဲ့တစ်ဆင့် ပြည်ကိုရောက်လာမယ့်ရက် မိဘတွေဆီ အကြောင်းကြားလိုက်တယ်။ သွားဖို့ရက် သတ်မှတ်ပြီးကာမှ ပိုင်းက လိုက်ဖို့ အခက်အခဲဖြစ်လာတယ်။

ရုတ်တရက်ကြီး အဝေးသင် အနီးကပ်သင်တန်း တက်ရမယ်ဆိုတာ ကြောင့်ပါ။

''ဘယ်လိုလုပ်မလဲဟင်၊ ကျောင်းက ပျက်လို့မဖြစ်ဘူး ကိုကိုရဲ့''

''ဒါဆိုလည်း နောက်မှသွားကြတာပေါ့ကွာ''

''အို..ဘယ်ဖြစ်မလဲ၊ ကိုကို့မိဘတွေကို လာမယ်လို့ပြောပြီးနေပြီ ဥစ္စာ''

''ဒါဆို ဘယ်လိုလုပ်မလဲ''

''ကိုကိုတစ်ယောက်တည်း သွားလေ၊ နောက်တစ်ခါမှ ပိုင်းပါ လိုက်မှာပေါ့ ခုတစ်ခါတော့ ပိုင်းကိုယ်စား ပိုင်းဓာတ်ပုံလှလှလေး ယူသွား။ ဒါ အမေ့ချွေးမပဲဆိုပြီး ကြွားခဲ့ပေါ့''

သူမအစီအစဉ်က အကောင်းဆုံးမဟုတ်တောင် သိပ်မဆိုးလှတာမို့ ကျွန်တော် လက်ခံလိုက်တယ်။

''ဒါပေမဲ့ ပိုင်းတစ်ယောက်တည်း ဖြစ်ပါ့မလား၊ ကျောင်းတစ်ဖက် ဆိုင်တစ်ဖက်နဲ့''

''ဖြစ်ပါတယ်၊ ငယ်လေး လာကူမှာပေါ့၊ သူလည်း သူ့အိမ်မှာ သားအမိနှစ်ယောက်တည်း ပျင်းနေတာဆိုတော့ ပိုင်းနဲ့လာနေမှာပါ''

''ဒါဆိုလည်း လာမယ့်စနေနေ့ ကားလက်မှတ်ဝယ်ပြီး ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်မယ်"

"စိတ်ချလက်ချသွား။ ဝိုင်းအတွက် မပူနဲ့"

ဒီလိုနဲ့ နှစ်ယောက်အတူသွားရမယ့် ဆွေပြမျိုးပြခရီးဟာ ကျွန်တော် တစ်ယောက်တည်း သွားရဖို့ ဖြစ်လာတယ်။

■



CHAPTER

6

## ကျွန်တော်နဲ့ သံသယဆူး

"ဟင်"

လမ်းထဲကထွက်လာသူ တစ်ယောက်ကြောင့် ကျွန်တော်ဟာ ကိုယ့်မျက်လုံးကိုယ် မယုံနိုင်အောင် ဖြစ်သွားရတယ်။

ကျွန်တော့်ကို တွေ့မြင် မသွားအောင်လည်း ကွမ်းယာ ဆိုင်လေးနား ပြေးကပ်လိုက်ရတယ်။

ကိုကိုကျော်ပါ။

သူဟာကျွန်တော်တို့လမ်းထဲက ဝိုက်စိုက်ဝိုက်စိုက်နဲ့ ထွက်လာတယ်။ကျဲကျဲတောက်ပူလောင်နေတဲ့ မြောက်ဒဂုံ မြို့သစ်ရဲ့ နေရောင်ကို ကာကွယ်ဖို့ ထီးကောက်ကြီးဆောင်းလို့။

သူ ကျွန်တော်တို့လမ်းထဲက ထွက်လာရုံနဲ့ ကျွန်တော် တို့အိမ်က ပြန်လာတာလို့ မပြောနိုင်ပေမယ့် သူ့လက်ထဲက ထီးကတော့ အိမ်ကထီးပါ။

ဟိုတလောက ကိုင်းကြီးလို့ ကျွန်တော်ကိုယ်တိုင် သွားပြင်ထားရတဲ့ ထီးကောက်ကြီးပါ။

ပုံမှန်အတိုင်းဆိုရင် မင်္ဂလာဒုံတိုက်ကနေ ကျွန်တော့်ရဲ့အိမ်ပြန်ချိန်ဟာ ဘယ်တုန်းကမှ ညနေ ငါးနာရီ ထက် စောလေ့မရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ ပြည်သွားဖို့ ကားလက်မှတ်သွားဝယ်ပြီး မဂ္ဂဇင်းတိုက်ကိုရောက်တော့ အယ်ဒီတာတစ်ဖွဲ့လုံး စာအုပ်မိတ်ဆက်ပွဲတစ်ပွဲ သွားကြမှာမို့ ပွဲမတက်ချင်ရင် အိမ်ပြန်ပါလို့ဆိုတယ်။

ဒါကြောင့် မနက်စာ စားခါနီးလောက်အချိန်မှာပဲ ကျွန်တော် အိမ်ပြန်ရောက်လာတာပါ။

တကယ်လို့ ကျွန်တော် ညနေမှသာ အိမ်ပြန်လာရင် ကိုကိုကျော်နဲ့ ဘယ်လိုမှဆုံဖြစ်မှာမဟုတ်သလို၊ သူ အိမ်ကိုလာမှန်းလည်း စဉ်းစားမိမှာမဟုတ် ဘူး။

ခုတော့ သူ ဘာဖြစ်လို့ အိမ်ကိုလာရသလဲဆိုတဲ့အတွေးနဲ့ ကျွန်တော် နေမထိထိုင်မသာ ဖြစ်ရတော့တယ်။

ပိုဆိုးတာကတော့ ကျွန်တော် အိမ်ပြန် ရောက်တဲ့အခါ ဝိုင်းက ကိုကိုကျော် ရောက်လာကြောင်း လုံးဝစကားမစတာ ပါ။

''ဟင်...ကိုကိုပြန်လာတာ စောလှချည်လား''

''ဟုတ်တယ် ဝိုင်း၊ တိုက်မှာအလုပ်မရှိလို့ စောစောပြန်လာတာ''

သူမကို အကဲခတ်လိုက်တော့ မျက်နှာက သိပ်မကောင်းလှဘူး။

တစ်ခုခုကို ဖုံးကွယ်ထားသလို မလုံမလဲဖြစ်နေတဲ့အပြင် တစ်စုံတစ်ရာကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေပုံမျိုးပါ။

အိမ်ရှေ့ဧည့်ခန်းဆိုင်ကျဉ်းကျဉ်းလေးထဲကို အကဲခတ်လိုက်တော့ စာအုပ်တရင်းမှတ်တဲ့ စားပွဲပေါ်မှာ အအေးပုလင်းခွံတစ်လုံး တွေ့လိုက်ရတယ်။

အအေးငွေ့တွေ သီးနေသေးတဲ့ ပုလင်းခွံဟာ စောစောလေးကမှ ကိုကိုကျော် သောက်သွားတဲ့ ပုလင်းဖြစ်မှာပါ။

''ဝိုင်း...ဆိုင်ကို ဧည့်သည်လာသွားသေးလား''

''ဟင်..ဘာဖြစ်လို့လဲ ကိုကို၊ မလာပါဘူး၊ ဘယ်သူမှမလာဘူး ဘာ..ဘာဖြစ်လို့လဲ''

သူမအသံက ထိတ်ထိတ်ပျာပျာ နိုင်လှပါတယ်။

''သြော်..ဒီမှာ အအေးပုလင်းလွတ်တစ်လုံးတွေ့လို့''

''အဲဒါလား၊ ဟိုလေ အငယ်လေးသမီး မီးမီး သောက်သွားတာ''

သူမက ကျွန်တော်နဲ့ မျက်လုံးချင်းမဆုံဘဲ ပြန်ဖြေတယ်။

ကျွန်တော်သိတာပေါ့။





သူမ တစ်ခုခုကိုဖုံးကွယ်တိုင်း ဘယ်တုန်းကမှ မပိရိပါဘူး။

ဘာကြောင့်များ ထိန်ချန်ထားရတာလဲဆိုတဲ့ အတွေးနဲ့ ကျွန်တော် နားမလည်နိုင်အောင်ဖြစ်ရတယ်။

သံသယတော့ မဝင်ချင်ပါဘူး။

သံသယဆိုတာမျိုးက ဝင်ပြီးရင် ဘယ်တော့မှ ပျောက်ပျက် သေဆုံးသွားတတ်တာမျိုး မဟုတ်ဘူး မို့လား။

ကျွန်တော် သံသယမဖြစ်မိအောင် စိတ်ဖြေပေမယ့်လည်း တော်တော်နဲ့ စိတ်မပြေပါဘူး။

''ကိုယ် ပြည်ကိုသွားချင်စိတ်တောင် မရှိတော့ဘူး''

ညနေထမင်းဝိုင်းမှာ ကျွန်တော်ပြောလိုက်တော့ သူမ အံ့အားသင့် သွားတယ်။

''ဘာဖြစ်လို့လဲဟင်''

''မပြောတတ်ဘူး၊ ကိုယ့်စိတ်တွေမကြည်ဘူး၊ ပြီးတော့ ဝိုင်းကိုလည်း စိတ်မချဘူး''

''အပလေး ကိုကိုကလည်း၊ ဝိုင်းက ကလေးမှမဟုတ်တာ၊ စိတ်ချပြီး သွားစမ်းပါ၊ မပူပါနဲ့''

''နေပါဦး၊ ဝိုင်း ဘာဖြစ်လို့ ကိုယ့်ကိုသိပ်သွားစေချင်တာလဲ''

''ဟင်''

မထင်မှတ်တဲ့အမေးကြောင့် သူမမျက်နှာပေါ် အရောင်တစ်မျိုး ဖြတ်ပြေးသွားတယ်။ သူမ သက်ပြင်းချရင်း ကျွန်တော့်ကို မကြည့်ဘဲပြောတယ်။

''ကိုကို မိဘတွေကို တွေ့ချင်နေမှန်းသိလို့ပေါ့၊ ဝိုင်းလည်း အမေ့ကို တွေ့ချင်နေတာပဲလေ၊ ဒါပေမဲ့ ဝိုင်းက အိမ်ပြန်လို့မဖြစ်သေးဘူး၊ ဒါကြောင့် ပြန်ခွင့်ရမယ့် ကိုကို မိဘတွေနဲ့တွေ့ဖို့ ပြန်စေချင်တာ၊ လင်မယားနှစ်ယောက် စလုံး မိဘတွေနဲ့ မတွေ့ခွင့်မရတောင် တစ်ယောက်ပြန်ခွင့်ရလည်း မနည်းဘူး လေ''

''ဝိုင်းပြောတာလည်း မှန်ပါတယ်၊ ဒါပေမဲ့ ကိုယ့်စိတ်ထဲမှာ နောက်ဆံတင်းနေတယ်၊ ပြီးတော့ ရင်ထဲမှာ မရှင်းတာတစ်ခုက..''

ကျွန်တော် စကားရပ်သွားချိန်မှာ သူမက ကျွန်တော့်မျက်နှာကို ဖျတ်ခနဲ မော့ကြည့်တယ်။

''ဘာလဲ..ကိုကို''



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ"

"အစ်မရေ..တအုပ်အပ်မယ်ဗျို့"

တိုက်တိုက်ဆိုင်ဆိုင် တအုပ်အပ်မယ့်လူ ရောက်လာလို့ ကျွန်တော်တို့ စကားပြတ်သွားတယ်။

ကျွန်တော်လည်း ရင်ထဲက မတင်မကျ ခံစားချက်တွေကို ပြန်ပြီး မျိုချပစ်လိုက်တယ်။

■



## ၂

"ဟယ်..ဆရာ ဘယ်ကိုလဲ"

"ပြည်က မိဘတွေဆီ ခဏသွားမလို့၊ ရီတာရေ"

"ရီတာလည်း ပေါင်းတလည်သွားမလို့၊ ပြည်ကိုပဲပေါ့၊ ဆရာ ဒီကား စီးမှာလား"

"ဟုတ်တယ် ရီတာ"

"ဟယ်..တိုက်ဆိုင်လိုက်တာ၊ ရီတာလည်း ဒီကားပဲ လက်မှတ်ဝယ် ထားတာ ဆရာရဲ့"

သူနဲ့ကျမှ တိုက်တိုက်ဆိုင်ဆိုင်လို့ ညည်းရမလိုပဲ။ ရီတာနဲ့မှ ကြံကြံ ဖန်ဖန် ဆုံပါတယ်။ ခုံနံပါတ်တွေ ကြည့်လိုက်တော့လည်း အံ့သြဖို့ကောင်း တာက ချင်းယှဉ်လျက် ဖြစ်နေပြန်တယ်။

"နတ်သိကြားတွေက တမင်များ ဖန်ဆင်းပေးသလားမသိဘူးနော်၊ ဆိုင်လိုက်တာ ဆရာရယ်"

ရီတာက အံ့သြဝမ်းသာစွာ ရေရွတ်တယ်။

ကျွန်တော်တို့ ကားပေါ်တက်ဖို့ ကားဘေးမှာရပ်စောင့်ရင်း စကား နေကြတာပါ။ထပ်ပြီး တိုက်ဆိုင်ချင်တော့ အဲဒီအချိန်မှာပဲ အပျိုကြီး ဇင်မာသန်းက လှည့်ပြုသလို ကျွန်တော်တို့နား ရောက်လာတယ်။

"တဲ့..နေနိုင် ဘယ်သွားမလို့လဲ"

"ပြည်ကို မဇင်မာရဲ့၊ ပိုင်း မလိုက်ဖြစ်လို့ ကျွန်တော် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်းသွားမှာ၊ မဇင်မာ ဘယ်လာတာလဲ''

''နယ်ပြန်မယ့် လူကြီးကို ပစ္စည်းလာပို့တာပါ''

ဇင်မာသန်းက ကျွန်တော့်ကိုပြောနေပေမယ့် မျက်လုံးအကြည့်တွေ ကတော့ ရီတာဆီမှာပါ။ သူ ကျွန်တော်တို့အပေါ် တစ်မျိုးမြင်သွားသလား တွေးလိုက်မိပေမယ့် ဘယ်လိုမှရှင်းပြဖို့ အခွင့်အရေး မရလိုက်ဘူး။

အပျိုကြီးက သုတ်သီးသုတ်ပြာနဲ့ ပြန်ထွက်သွားလို့ပါ။အင်း..ဝိုင်းကို ဘာမှသွားမပြောမိပါစေနဲ့လို့ ဆုတောင်းရတော့မှာပဲ။

ကျွန်တော့်ရဲ့ နယ်အပြန်လမ်းတစ်လျှောက်လုံး မတင်မကျ အတွေးတွေ စိတ်ယောမှုတွေအပြင် ရီတာရဲ့ ပေါက်ပေါက်ဖောက်သလို စကားပြောလာ တဲ့အဏ်ကိုလည်း ခံရပါသေးတယ်။

ထုံးစံအတိုင်း သူမရဲ့ခံစားမှု ရင်ဖွင့်သံတွေပါ။

ပြည်ရောက်တော့ ဘယ်ရက်ပြန်မှာလဲ ရီတာ မေးလို့ တနင်္လာနေ့ မနက် လို့ ကျွန်တော်ဖြေလိုက်တယ်။ သူမနဲ့လမ်းခွဲပြီးမှပဲ ကျွန်တော်နားညည်း သက်သာ သွားတယ်။

''ဟဲ့..နေနိုင်သူ၊ နင်တစ်ယောက်တည်းလား၊ မိန်းမရော''

''အနီးကပ်သင်တန်းတက်နေလို့ အမေရဲ့၊ နောက်တစ်ခေါက် လိုက်နိုင်လိမ့်မယ်''

''ခေါ်ခဲ့ရောပေါ့ကွယ်၊ အမေတို့တစ်အိမ်လုံး မျှော်နေကြတာ''

စနေ၊ တနင်္ဂနွေ နှစ်ရက်လုံးလုံး မိတ်ဆွေမျိုးတွေနဲ့ ပြန်ဆုံရပေမယ့် ကျွန်တော် ဝမ်းပန်းတသာ မရှိလှဘူး။ ဝိုင်းမပါလာတာကြောင့် ဖြစ်တဲ့အပြင် သူမ နောက်ဆံတင်းနေတာကြောင့်ပါ။

ဒါကြောင့် တနင်္ဂနွေနေ့ညမှာ ကျွန်တော် ကိုဝေဦးရဲ့ ဖုန်း ဆက်ကြည့်လိုက်တယ်။ ဝိုင်းအခြေအနေသိချင်တာကြောင့်ပါ။

''ကျွန်တော် မနက်ပြန်လာမယ် ကိုဝေဦး၊ ပြည်က ဘာလ ဆောင်မှာချင်သေးလဲ''

''မမှာချင်တော့ပါဘူးဗျာ၊ ဘာလဲ..ဝိုင်းအကြောင်းသိချင်လို့မဟုတ် လား





ကောင်းပါတယ်ဗျ၊ လန်းလန်းဆန်းဆန်းပါပဲ''

''ထူးခြားဖြစ်စဉ်လေး ဘာလေးရော ရှိသေးလား ကိုဝေဦး''

ကျွန်တော် သူ့ကို ကိုကိုကျော် လာသွားကြောင်း ပြောပြဖူးသလို၊ ကျွန်တော်မရှိတုန်း လာခဲ့ရင်လည်း စောင့်ကြည့်ပေးဖို့ အကူအညီတောင်း ခဲ့တာပါ။

ကိုဝေဦးက ခေတ္တတွေဝေနေပြီးမှ..

''အေးဗျ..ခင်ဗျားပြောတဲ့ ဟိုလူပဲထင်တယ်၊ သူကြီးသား လိုလိုလူ တစ်ယောက် မနက်က လာသွားသေးတယ်''

''ဟင်..ဘာလာလုပ်တာလဲ ကိုဝေဦး အဲ..သူ အကြာကြီး နေသွားတာလား''

''မကြာပါဘူးဗျ၊ ခင်ဗျားမှာခဲ့လို့ ကျွန်တော် သေချာစောင့်ကြည့်ပါ တယ်၊ ဈေးဆိုင်လေးထဲမှာ ခဏပဲနေပြီး ပြန်သွားတာပါ၊ ဒါနဲ့ ဝိုင်းကို ကျွန်တော် ဘာပြောပေးရမလဲ''

''နေပါစေ ကိုဝေဦး၊ ဘာမှမပြောပါနဲ့တော့''

ကိုဝေဦးနှယ်နဲ့ ဖုန်းပြောပြီး ကျွန်တော့်ရင်ထဲမှာ သံသယဆန်ဆန် အတွေးတွေ ဝင်ရောက်လာကြပြန်တယ်။ဒါပေမဲ့ ကျွန်တော် ချက်ချင်းပဲ ဖြေဖယ်လိုက်တယ်။

ဟင့်အင်း.. မတွေးနဲ့။ သူမအပေါ် အထင်အမြင်လွဲမှားတဲ့ အတွေးမျိုး တွေးမိစေနဲ့။

အဲ့ဒီညက ကျွန်တော် တစ်ညလုံးအိပ်မပျော်ပါဘူး။

နောက်နေ့မနက်မှာတော့ အိမ်ပြန်လက်ဆောင်တွေ သယ်ပိုးပြီး ကျွန်တော် ပြန်ဖို့ ကားဂိတ်ဆင်းလာခဲ့တယ်။ ကားဂိတ်မှာ ကျွန်တော့်ကို စောင့်ကြိုနေသူက ရီတာပါ။

''ဆရာ ဒီနေ့ပြန်မယ်ဆိုလို့ ရီတာ တမင်လာစောင့်နေတာ''

''လာနှုတ်ဆက်တာလား ရီတာ''

''မဟုတ်ဘူး၊ ရီတာပါ ရန်ကုန်ပြန်မလို့လေ၊ အဟဲ..လမ်းမှာ ဆရာနဲ့ စကားပြောသွားကြတာပေါ့''

''အဲ''



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို..
ဗင်းပန်မိတဲ့အခါ
ချက်ချင်းပဲ
ဆွဲဖြုတ်ပစ်လိုက်ပါ။

ငါကောက်ရခဲ့ရင်လည်း
ဗတ်ုဗဆိုင်းဘဲ
ပြန်လွှင့်ပစ်ပါ့မယ်။

'သံသယပန်း' ဆိုတာ
ချစ်သူတွေအကြားမှာ
အန္တရာယ်များလှပါရဲ့...။



# ၃

''ဆရာကလည်း တက္ကစီတစ်စီးတည်း အတူငှားပြန်ရင် ကားခ သက်သာတာပေါ့ ဆရာရဲ့''

''ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုယ်ဝင်စရာရှိလို့ ရိတာရဲ့၊ ရိတာပဲ အရင်ပြန်နှင့်လိုက်ပါ''

တစ်လမ်းလုံး နားငြီးခံလာရတာ တော်လိုက်ပြီလို့ ဆုံးဖြတ်ပြီး ရိတာ့ကို တက္ကစီပေါ် ကျွန်တော် တင်ပေးလိုက်တယ်။ ကားထွက်သွားမှ စိတ်အေးလက်အေး သက်ပြင်းချလိုက်ပြီး နောက် တက္ကစီတစ်စီးငှားဖို့ ဘေးဘီ ဝဲယာကို ကျွန်တော် ကြည့်လိုက်တယ်။

''ဟင်...ဝိုင်း''

ပခုံးလွယ် ပိုက်ဆံအိတ်လေးကို ရင်ခွင်မှာပွေ့ပိုက်ပြီး ခပ်လှမ်း လှမ်းမှာ လက်ပိုက်ရပ်နေတဲ့ သူမက ကျွန်တော့်ကို မမိုတ်မသုန်စိုက်ကြည့်နေ တယ်။

လေအဝှေ့မှာ သူမရဲ့ ပွပွချောင်းချောင်း ချည်အင်္ကျီအဖြူနဲ့ ခပ်တိုတို ဝတ်ထားတဲ့ လုံချည်အနားစတွေ တဖျပ်ဖျပ်လှုပ်ခတ်နေကြတယ်။

ကျွန်တော်ဟာ အိပ်မက် မက်နေသူတစ်ယောက်လို၊ စပါးကြီးမြွေ ညှို့ငင်ခံထားရသူတစ်ယောက်လို သူမရှေ့ကို တရွေ့ရွေ့ တိုးသွားနေမိတယ်။

''အံ့ဩသွားလား ကိုကို''

''ဝိုင်း''

''ကိုဝေဦးက ကိုကို ဒီနေ့ပြန်ရောက်မယ် ပြောလို့လေ၊ အိမ်က တော့ရှင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေမယ့် ဝိုင်း ဘယ်လိုမှ အိမ်မှာနေလို့မရဘူး ကိုကို၊ အချိန်တန်ရင် ဘာမှမဖြစ်ခဲ့တဲ့ သစ္စာရှိ လင်ယောကျ်ားတစ်ယောက် ပုံစံမျိုးနဲ့ ကိုကို အိမ်ပြန် လာမယ်ဆိုတာ သိပါတယ်။ ဒါပေမဲ့ ဝိုင်း ဘယ်လိုမှ သည်းခံစောင့်ဆိုင်းနေ လို့မရဘူး။ ရင်ထဲမှာ သံသယတွေနဲ့ ပူလောင်နေတယ်။ ဒါကြောင့် အဝေးပြေး ဂိတ်ကို ဝိုင်းထွက်လာတာ"

"ဝိုင်း ဘာတွေပြောနေတာလဲ"

နားလည်အောင် ကြိုးစားကြည့်ပေမယ့် ကျွန်တော် ဘယ်လိုမှ သဘောမပေါက်ဘူး။

ဝိုင်းက နာနာကျင်ကျင် အပြုံးမျိုးကို ပြုံးလိုက်တယ်။

ကျွန်တော်နဲ့ သူမ အိမ်ထောင်ဦးကာလမှာ တစ်ခါမှ မတွေ့မြင်ဖူးခဲ့တဲ့ အပြုံးမျိုးပါ။

"မဇင်မာသန်းက ဆံပင်ရွှေဝါရောင်ဆိုးထားတဲ့ ကောင်မလေး တစ်ယောက်နဲ့ တွေ့ခဲ့တယ်လို့ပြောတုန်းက ကျွန်တော် မယုံခဲ့ဘူး၊ ရီတာ့အိမ်သွား မေးတော့ ပြည်ကိုသွားတယ်လို့ ပြောတော့လည်း မထင်ခဲ့မိဘူး၊ ခုတော့ ယုံရပြီပေါ့ ကိုကို၊ အဝေးပြေးကားပေါ်က နှစ်ယောက်အတူ ဆင်းလာကြ တယ်။ ပြီးတော့ ရီတာ့ကို ကားငှားပေးပြီး အရင်ပြန်လွှတ်လိုက်တယ်။ အဟင်း..ကိုကိုက သိပ်အိုက်တင်ကောင်းတာပဲနော်၊ ပြည်မှာ ကိုကိုတို့ နှစ်ယောက် ပျော်ခဲ့ကြရဲ့လား"

"ဝိုင်း..မင်း အထင်မှားနေပြီ"

"အထင်မမှားပါဘူး ကိုကိုရဲ့၊ ဝိုင်းက အထင်တွေကိုပြောနေတာ မဟုတ်ဘူး၊ **အမြင်တွေကို ပြောနေတာ**"

ကျွန်တော် မိတ်ပျက်လက်ပျက်နဲ့ ခေါင်းခါယမ်းလိုက်မိတယ်။ သူမ က အောက်နှုတ်ခမ်းကိုဖိကိုက်ရင်း အဝေးကို မျှော်ငေးနေတယ်။

"ရီတာနဲ့ ကားတစ်စီးတည်း စီးဖြစ်ခဲ့တာက မထင်မှတ်တဲ့ တိုက်ဆိုင်မှုပါ ဝိုင်းရဲ့"

"**အသွားရော အပြန်ပါ တိုက်ဆိုင်တာလား ကိုကို**"

"အင်း..အဲဒီလိုပြောရတော့မှာပဲ၊ အပြန်မှာတော့ ကိုယ်ပြန်မယ့် ရက်ကို သူလိုက်ပြန်တာပါ"

"ဒါဖြင့် ကိုကိုတို့နှစ်ယောက် နှစ်ဦးသဘောတူ အပျော်ခရီးထွက်ခဲ့ ကြတာမဟုတ်ဘူးပေါ့၊ ဒီလိုလား"





"အဲဒီအမှန်ပဲ၊ ပေးချင်တဲ့ သစ္စာပေး၊ ကိုယ် သူနဲ့ဘာဇာတ်လမ်းမှ မရှိဘူး ဝိုင်း ကိုယ်တို့ချင်း ရိုးရိုးသားသားပဲ"

သူမက ခြောက်ကပ်ကပ်ရယ်မောလိုက်တယ်။

"မျက်စိနဲ့ တပ်အပ်မြင်တာတောင် ရိုးရိုးပဲလို့ ငွတ်ငြင်းနေတုန်းပဲလား ကိုကို၊ ဝိုင်း ယုံရမှာလား"

"ယုံတာ မယုံတာက မင်းသဘောပါ ဝိုင်း၊ ဖြေရှင်းရမယ့် တာဝန်က ကိုယ့်တာဝန်ပဲ၊ ကိုယ် မင်းကို ဘာမှဖုံးကွယ်မထားဘူး၊ ဘာကိုမှလည်း ထိန်ချန်မထားဘူး။ တကယ်လို့ မျက်မြင်အခြေအနေ ကြောင့်သာ စွပ်စွဲကြကြေး ဆိုရင် ကိုယ် မင်းကို ပိုပြီးစွပ်စွဲသင့်တာပေါ့၊ ပိုပြီး သံသယဝင်သင့်တာပေါ့"

"ကျွန်တော့်ကိုလား ကိုကို၊ ကိုကိုက ဘာကိုစွပ်စွဲချင်တာလဲ"

မေးလာတဲ့သူမရဲ့လေသံက မာသလို တုံ့ပြန်လိုက်တဲ့ ကျွန်တော့်ရဲ့ လေသံကလည်းမာသွားတယ်။

"**မင်းနဲ့ကိုကိုကျော်ရဲ့ ဆက်ဆံရေးကိုလေ**"

"ဘာ"

"ကိုယ် ပြည်မသွားခင်တစ်ရက်က ကိုကိုကျော် မင်းဆီရောက် လာတယ်၊ မင်း သူ့ကို အအေးတစ်လုံး ဖောက်တိုက်လိုက်တဲ့အမြင် အိမ်ကထိး လည်း မြင်လိုက်သေးတယ်လေ၊ ကိုယ်အိမ်မှာမရှိတဲ့နေ့ကလည်း သူရောက် လာသေးတယ်၊ အဲဒါကို မင်းဘယ်လိုငြင်းမလဲ"

"ဟင်"

ကျွန်တော် မပြောချင်ပေမယ့်လည်း အခြေအနေအရ ဖွင့်ပြောလိုက် ရတယ်။ စွပ်စွဲချင်ပေမယ့် တုံ့ပြန်စွပ်စွဲလိုက်ရတယ်။

**သံသယဆိုတာ ရှင်သန်ပြီးရင် ဘယ်တော့မှ သတ်လို့မသေတဲ့ ကြက်မိုင်းဝင်တွေလိုမျိုးပါ။ ထိကိုင်တွယ်ငြိပြီးတာနဲ့ ခါချလို့မရတဲ့ ဆူးနွယ်တွေ လိုမျိုးပါ။**

ပြောနေရင်းမှာပဲ ကျွန်တော့်ရဲ့သံသယတွေက ပိုမိုအားကောင်းစွာ ရှန်းကြွလာကြတယ်။

"ကိုယ့်ကို သံသယဝင်ရလောက်အောင် ဘယ်မိဘတွေကမှ ကိုယ်နဲ့ မိုးတာကို စေ့စပ်လက်ထပ်ပေးဖို့ မကြိုးစားခဲ့ကြဘူး၊ ဒါပေမဲ့ မင်းနဲ့ကိုကို ကျော်ကိစ္စတော့



www.burmeseclassic.com

www.burmeseclassic.com



ခင်းမိဘတွေက လက်ထပ်ဖို့ စီစဉ်ခဲ့ကြတယ်။ စေ့စပ်ပေးဖို့ ကြိုးစားခဲ့ကြတယ်။ အမြင်တွေကြောင့် စွပ်စွဲကြကြေးဆိုရင် အမြင်တွေအပြင် သံသယဝင်လောက်စရာ အထင်တွေပါ အတိတ်တုန်းက မင်းတို့မှာရှိခဲ့ကြတယ် ဝိုင်း"

ကျွန်တော့်စွပ်စွဲမှုအဆုံးမှာတော့ ဝိုင်းမှာ ကြက်သေသေသွားသလိုမျိုး ဆွံ့အမိန်းမူးသွားသလိုမျိုး တွေတွေကြီး ငြိမ်သက်သွားတယ်။

"ကိုကိုကျော်ဟာ မင်းတို့အိမ်ကို ဝင်ထွက်ခဲ့ဖူးတယ် ဝိုင်း၊ သူ အိမ်ကိုအလည်လာတုန်း လူကြီးတွေမရှိတဲ့အခိုက်နဲ့ ကြုံကောင်းကြုံဖူးမယ်၊ ဆိုပါစို့..တစ်အိမ်လုံး ဘယ်သူမှမရှိဘဲ မင်းတို့နှစ်ယောက်တည်း ရှိနေကြ တုန်းမှာ"

"**တော်တော့** ကိုကို၊ ဆက်မပြောနဲ့တော့"

သူမ စူးစူးဝါးဝါး အော်လိုက်တာပါ။

သူမရဲ့မျက်နှာဟာ ဖြူဖျော့ပြီး နှုတ်ခမ်းတွေကတော့ တဆတ်ဆတ် တုန်ရီနေတယ်။

"ကိုကို ကျွန်တော့်ကို အရမ်းအထင်သေးတယ်"

"ဒါဟာ ငြင်းဆန်နေတာလား ဝိုင်း၊ ဒါမှမဟုတ် ဖြေရှင်းချက် ပေးနေတာလား"

"တော်ပါတော့ ကိုကို၊ ကျွန်တော် ဆက်မကြားနိုင်တော့လို့ပါ၊ တဆိတ်ကျေးဇူးပြုပြီး ကိုကို့စကားတွေကို ရပ်ပါတော့"

သူမ နားနှစ်ဖက်ကိုပိတ်ပြီး ကျွန်တော့်နားက ချာခနဲလှည့်ပြီး ထွက်ပြေးတယ်။

ကျွန်တော် လှမ်းအော်ပေမယ့် မရပ်ဘဲ ခပ်ဖြည်းဖြည်းမောင်းလာတဲ့ တက္ကစီတစ်စီးကိုတားပြီး လိုက်ပါသွားတယ်။ ကျွန်တော် ပြေးလိုက်ပေမယ့် မမီတော့ဘဲ တက္ကစီက တအားမောင်းထွက်သွားပါတယ်။

အဝေးပြေးကားရပ်ကွင်းရဲ့ အပြင်ဘက်မှာ ကျွန်တော်တစ်ယောက် တည်း ခေါင်းငိုက်စိုက်နဲ့ အကြာကြီးရပ်နေမိတယ်။ ရင်ထဲမှာတော့ အလွမ်းတွေ ကဟာနင့်တပိုးနဲ့ပါ။

အဲဒီညက ကျွန်တော် အိမ်မပြန်ဘဲ သူငယ်ချင်းစာရေးဆရာ တစ်ယောက်ရဲ့အိမ်မှာ သွားအိပ်တယ်။

စိတ်ညစ်လာတဲ့ ကျွန်တော့်ကို သူငယ်ချင်းက ကော်ဖီခါးခါးတွေ ဖျော်တိုက်



ချစ်သူကောက်ကြောင်း

ပါတယ်။

သူကိုယ်တိုင်ကတော့ ဝီစကီတွေ တစ်ခွက်ပြီးတစ်ခွက်သောက်ရင်း ကျွန်တော်ပြောသမျှကို ခေါင်းတညိတ်ညိတ်နားထောင်တယ်။

နောက်ဆုံးမှာတော့ သူက ခုလိုပြောတယ်။

"မင်းမှားတယ် နေနိုင်သူ၊ မင်းစွပ်စွဲတာ ဆန္ဒစောသွားတယ်။ တကယ်ဆို သူ့ကိုရှင်းပြဖို့ အခွင့်အရေးပေးသင့်တာပေါ့"...တဲ့။

အဲဒီညက ကော်ဖီခါးတွေသောက်ပြီး ကျွန်တော်တစ်ညလုံးမူးပါတယ်။



"တော်တော့ ကိုကို၊ ဆက်မပြောနဲ့တော့"

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနဲ့ဝေးရတဲ့အခါ
အိပ်မက်တွေလည်း
မသာယာတော့
လေညှင်းတွေလည်း
မချိုမြတော့
ရင်ဘတ်ပေါ်ကြွေကျတဲ့
ပန်းလှလှတွေတောင်
မမွှေးမြတော့ပါဘူး....။



CHAPTER 7

## (အလွမ်းနဲ့လိမ်းကျံတဲ့ဒဏ်ရာ)

ညဟာ ဆိပ်ဖလူးပန်းရနံ့တွေနဲ့ သင်းထုံနေပေမယ့် ကျွန်တော့်အတွက် တော့ မမွှေးမြတော့ပါဘူး။

ပြာလဲ့လင်းထိန်နေတဲ့လရောင်ဟာ အုန်းလက်များကတစ်ဆင့် မြေတလင်းဆီ ပြာဆင်းနေတယ်။

လသာပြီး လေတွေပြူးရင် အိပ်ပစ်လိုက်ချင်တယ်၊ဗိုဘဲ့ ကောင်မလေးရဲ့အသံကို တမ်းတနေမိပေမယ့် ကျွန်တော် မကြားခဲ့ရတာ ဘယ်လောက် တောင်ကြာခဲ့ပြီလဲ။

''ဝိုင်းက လသာလာရင် အလိုလိုအိပ်ချင်တယ် ကိုကိုရဲ့ မအိပ်အောင် ၄ပ်တုတ်ထထိုင်ရင်ထိုင်၊ ဒါမှမဟုတ် သီချင်းပြစ်ပြစ် ဆိုနေမှ''

''ဒါဖြင့်လည်း သီချင်းဆိုကွာ''

''ကိုကို ဘာသီချင်းနားထောင်ချင်လဲ''

''ဝိုင်းကြိုက်တာဆို''

''ဟုတ်ပြီ....ဒါဆို ငြိမ်ငြိမ်လေးနားထောင်နော် ဝိုင်းဆိုပြမယ်၊

**စိတ်တုံးလှတော်...**
**ရေပေါ်မျှောကာဝဲပါလို့**

www.burmeseclassic.com

www.burmeseclassic.com



**နဒီရေထဲမှာလှ**
**ပျံ့ဝဲကာချီပါလို့**
**တန်ညီညီတျှင်းတယ်လေး**
**ရေစင်းမှာချော်...''**

သူမက အသံနေအသံထားနဲ့အပြင် လေ့လျှော်တဲ့အမူအရာပါ လုပ်ပြ
ပြီးဆိုနေတာပါ။

''ဟ....ဘာသီချင်းကြီးလဲ ဝိုင်းရဲ့''

''အဲ့ဒါ လေ့တော်သံလေ၊ ကျောင်းတုံးက မသင်ရဘူးလား''

''ဟင့်အင်း မသင်ရပါဘူး။ သီချင်းကောင်းကောင်းလေးဆိုပါ ဝိုင်းရဲ့
အချစ်သီချင်းဖြစ်ဖြစ်၊ လွမ်းစရာလေးဖြစ်ဖြစ်''

''ဒါဆို ဂျာအေးသီချင်းဆိုပြမယ်လေ၊ ဒီထက်လွမ်းစရာကောင်း တာ
မရှိတော့ဘူး၊ ဂျာအေးခမျာ သူ့အမေရိုက်ပါလို့ ငိုရတာ မဆုံးတော့ ဘူးလေ''

ဝိုင်းက ဂျာအေးသီချင်းကို မပြီးနိုင်မစီးနိုင် ဆိုပြခဲ့လေရဲ့....။

အဲ့ဒီတုန်းကတော့ ကျွန်တော်တို့ရဲ့ ညည်းငြီးယံတာ ပျော်စရာကာလ
ဖြစ်ခဲ့ကြတာပါ။



# ၉

''ပြန်မလာဘူးလေ ကိုနေနိုင်ရဲ့၊ ကျွန်တော်တောင်ငှားထားတဲ့ မဂ္ဂဇင်း
အပ်မယ်လုပ်တော့၊ ခင်ဗျားတို့အိမ် မီးမှောင်နေလို့ အံ့ဩနေတာ ဗျ''

ကိုဝေဦးရဲ့အပြောကြောင့် ကျွန်တော့်တစ်ကိုယ်လုံး ထူပူသွားတယ်။

ဒါဆို မနေ့ညနေကတည်းက ဝိုင်း အိမ်ပြန်မလာဘူးပေါ့။

ကျွန်တော် နဲ့ အဝေးပြေးကားဂိတ်မှာ တွေ့ခဲ့ကြပြီး ကျွန်တော့်နားက
ထွက် ကြိုရာအငှားကားတစ်စီးပေါ် ပြေးတက်ခဲ့ပေမယ့် ဝိုင်း အိမ်ပြန်
တ်မလာတော့ ဘူးပေါ့။

ရုတ်တရက် ကျွန်တော့်ရင်ထဲမှာ မီးတောင်တစ်လုံး ပေါက်ကွဲသလို
ညံသွားတယ်။

မငယ်လေးတို့ မမိုးတို့ကိုသွားမေးတော့လည်း မသိကြဘူးလို့ ခေါင်းခါတယ်။

''ရှင်....ပြည်ပြန်မယ်ဆိုပြီး ရိတာနဲ့ အတူတူထွက်သွားတာလို့ သူ
င်နေတာ၊ အဲဒီနေ့က အိမ်မှာစောင့်ပါဆိုတာတောင် ပြောလို့မရဘူး၊
ပြေးကားဂိတ်မှာ သွားစောင့်မယ်ဆိုပြီး ထွက်သွားတာပဲ''

ရင်အပူအတွက် သက်သာလိုသက်သာငြား လျှောက်မေးပေမယ့်
တဲ့စကားတွေက စိတ်ဖြေနိုင်စရာ တစ်စက်မှမပါဘူး။

သဲလွန်စရလိုငြား အိမ်တံခါးကိုဖွင့်ပြီး အိမ်ထဲဝင်တော့ သူမရဲ့ ကိုယ်သင်းနံ့နဲ့
ရဲ့ အသုံးအဆောင်တွေက ကျွန်တော့်ကို အလွမ်းပိုအောင် ခြောက်လှန့်ကြလေရဲ့။

နားနှစ်ဖက်ကိုပိတ်ပြီး ကျွန်တော့်ဘေးက ပြေးထွက်သွားတဲ့ သူမရဲ့ ပုံရိပ်ကို
ပြိုင်ယောင်ရင်း ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်အောင် ခံစား ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီည စာအုပ်ဌားဖို့ရောက်လာတဲ့ ရီတာကပါ ဝိုင်းပျောက်နေကြောင်းသိသွားတယ်။

အပြစ်အပျက်ကို ကျွန်တော် အတိုချုံးပြီး ရှင်းပြလိုက် တော့ ရီတာက အပြစ်တင်တယ်။

''ဒါဆို....ဆရာမှားတာပေါ့၊ ဆရာ့စကားတွေက စွပ်စွဲသလို ဖြစ်သွားတာကိုး၊ ရီတာလည်း အိမ်ထောင်ကျခဲ့ဖူးတဲ့ မိန်းကလေးတစ်ယောက် ဆီ ဆရာရဲ့ မိန်းမတစ်ယောက်ဟာ အိမ်ထောင်ရေးဆိုတဲ့ စည်းဝိုင်းထဲ ရောက် သွားပြီဆိုရင် ဘယ်လောက်ပဲ ကိုယ်ချစ်ခဲ့သူနဲ့ပြန်တွေ့ပါစေ၊ အိမ်ထောင်ရေး စည်းကို ဖောက်ထွက်ရဲဖို့ အတော်ခက်ပါတယ်ဆရာ၊ ရီတာက ကိုယ်တွေ့ ပါ ဆရာပြောပုံအရဆို အဲ့ဒီ ကိုကိုကျော်နဲ့ကလည်း တူးတူးခါးခါးမုန်းခဲ့တာပါ၊ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး၊ ပြီးတော့ မဝိုင်းက ဆရာ့ကို သိပ်ချစ်တာလေ''

ကျွန်တော် ရီတာ့ကို ဘာမှပြန်မပြောနိုင်တော့ဘဲ ခေါင်းကို ငိုက်စိုက် ချထားလိုက်မိတယ်။

ကိုဝေဦးက ကျွန်တော့်ကို ပခုံးပုတ်ပြီး အားပေးတယ်။

''စိတ်ကိုအေးအေးထားပါ ကိုနေနိုင်သူ၊ ဝိုင်းမှာ သွားစရာမှမရှိတဲ၊ သူ့အိမ်ကို စိတ်ပြေလက်ပျောက် ခဏပြန်သွားတာပဲဖြစ်မှာပါ၊ ခင်ဗျား မနက် ကျတော့ သံလျင်ကိုလိုက်သွားလိုက်ပေါ့၊ ဒီနေ့တော့ မှောင်သွားပြီ အချိန်မရှိ တော့ဘူး''

ကျွန်တော့်သူငယ်ချင်း စာရေးဆရာအိမ်မှာ ညအိပ်ခဲ့ပြီး နောက် တစ်နေ့ တစ်နေကုန် မြို့ထဲလျှောက်သွားနေတာမို့ ညနေမှောင်ရီပျိုးစမှ အိမ်ပြန် ရောက်လာပြီး ဝိုင်းမရှိကြောင်း သိရတာပါ။

ရီတာ ကိုဝေဦးနှယ်အပြင် မငယ်လေးတို့ပါ လာရောက်အားပေးကြ ပေမယ့် အဲ့ဒီညက ကျွန်တော် ဘယ်လိုမှ အိပ်မပျော်ခဲ့ဘူး။

တစ်ညလုံး သူမရဲ့ပုံရိပ်ကို မြင်ယောင်ရင်း ကြေကွဲနာကျင်နေမိတယ်။

■



၄

''ဟင်''

ကျွန်တော်ဟာ ဘာလုပ်ရမှန်း မဝေခွဲနိုင်အောင် ဖြစ်နေမိတယ်။ ကျွန်တော်ရှိရာ ကားမှတ်တိုင်ဆီ တည့်တည့်ကြီးလျှောက်လာသူ ကိုကိုကျော် ကို ရင်ဆိုင်တွေ့ဆုံသင့်သလား။ ဒါမှမဟုတ် ရှောင်ထွက်သွားသင့်သလား။

တကယ်က ကျွန်တော်ဟာ ဝိုင်းရှိနိုင်မယ့် သံလျင်ကို အရင်သွားဖို့ စိတ်ကူးနဲ့ အိမ်ကထွက်လာတာပါ။

ဒါပေမယ့် လမ်းတစ်ဝက်အရောက်မှာ အလုပ်ပျက်တာတွေ များနေ တဲ့အတွက် မဂ္ဂဇင်းတိုက်ကို အကျိုးအကြောင်းဝင်ရှင်းပြဖို့ သတိရလိုက်တယ်။

ဒါကြောင့် မြို့ထဲက မဂ္ဂဇင်းတိုက်ကို အရင်ဝင် အကျိုးအကြောင်း ရှင်းပြခွင့်တောင်းပြီးမှ သံလျင်ဘက်သွားဖို့ ကားမှတ်တိုင်ကို ထွက်လာခဲ့တယ်။

အဲ့ဒီမှာ ကိုကိုကျော်ကို တွေ့လိုက်ရတာပါပဲ။

(မိုးလည်းမရွာဘဲ) ကျွန်တော့်အိမ်က ထီးကောက်ကြီးကို ခပ်ငိုက်ငိုက် ဆောင်းပြီး လျှောက်လာတဲ့သူဟာ သူ့အာရုံနဲ့သူမို့ ကျွန်တော့်ကို မတွေ့သေး ဘူး။

ကျွန်တော်ကသာ တွေ့ဆုံသင့်မသင့် ဝေခွဲမရဖြစ်နေတာပါ။

နောက်ဆုံး မမြင်ချင်ယောင်ဆောင်ဖို့ ဆုံးဖြတ်လိုက်တဲ့အချိန်မှာမှ သူ ကျွန်တော့်ကိုမြင်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ ကိုနေနိုင်"

နာမည်ခေါ်ပြီး ကျွန်တော်ရှိရာ လျှောက်လာတဲ့အပြင် ကျွန်တော် ပခုံး အတင်းဆွဲလှည့်တယ်။ မတွေ့ချင်လို့ တစ်ဘက်လှည့်နေတာကို အတင်း လာခေါ်တဲ့အတွက် ကျွန်တော် ထောင်းခနဲဖြစ်သွားတယ်။

ပြီးတော့ ဝိုင်းအတွက် ခံစားရတာတွေပါပေါင်းပြီး ကျွန်တော် ပေါက်ကွဲသွားပါတော့တယ်။

"ကဲ...."

ကျွန်တော် ချာခနဲလှည့်ပြီး သူ့မျက်နှာကို လက်သီးနဲ့ထိုးလိုက်တယ် သူ့ခန္ဓာကိုယ် ယိုင်ထွက်သွားပြီး လက်ထဲက ထီးပြုတ်ကျသွားတယ်။

"ဟာ...ဟော့လူ ဘယ်လိုလုပ်လိုက်တာလဲ"

"တရေးဆရာရဲ့လက်သီး ပြင်းမပြင်းပြလိုက်တာလေ"

သူ နှုတ်ခမ်းကို သုတ်လိုက်ပြီး ထီးကို ပြန်ကောက်လိုက်တယ်။

"ကျွန်တော် ခင်ဗျားကို နှုတ်ဆက်ရုံတင်ပါ၊ ပြီးတော့ ဝိုင်း နေကောင်းမကောင်းလည်း သိချင်လို့၊ ရန်မှုဖို့မဟုတ်ပါဘူး"

"ဝိုင်း...နေကောင်းလားသိချင်ရင် သူ့ရှိမယ့် သံလျှင်ကို သွားမေး သင့်တာ ကိုကိုကျော်၊ သူ ကျွန်တော့်ကိုစိတ်ဆိုးပြီး သူ့အမေအိမ် ပြန်သွား နှစ်ရက်လောက်ရှိနေပြီ"

"ဟင်...မဟုတ်သေးဘူးနဲ့တူတယ် ကိုနေနိုင်သူ"

"ဘာကြောင့်လဲ"

"ကျွန်တော် အခုပဲ ဦးလေးဦးကျော်ခေါင်တို့အိမ်ကို ရောက်ခဲ့သေး တယ် အဲ့ဒီမှာ ဝိုင်းမရှိဘူး"

"ဗျာ"

"တစ်ခုခုတော့မှားနေပြီ ကိုနေနိုင်သူ၊ ခင်ဗျားနဲ့ ကျွန်တော် စကား ပြောမှဖြစ်တော့မယ်၊ လာဗျာ တစ်နေရာရာသွားရအောင်"

ခဏနေတော့ ကျွန်တော့်တို့နှစ်ယောက် လက်ဖက်ရည်ဆိုင်တစ်ဆိုင် ရောက်သွားကြတယ်။

"ကဲ....ပြောပါဦး ကိုနေနိုင်၊ ဘယ်လိုဖြစ်ကြတာလဲ"

"ဖြစ်ပုံကိုပြောရင် ဟော့ဒီထီး ခင်ဗျားဆီ ဘယ်လိုရောက်နေသလဲ





ဆိုတာက အရင်စရလိမ့်မယ် ကိုကိုကျော်"

"အင်း....ဒီထီးက ခင်ဗျားတို့အိမ်လာရင်း နေပူလွန်းလို့ ဝိုင်းဆီက ငှားဆောင်းခဲ့တဲ့ထီးပါ၊ နောက်တစ်ကြိမ် ထပ်သွားတုန်းကလည်း မေ့ပြီး ပြန် ပေးဖြစ်ခဲ့ဘူး"

"ဒါဆို ကျွန်တော်မရှိတုံး ကျွန်တော့်အိမ် နှစ်ခေါက်ရောက်ခဲ့တာ ကို ခင်ဗျားဝန်ခံတယ်ပေါ့"

ကျွန်တော် လေသံမာမာနဲ့မေးလိုက်တော့ ကိုကိုကျော်က တည်တည် ငြိမ်ငြိမ်ခေါင်းညိတ်တယ်။

"ဘာဝန်မခံစရာရှိသလဲ၊ ကျွန်တော် ခင်ဗျားနဲ့တွေ့ချင်လို့ ခင်ဗျား အိမ်ကို သွားခဲ့တာပဲ၊ ဖြစ်ပုံက ဒီလိုပါ၊ ဝိုင်းအမေက ဝိုင်းကိုတွေ့ချင်လို့ ခင်ဗျားဆီမှာ ခွင့်တောင်းပြီးခေါ်ပေးဖို့ ဝိုင်းအမေက အကူအညီတောင်းတယ်၊ ဒါကြောင့် ကျွန်တော် ခင်ဗျားအိမ်ကိုလာရတာပဲ၊ ဒါပေမယ့် ခင်ဗျားမရှိဘူး၊ ဝိုင်းကလည်း သူ့အမေက သွေးရိုးသားရိုး တွေ့ချင်တယ်ဆိုတာကို မယုံဘူး၊ ဒါကြောင့် ကျွန်တော်ပြန်ခဲ့ရတယ်၊ အပြန်မှာ နေပူလို့ ထီးတစ်ချောင်းငှားပြန် ခဲ့တယ်။

ဝိုင်းအမေကို အကျိုးအကြောင်းပြန်ပြောပြတော့ ဝိုင်းယုံအောင် စာတစ်စောင်ရေးပေးတယ်။ သူ တကယ်နေမကောင်းဖြစ်နေတဲ့အကြောင်းပါ ထည့်ရေးပေးလိုက်တယ်။ အဲ့ဒီစာကို နောက်တစ်ခေါက် ထပ်သွားပေးတော့ ခင်ဗျား နယ်သွားတယ်လို့ ဝိုင်းကပြောတယ်။ ခင်ဗျားပြန်လာမှ တိုင်ပင်ပြီး လာသင့်မလာသင့် ဆုံးဖြတ်မယ်လို့လည်းပြောတယ်။ ကျွန်တော် ခင်ဗျားအိမ် ရောက်ရတဲ့အကြောင်းက အဲ့ဒါပဲ"

ကျွန်တော် သက်ပြင်းချလိုက်ပြီး အဝေးပြေးကားဂိတ်တုံးက စွပ်စွဲ လိုက်မိတဲ့အကြောင်းတွေ အတိုချုပ်ပြန်ပြောပြလိုက်ရတယ်။

နားထောင်ပြီး ကိုကိုကျော်က ခေါင်းယမ်းတယ်။

"ခင်ဗျားစွပ်စွဲလိုက်တာဟာ သူ့အတွက် အနာပေါ်တုတ်ကျသလို ဖြစ်သွားရတာပဲ ကိုနေနိုင်သူ၊

ဒီလိုဗျ ဝိုင်းကို ယယ်ယယ်လေးကတည်းက ကျွန်တော် တစ်ဝက် သတ်ကြိုက်ပြီး နောက်ပိုးပိုးခဲ့တာ၊ သူကတော့ တူးတူး ခါးခါးမုန်းတယ်၊ တစ်နေ့ ကျွန်တော် သူတို့အိမ်ရောက်သွားတယ်၊ ခင်ဗျား ရမ်းပြီး စွပ်စွဲလိုက်သလိုမျိုး အဲ့ဒီနေ့က



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေရော ကျွန်တော့်ဦးလေးပါ အိမ်မှာမရှိဘူး။

ကျွန်တော်က သူ့ကို ချစ်ရေးဆိုတယ်၊ ထွက်ပြေးမယ်လုပ်တော့ သူ့လက်ကို ကျွန်တော်ဆွဲထားတယ်၊ အဲဒီအချိန်မှာ ဦးလေးတို့ပြန်ရောက်လာပြီး ကျွန်တော်တို့အဖြစ်ကို တွေ့သွားတယ်။ ရှင်းရှင်းပြောရရင်တော့ လူကြီးတွေက ကျွန်တော်တို့အပေါ် အထင်လွဲသွားတယ်ထင်တာပဲ၊

ချက်ချင်းပေးစားမယ်ဆိုပြီး စီစဉ်တယ်၊ အဲ့ဒီအဖြစ်ကို သူက အရမ်းနာကြည်းသွားခဲ့တယ်။ ကျွန်တော့် အပေါ်လည်း သတ်ပစ်ချင်လောက်အောင် အခဲမကြေဖြစ်သွားခဲ့တယ်။

သူ အိမ်ကထွက်ပြေးရတာတောင် အဲ့ဒီကိစ္စတွေပါတယ် ကိုနေနိုင်သူ။ သူ ကျွန်တော့်ကို မုန်းလွန်းတဲ့အတွက် ကျွန်တော်နဲ့စပ်စွဲတာကို ဆက်ဆက်ထိမခံနိုင်အောင် ဖြစ်ရတာပဲ”

စကားဆုံးတော့ သူရော ကျွန်တော်ပါ ငြိုင်တူလိုလို သက်ပြင်းချလိုက်မိတယ်။

ပြီးတော့ စကားတစ်ခွန်းကို နှစ်ယောက်စလုံး ရေရွတ်လိုက်မိ တယ်။

**“အဖြင့်....ဝိုင်း....အခု ဘယ်ရောက်နေသလဲ”**



CHAPTER 8

## ကျွန်တော်နှင့်သူယောင်မယ်

“ပြဿနာ ဖြစ်တုန်းကတော့ ငါ့ကို လာအသိမပေးကြဘဲနဲ့၊ ငါ့ကို လာမတိုင်ဘဲ ထင်ရာလုပ်ခဲ့ကြပြီး ခုမှ ဝိုင်းဘယ်မှာလဲမေးလို့ ငါ ဘယ်လို ပြေနိုင်မှာလဲ နေနိုင်ရဲ့”

ဒေါသကြောင့် မာကျောကျယ်လောင်နေတဲ့ ဘကြီးရဲ့စကားသံက ကျွန်တော့်ရဲ့ နောက်ဆုံးမျှော်လင့်ချက်ကို ပျက်သုန်းကြေမွသွားစေပါတယ်။

“ကျွန်တော်က ဘကြီးဆီတော့ ရှိမှာပဲထင်ပြီး လာခဲ့တာပါ”

ဘကြီးက အံကြိတ်ရင်း ဧည့်ခန်းထဲမှာ ခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်နေတယ်။ပြီးမှ တက်တစ်ချက်ခေါက်ရင်း....

“အခု....ဘယ်လိုလုပ်ကြမလဲ၊ ဒီကလေးမ စိတ်ပေါက်ပေါက်နဲ့ ထင်ရာမြင်ရာတွေလျှောက်သွားပြီး တစ်ခုခု ဖြစ်သွားမှဖြင့် သူ့အမေနဲ့ပထွေးကို ငါ ဘယ်လို မျက်နှာချင်းဆိုင်ရမလဲ နေနိုင်သူ”

ဘကြီးရဲ့စကားက တငွေ့ငွေ့လောင်မြိုက်နေတဲ့ ရင်ထဲက အပူမီးကို ဝုန်းခနဲတောက်လောင်သွားစေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားမလို့...သူမ ဘာမှမဖြစ်ပါစေနဲ့။

ကျွန်တော် ဆောက်တည်ရာမဲ့ အတွေးတွေနဲ့ ထူပူပြီး ဘာဆက်လုပ်ရမှန်းမသိအောင် ဖြစ်သွားရတယ်။ ဘကြီးကိုလည်း အားကိုးတကြီးမေးလိုက် တယ်။

"ကျွန်တော် ဘာလုပ်ရမလဲဘကြီး။ရဲစခန်းမှာ လူပျောက်သွားတိုင်ရမလား"

"တိုင်ရမှာပေါ့။လူပျောက်တိုင်ရုံတင်မဟုတ်ဘူး။ဆေးရုံတို့ ရေခဲတိုက်တို့ လိုက်ရမယ်၊ သတင်းစာထဲလည်း ကြော်ငြာထည့်သင့်တယ်"

"ဒါဆို...."

ကျွန်တော် ဖုန်းခနဲထရပ်လိုက်တော့ ဘကြီးက ခေါင်းယမ်းတယ်။

"လုပ်စရာတွေများပေမယ့် ခုချိန်တော့ ဘာမှလုပ်လို့မရတော့ဘူး မိုးချုပ်နေပြီကွ၊ မနက်မှပဲ စောစောထပြီး ဗိုကားနဲ့ သွားကြတာပေါ့၊ သတင်းစာထဲ ကြော်ငြာထည့်ဖို့ စာသားတွေ ဒီညစဉ်းစားထား။ အားလုံးခွင့်လွှတ်တယ်ဆိုတာ မျိုးတွေ သွားမလုပ်နဲ့၊ မင်းစွပ်စွဲလိုက်တာတွေ မှန်သလိုဖြစ်နေဦးမယ်"

"ကျွန်တော့်ဘက်က မှားပါတယ်လို့ပဲ ထည့်ရမှာပေါ့ ဘကြီးရဲ့ တကယ်လည်း မှားခဲ့တာပါ"

ကျွန်တော် နာကျင်ကြေကွဲသံနဲ့ ဘကြီးကိုပြောလိုက်တယ်။

BURMESE CLASSIC .com

ညဟာ ဆိပ်ဖလူးပန်းရနံ့တွေနဲ့ သင်းထုံနေပေမယ့် ကျွန်တော့် အတွက်တော့ မမွှေးမြတော့ဘူး။

ပြာလဲ့လင်းထိန်နေတဲ့လရောင်ဟာ အုန်းလက်ချားကတစ်ဆင့် ... တလင်းဆီ ပြာဆင်းနေတယ်။

လသာပြီး လေတွေဖြူးရင် အိပ်ပစ်ချင်တဲ့ ကောင်မလေးရဲ့အသံ... တမ်းတနေမိပေမယ့် ကျွန်တော် မကြားခဲ့ရတာကြာပါပြီ။ အိပ်ရာပေါ်မှာ လူးလိမ့်... အိပ်မပျော်နိုင်တဲ့အတူတူ ကျွန်တော် အိပ်ကြီးပေါ်ကဆင်းပြီး ခြံထဲထွက်လာခဲ့တယ်။

ခြံထောင့်က ဒန်းလေးဆီဝင်လာပြီး ဝင်ထိုင်လိုက်တယ်။

ပြီးတော့ သူမကို လွမ်းဆွတ်တဲ့အတွေးတွေနဲ့ ကျွန်တော် နစ်မျော... မိတယ်။ အတွေးတွေထဲ ဘယ်လောက်ကြာအောင် မိန်းမောနေမိတယ်မသိဘူး သီချင်းညည်းသံ တိုးတိုးလေးကိုကြားမှ ကျွန်တော် ဖျတ်ခနဲသတိပြန် ဝင်လာတယ်။





***"ဗိုန်တုံးလေ့တော်....ရေပျော်မျှောတာဝဲပါလို့...."***

"ဟင်"

ကျွန်တော် အိပ်ရာက ပုတ်အနိုးခံရသူတစ်ယောက်လို လန့်နိုးလာပြီး ...ဘီဝဲယာကို ကြည့်လိုက်ပေမယ့် ဘာမှမတွေ့ရပါဘူး။

ဒါဟာ...ကျွန်တော် စိတ်စွဲတာပဲဖြစ်မှာပါ။

ကျွန်တော် စိပ်ပျက်လက်ပျက်နဲ့ ဒန်းပေါ်ကထရပ်လိုက်တယ်။ ...အချိန်မှာပဲ....

"မလှုပ်နဲ့နော်၊ နည်းနည်းလေးလှုပ်လိုကတာနဲ့ ဟော့ဒီသေနတ်ထဲက ...ည်ဆံတွေ ခင်ဗျားဆီကို အတားအဆီးမရှိ ပျံသန်းလာကြလိမ့်မယ်"

ဒီတစ်ခါတော့ ကျွန်တော်စိတ်ထင်တာ မဖြစ်နိုင်တော့ပါဘူး။

"ဝိုင်း"လို့ အော်ခေါ်ပြီး အသံလာရာကို ကျွန်တော်ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့. . .

သုံးရက်လောက်သာ ခွဲခွာခဲ့ရတာဖြစ်ပေမယ့် ဝိုင်းဟာအံ့သြစရာ ...ကောင်းလောက်အောင် ဝိန်သွယ်သွားပါတယ်။

သူမဟာ ယဲ့ယဲ့လေးပြုံးပြီး ကျွန်တော်ရှိရာကို ဖြည်းဖြည်းလေးလှမ်း ...နေတယ်။

"ဝိုင်းရယ်"

ကျွန်တော် သူမကိုပြေးပြီးပွေ့လိုက် သူမက မျက်ရည်တွေဝဲပြီး ...တိုးလေးမေးတယ်။

"ကိုကို...ကျွန်တော့်အပေါ် သံသယဝင်နေတုံးလားဟင်"

"ဟင့်အင်း....မဝင်တော့ပါဘူး ဝိုင်းရယ်၊ အဖြစ်မှန်ကို ကိုယ် ...လုံးသိပြီးပါပြီ၊ ကိုယ်မှားပါတယ် ဝိုင်း"

"ဝိုင်းလည်းမှားတာပါပဲ၊ ရီတာနဲ့ စွပ်စွဲမိတာလေ"

"တော်ပါတော့ ဝိုင်းရယ်၊ အဲ့ဒီအကြောင်းတွေမပြောဘဲ နေကြရ အောင် ... ဝိုင်း ဘယ်မှာပုန်းနေတာလဲဟင်"

သူမက မျက်ရည်တွေကြားထဲက လှလှလေးပြုံးလိုက်တယ်။

"အပေါ်ထပ်လှေခါးထောင့်က ကျွန်တော် ပုန်းအိပ်နေကျ အခန်းထဲ မှာလေ ...ကိုပြောတာတွေ အကုန်ကြားသားပဲ၊ ဘာလို့ အဲ့ဒီအခန်းကို ကိုကို လာမရှာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ဘကြီးရဲ့အိုက်တင်က အရမ်းကောင်းနေတော့ မထင်မိဘူးလေ''

သူမက ခစ်ခနဲရယ်ပါတယ်။

''ကောင်းမှာပေါ့ ဝိုင်းသင်ပေးထားတာကိုး။ ဒါနဲ့ ကိုကိုကို သိပ်မေး ချင်နေတဲ့ မေးခွန်းတစ်ခုရှိတယ်''

''ဘာလဲဟင်''

''ကိုကို့ အမေက ဝိုင်းကို လှတယ်လို့ပြောရဲ့လား''

''ပြောတာပေါ့၊ သိပ်ချစ်ဖို့ကောင်းတာပဲ၊ ဒါကြောင့် ငါ့သားလေး စွဲလန်းနေတာဖြစ်မယ်တဲ့''

''ဟယ်....ဟုတ်ပဲနဲ့''

ကျွန်တော် သူမကိုဖက်လိုက်တော့ လက ပိုပြီးလင်းဖြာလာတယ် ဆိတ်ဖလူးရန့်တင်ဆောင်ထားတဲ့ လေတွေကတော့ တသွင်သွင်ပြုံးနေကြ ရဲ့...■



BURMESE CLASSIC .com

www.burmeseclassic.com